www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

သိမ်မွေ့နူးညံ့နက်နဲသော

BURMESE CLASSIC .com

(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၃၊ ဒီဇင်ဘာ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃
သိမ်မွေ့နူးညံ့နက်နဲသော /မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၃၆၀ - စ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) သိမ်မွေ့နူးညံ့နက်နဲသော


BURMESE CLASSIC .com

# မမသဒ္ဒါမောင်

# သိမ်မွေ့
# နူးညံ့
# နက်နဲသော

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းက ဖြိုးထိခဲ့ရင် 'ထွန်း' တို့ချစ်သူ ဖြစ်ဖို့ ထူထူးခဲ့မိမှာ တော်တော်ပါ။ ရှူတို့တည်ဆိုတာ ချစ်သူထဝမှာ... ရှိထင့်ရှိထိုက်တာ မှန်ဝေဖတ် အတိုင်းအတာထည် ပိုလွန်လာစဉ်မှာ ချစ်ခြင်း ထတ် ခေါ်ထထတ်တို့ ထူးပြောင်းသွားရတာလေ။ ထူထ အပ်တော်နေထွေးထူလွှဲပြီး စိတ်ခြန်လည် ခြန်ရှိနေတော့ အခတ်ထား...။

မိုးသူတ





သူက ခပ်အေးအေးသမားပါ။ ဒါပေမဲ့ သူချစ်တဲ့မိန်းကလေးကိုတော့ တီတီတာတာနဲ့ ချွဲချွဲနွဲ့နွဲ့ ပြောတတ်တဲ့ မိန်းကလေးမျိုးပဲ ဖြစ်စေချင်ခဲ့တာလေ။ သို့သော် ဆန်းပြားလိုက်တဲ့ ကံကြမ္မာနှယ်....မတုန်မလှုပ် ကျောက်ဆစ်ရုပ်လို ကောင်မလေးနဲ့မှ တွဲပေးရတယ်လို့ ...

နှင်းမြင့်မိုရ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရင်ထဲက စစ်မှန်တဲ့ချစ်ခြင်းနဲ့ ခေါင်းညိတ်လက်ခံမိခဲ့တာပါ။ အရာရာကို အလေးမထားတတ်၊ မငဲ့ညှာတတ်၊ ကိုယ်ချင်းမစာနာတတ်၊ မကြင်နာတတ်တဲ့သူနဲ့မှ ချစ်သူဖြစ်ခဲ့ရတယ်လို့။ သူလို အတ္တသမားနဲ့ ရှေ့ဆက်လက်တွဲဖို့ တော်တော်ကြီးကို စဉ်းစားရမှာ ထင်ပါရဲ့...။

သွန်းရွှေစင်





အချစ်ဆိုတာ... ပွင့်တ ဝန်ခံဖို့ လိုအပ်တဲ့အရာမှ မဟုတ်ဘဲ။ ရင်ထဲမှာ တိတ်တိတ်လေး မျိုသိပ်ထားသမျှ အရာအားလုံးဟာ သူ့အပေါ်ချစ်တဲ့ ကျွန်မရဲ့ချစ်ခြင်းတွေပါ။ ဒါကို မမြင်တတ်ဘဲ...သူ့ဖို့ ဥပေက္ခာပြုရတ်ရတယ်လို့....

ခင်နန်းထိုက်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



Something is better than nothing.

ဘာမှမရှိတာထက် စာရင် တစ်ခုခုရှိတာက ပိုကောင်းပါတယ်...

## အခန်း (၁)

ဝရံတာမှာ တစ်ယောက်တည်း ထွက်ရပ်နေမိ၏။ တိုက်ရှေ့မြင်ကွင်းကို အရှင်းသားမြင်နေရလေသည်။ ခြံထောင့်မှာ ထီးထီးကြီးရှိနေသည့်ခရေပင်မှ ခရေပန်းရနံ့က လေနှင့်အတူ လွင့်ပါလာ၏။ မွှေးလိုက်တာ. . . ခါတိုင်းဆို ဒီပန်းရနံ့လေး ရသည်နှင့် တစ်နေ့တာ ပင်ပန်းခဲ့သမျှ အမောတွေအားလုံး ပြေပျောက်သွားတာမှန်ပေမယ့် ယခုတော့မဟုတ်ပြီ။

'ချစ်တယ်'ဆို၊ ချစ်ခြင်းသာ စစ်မှန်ရင် အတူတိုတတ်တာလည်း ရှိရမှာပေါ့။ အခုတော့ မဟုတ်ပါလား။ 'သွန်း'ကချည်း Phone စခေါ်ရသလို စိတ်ကောက်ရင်လည်း သူက ပြန်မချော့။ ဒီတော့ ကိုယ့်ဘာသာကိုယ် ဘာကို စိတ်ကောက်လို့ကောက်မိ

www.burmeseclassic.com

www.burmeseclassic.com



မှန်းပင် မသိတော့ဘဲ ဘာသိဘာသာနဲ့ ပြန်စခေါ်ရတော့တာလေ။

ကိုယ်က ပိုချစ်မိလို့ ပိုခံစားရတာများလား။ သူ့ဘက်က တစ်ဖက်သတ် စီးပိုးပြီး သွန်းကိုဖြင့် မမြင်ကွယ်ရာမှာ ချောင်ထိုးထားသလိုနှယ်ပါ။ ပြောကြတာဖြင့် 'ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်ရတာ'ဆို။ ခုတော့ဖြင့် သွန်းဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ဖို့ပင် ဝေးလေစွ။ ဒီကချည်း မျှော်ရလွန်းလို့ လည်ပင်းလည်း ပြင်သစ်နိုင်ငံက 'အီဖယ်မျှော်စင်'လောက် ရှည်လှပြီလေ။

"သွန်းငယ်"

အိမ်ထဲမှ မမခေါ်သံကိုကြားလိုက်ရတာမို့ နှုတ်ခမ်းကို စူလိုက်မိပါ၏။ ကိုယ့်စိတ်နဲ့ကိုယ်တောင် မနေရပါလားနော်။ ရင်ထဲက Feel လေးတောင် ဘယ်ကိုလွင့်သွားပြီမှန်းပင် မသိတော့ပါချေ။ မမက အထက်တန်းကျောင်းဆရာမ 'ဒေါ်ယွန်းရွှေရည်' ပါ။ သွန်းနာမည်က 'သွန်းရွှေစင်'။

သွန်းတို့မိသားစုက သိပ်အချမ်းသာကြီးမဟုတ်ပါ။ မေမေ 'ဒေါ်ရွှေယဉ်'မှလွဲ၍ အိမ်ရှိလူကုန် အပြင်ထွက် အလုပ်လုပ်ကြပါ၏။ ဖေဖေ 'ဦးခင်ဇော်'က ကုမ္ပဏီတစ်ခုမှာ မန်နေဂျာချုပ်ရာထူးဖြင့် လုပ်နေပြီး၊ သွန်းကတော့ Shopping Mall တစ်ခု





မှာ Assistance Marketing Manager ဖြစ်ပါသည်။ မမကတော့ ဝန်ထမ်းမို့ ကလေးတွေကို စာပြသည့်အလုပ်သာရှိပြီး စိတ်အေးလက်အေး နေတတ်သူပါ။

"သွန်း"

"လာပြီ"

အသံလှမ်းပြုလိုက်ပြီး၊ ခြေလှမ်းကို မသယ်ချင်ပါဘဲ လျှောက်လာခဲ့၏။ အပေါ်ထပ်ဧည့်ခန်းစားပွဲမှာ စာရွက်စာတမ်းတွေ ရှုပ်ပွနေသလို စာကြည့်မျက်မှန်ဖြင့် အလုပ်ရှုပ်နေသည့်မမကို မြင်ရလေသည်။ ဆရာမပီပီ မမ ပြောတတ်၊ ဆူတတ်တာမို့ တော်ရုံနဲ့ ရှောင်လို့မရပါချေ။

"ဘာလဲဟင် မမ"

"Phone . . . ကိုင်လိုက်"

"အာ. . . အနီးလေးမှာရှိတာကို မကိုင်ဘဲ အပြင်ကလူတို့ ခေါ်ရလား"

"ဟဲ့! ငါ ဒီမှာ ကလေးတွေ စာမေးပွဲဖြေထားတာတွေ စစ်နေတာမမြင်ဘူးလား။ ဆယ်တန်းတွေဟဲ့. . . Cost ဖြတ်အောင် မနည်းအချိန်လုသင်နေရတာ။ ဒီကြားထဲ ကိုးတန်းကဆရာမတွေ ပင်စင်ယူတဲ့သူကယူ၊ ကျောင်းပြောင်းသူက ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



စာသင်ပေးမယ့်သူမရှိတာနဲ့ သွားသင်ပေးနေရသေးတယ်''

လာပါပြီ ဆူတဲ့အလုပ်။ အလုပ်မရှုပ်ရင် ကိစ္စမရှိ၊ အလုပ်ရှုပ်တဲ့အချိန်မှာတော့ သွားမလုပ်လေနဲ့၊ ဒေါ်ယွန်းရွှေရည်နှုတ်က စတင်းဂန်းဆွဲသလို တရစပ်ဆူသံတွေ ထွက်လာပြီလေ။

''ပြီးတော့ အိမ်မှာ Phoneလာရင် နင့်ကိစ္စတွေချည်းပဲဟာ''

''သွန်းဆီဆက်ရင် သွန်းPhone ကိုခေါ်မှာပေါ့ မမရဲ့''

''နင့် Phone ပိတ်ထားတော့ အိမ် Phone ကိုဆက်မှာပေါ့။ လျှာရှည်မနေနဲ့၊ ကိုင်လိုက်ဆို မြန်မြန်ကိုင်ပေါ့''

မျက်နှာကိုရှုပုပ်လိုက်ပြီး လေ့ကားအနီး Phone စင်ဘေးရှိခုံမှာ ဝင်ထိုင်လိုက်ပြီး Phone ကိုကိုင်လိုက်ပါ၏။ ဘယ်နှကြိမ်ခေါ်နေမှန်းမသိသည့် Phone က ဘာသံမှမကြားရတော့ပါလေ။ တွေ့လား . . . စောစောကတည်းက သူ့ဘာသာသူ ထကိုင်လိုက်ရင် ပြီးနေပြီကို။

''ဟဲ့! ဒါက ဘယ်လဲ''

''အသံမှမကြားရတော့တာ မမရဲ့''

''အဲဒါခေါ်သံကြားကတည်းက ဝင်လာပါလား။ ဒီအရွယ်ရောက်နေပြီ၊ ပြောနေရတုန်းပဲ''





ထထွက်ရန် ပြင်လိုက်စဉ် Phone သံက ထပ်မြည်လာတာမို့ စိတ်သပ်လိုက်မိ၏။ ဒီ Phone နဲ့ငါနဲ့တော့ တွေ့တော့မယ်။

''ဟဲလို''

''မယုမော်လား . . . လော့ကက်ကြည့်မယ်ဆို၊ အသစ်တွေ ရောက်နေလို့''

''Phone မှားနေပါတယ်''

''ဗွပ်! . . .''

''ဟဲ့ ! ဘယ်သူတဲ့လဲ''

''မယုတဲ့''

''ဩော် . . . ယုက ဟိုဘက်အိမ်တင်ကို . . . Phone နံပါတ်နောက်ဆုံးပြောင်းခေါ်ဖို့ ပြောလိုက်တာမဟုတ်ဘူး။ အဲဒီသွန်းဟာလေ''

''ကျစ်! . . . စိတ်ရှုပ်ပါတယ်ဆိုမှ မမရာ''

''နင်စိတ်မရှုပ်တဲ့အချိန်က ဘယ်မှာရှိလို့လဲ။ အလုပ်ကိစ္စလည်း အလုပ်မို့၊ ရည်းစားကိစ္စလည်း ရည်းစားမို့လို့၊ ငါ သိပ်မပြောချင်ဘူးနော်''

ကြည့်! လူကို သက်သက်မဲ့ လိုက်ဖဲ့နေပြန်ပါပြီ။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာကိုယ် ဘယ်သူနဲ့ပဲ စိတ်ဆိုး စိတ်ကောက်၊ သူ့အပူလားလို့၊ Phone က ထပ်မြည်လာပြန်လေ၏။ ဒီတစ်ခါတော့ မကိုင်ဘဲ ပေတေရပ်နေတာမို့ မမအော်ရန်ပြင်လိုက်စဉ် အောက်ထပ်မှ မေမေ့အသံ ထွက်လာလေသည်။

"သမီးငယ်ရေ Phone လာတယ် . . . သုတတဲ့"

ကဲ ! မျှော်နေတုန်း လူရောက်မလာဘဲ Phone ပဲခေါ်ရတယ်လို့၊ မကိုင်ဘူး . . . မပြောချင်ဘူးဟယ်။ ဘာဖြစ်လဲ၊ ဒင်းကို ဒီလိုမှတ်လောက်သားလောက် ပညာပေးမှကို ဖြစ်မှာ။

"ကြည့်! . . . ကိုင်လိုက်လေ"

"မကိုင်ပါဘူး"

"တွေ့လား . . . မေမေ့သမီး ကောက်နေပြန်ပြီမေမေရေ့၊ Phone မကိုင်ဘူးတဲ့"

"Hand set ဘာလို့မဖွင့်သလဲတဲ့။ သုတ မေးနေပြီ သမီးငယ်"

ငါနော် . . . သူလုပ်ပုံနဲ့ တစ်အိမ်လုံးက သွန်းတစ်ဦးတည်း စိတ်ကောက်နေတာကို အကုန်သိကုန်ပြီ။ အဲဒါကြောင့် ဒင်းကိုကြည့်မရတာ။ ကိုယ်တိုင် လာချော့မယ်မရှိ၊ မေမေတို့ မမတို့ကို နှစ်ခွန်းလောက်သာ လာပြောလိုက်ရင် ကိစ္စက ပြတ်





ပြီ။ နောက်ဆုံးတော့ ပြဿနာမရှာရပါဘဲ သွန်းကချည်း ပြန်ခေါ်ရတာမို့ လူလည်း အရှုံးလုံးလုံးဖြစ်နေရပြီလေ။

"သမီးငယ်"

"ဟာကွာ . . . ကျစ်! ကိုင်ပြီ မေမေရေ့၊ ကိုင်လိုက်ပြီ"

သွန်း ကိုင်မှပင် အောက်ထပ်က Phone ကို မေမေချမှာကို။ Phone ကိုကိုင်လိုက်စဉ် သူ့အသံက စိတ်မရှည်သလို ထွက်လာလေ၏။

"ဘာလုပ်နေလို့လဲ"

"ထိုင်နေတာ"

"Hand Phone ရော"

"Bettery ကုန်လို့ အားသွင်းထားတယ်"

"ဒါဖြင့် Message ပို့ထားတာ မကြည့်ရသေးဘူးပေါ့လေ၊ ဟုတ်လား"

အဲ . . . စိတ်တိုပြီး Phone ပိတ်ထားမိတာက သွန်းရဲ့အပြစ်ဖြစ်နေလေပြီ။ မဟုတ်သေးပါဘူး၊ တကယ်လွန်တာက သူပင်မဟုတ်ပါလား။ ကိုယ့်ကျူးလွန်ထားတဲ့အပြစ်ကို သွန်းအပေါ် ဆိုပေါ့လေးနဲ့ ပုံချလိုက်တာမို့ လည်လိုက်တာနော်။

"သွန်းငယ်ကလည်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနာမည် မခေါ်စမ်းပါနဲ့"

"ဘာလို့လဲ"

"နားခါးလို့"

သူတိုးတိုးရယ်လေရဲ့။ လူကို စစရာလို့ပဲ သဘောထားလေသလား။ တကယ်ဆို ချစ်သူဆိုတာ ရင်ဖွင့်ဖော်ဖြစ်ပြီး အေးအတူပူအမျှနဲ့ ခံစားချက်ဝေမျှနိုင်ဖို့ လိုအပ်တာပါ။ သို့သော် သွန်းရင်ထဲ ခံစားနေရသမျှ သူကမှ မသိမမြင်နိုင်တော့ ခက်သားလား။

"မရယ်စမ်းပါနဲ့"

"ဘာကိုကောက်နေပြန်ပြီလဲ သွန်းရာ"

တွေ့လား. . . အဲဒီလိုပါပဲ။ စိတ်ကောက်နေတဲ့လူကပဲ အရှုံးဖြစ်ရပြီလေ။ သုတရယ်. . . နင်နဲ့ငါက ငယ်သူငယ်ချင်းဖြစ်ခဲ့တာတောင် ငါ့စိတ်ကို နင်မဖတ်တတ်ဘူးတဲ့လား။ ဒါမှမဟုတ် သိသိကြီးနဲ့များ တမင်တကာလုပ်နေတာပဲထင်ပါရဲ့။

ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ် သိခဲ့ရတဲ့သူတွေမို့ ငါ့ကို နင် တန်ဖိုးမထားချင်တာလား။ နင်တစ်ခွန်းလေးပြောရုံနဲ့ ဟန်ဆောင်ဖို့တောင် သတိမရတော့ဘဲ ခပ်မြန်မြန်ခေါင်းညိတ်ခဲ့မိတာကြောင့်လားဆိုတာကို တွေးမိပါတယ်လေ။ ဘာပဲဖြစ်ဖြစ် ချစ်သူဖြစ်မှတော့ သူငယ်ချင်းဆိုတဲ့ အလွှာပါးပါးလေးကို ရဲရဲကြီး ဖြီ





ချပစ်ခဲ့တာမဟုတ်ပါလား။

"နင် မသိပြန်ဘူးမဟုတ်လား"

"ပြောမှသိမှာပေါ့"

သိနေတယ်လေ။ အဲဒါတွေကြောင့်ပဲ ခင်းနဲ့ တကျက်ကျက် စကားများ ရန်ဖြစ်ရတာ။ စိတ်တိုလွန်းပြီး ထိန်းချုပ်မရတာနဲ့ အော်မိပြန်ရင်လည်း သွန်းကို မျက်လုံးပြူးကြီးနဲ့ကြည့်ကာ 'ဘာဖြစ်ပြန်တာလဲ'လို့ အကြောင်းရိုက်ဦးမှာပါ။ အဲဒီအခါ ဒေါသက ဘယ်လိုထွက်ရမှန်းတောင်မသိတော့ဘဲ လူက အူကြောင်ကြောင်နဲ့ စိတ်ကောက်တာကို အဆုံးသတ်ခဲ့ရပေါင်းလည်း မနည်းခဲ့ပါချေ။

"မသိတာဘဲ အေးပါတယ်၊ ကမ္ဘာတစ်ဝက် အေးချမ်းပေါ့"

"ငါ့ကို အရှုံးလို့ပြောချင်တာလား"

"ဒါတော့ သဘောပေါက်သားပဲ"

"ဘလိုင်းကြီးဖွဲ့နေပါလား သွန်း"

မျက်နှာကို မဲ့လိုက်မိရဲ့။ အလွယ်တကူ အလျှော့ပေးတတ်လွန်းလို့ အမှတ်မရှိ သည်းခြေမရှိတဲ့လူလို့ မပြောတာကိုခံခဲ့ရတာပါလေ။ သွန်းလည်း တေးမှတ်ချင်တာပေါ့။ မခေါ်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဘဲနေမိရင် ပိုခံစားရတာ၊ နာကျင်ရတာကို ဘယ်သူများသိလို့ပါလဲ။

အသံမကြားချင်ဘူးဆိုမှ သူ့အသံကို ပိုကြားချင်နေတာ၊ ရုပ်မမြင်ချင်ဘူးဆိုမှ သူ့မျက်နှာပုံရိပ်ကို ပိုပြီးတွေ့ချင်မိတာက အခက်ပဲမဟုတ်ပါလား။ ကိုယ်က ပိုချစ်လေ၊ ရင်ထဲ ဗလောင်ဆူဝေကာ ကျိတ်မနိုင်ခဲမရနဲ့ အပူမီးက ငြိမ်းလို့မရနိုင်ခဲ့။

စာနာစိတ်လေးသာ ထားတတ်ရင် မျှဝေခြင်းဆိုသည့် လေးနက်သည့်အဓိပ္ပာယ်ကို သူနားလည်သဘောပေါက်မှာပါလေ။ အလုပ်အတူလုပ်သည့် သွန်းသူငယ်ချင်း 'ပပ'ဆိုရင် သွန်းကို ဖယောင်းလို၊ ချိတ်လိုထက် သံတုံးလေးလို မာစေချင်တယ်လို့ ပြောပါရဲ့။ သံဖြစ်တော့ရော 'မိုးသုတ'ဆိုတဲ့ သံလိုက်တုံးလေးနားကို အလိုလိုပြေးကပ်သွားမှာကို မသိဘူးတဲ့လား။ ခက်ပါရဲ့နော်။

"ငါ နင်နဲ့စကားမပြောချင်ဘူး"

"ဖြစ်ရပြန်ပြီ"

"တကယ်ပြောနေတာ"

"ငါလည်း အလုပ်အားတာမဟုတ်ဘူးလေ သွန်းရာ"

"အဲဒါသိတယ်လေ၊ မအားရင်လည်း ဘာလို့ Phone





ဆက်နေသေးလဲ။ မဆက်နဲ့ပေါ့"

"အစာမကြေသေးပါလား။ ဘယ်နှရက်ကောက်ဖို့ စိတ်ကူးထားလဲ . . . ပြောပါဦး"

ရင်ထဲအောင့်သက်သွားကာ အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားလိုက်မိ၏။ 'မျက်ရည်မလွယ်နဲ့'တဲ့၊ ပပ သတိပေးထားတာမို့ နားထဲကြားမိပြီး ငိုချင်လာတာကို ထိန်းလိုက်ရပါသည်။ 'ခံစားချက်ကို ဦးစားပေးလွန်းလို့ နင်ပဲ တစ်ဖက်သတ်နာကျင်နေရတာ'တဲ့။

မှန်ပါတယ်၊ ချစ်တတ်တဲ့နှလုံးသားနဲ့ ရှင်သန်နေမှတော့ ဘယ်အချိန်မဆို နှစ်ဦးသား တီးတိုးတွတ်ထိုးနေပြီး အပြုံးတွေသာ ဖလှယ်ချင်ကြတာပါ။ တကယ်တမ်းလက်တွေ့မှာ သွန်း ရနေတာက သူ့ထံမှ စိမ်းသက် ခါးသည်းတဲ့ ဥပေက္ခာတွေသာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

တံခါး Bell ကိုနှိပ်လိုက်ပေမယ့် တံခါးက ချက်ချင်းပွင့်ပေါ်လာသေး။ ကွန်ဒိုတိုက်ခန်းတွေမှာ တစ်ခန်းနှင့်တစ်ခန်း အခေါ်အပြောမရှိသလို ညှိသည်လာရင်လည်း ဘယ်သူဘယ်ဝါဆိုပြီး ဝင်ရောက်ကြည့်ရှုတာမျိုး မရှိပါလေ။ သုံးကြိမ်မြောက် နှိပ်လိုက်စဉ် တံခါးက ဂျောက်ခနဲမြည်သွားပါ၏။

"ဘယ်သူ. . . ဩော်! အစ်ကို"

"နန်းရှိတယ်မဟုတ်လား ညီ"

"ဟုတ်! ရှိပါတယ်အစ်ကို၊ လာလေ . . . မကြီးရေ၊ အစ်ကိုလာတယ်"

'ခင်နန်းထိုက်' ၏မောင်ဖြစ်သူ 'မင်းမင်းသိုက်' က တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးရင်း အတွင်းသို့လှည့်ပြောလိုက်လေ၏။ တိုက်ခန်းအဝင် ဝ, ဖိနပ်စင်အနီးမှာ ဖိနပ်ချွတ်ကာ လိုက်ဝင်ခဲ့ပါသည်။ အသံပြု သူက ပြုလိုက်ပေမယ့် ခြေတစ်လှမ်း ကုဋေတစ်သန်းမမကာဖြင့် ထွက်မလာသေးပါချေ။

"ဪ. . . ညွှန့်သည်လာတယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်၊ သားကိုး"

"ဟုတ်ပါတယ် အန်တီ"

"သားညီမ ညနေစာစားဖို့ ပြင်နေတယ်ကွယ့်၊ ခဏထိုင် ဦးနော်"

ညှော်ခန်းဆက်တီမှာ ဝင်ထိုင်လိုက်ပါ၏။ မင်းမင်းသိုက် က ဆေးကျောင်းတက်နေတာမို့ စာကြည့်စားပွဲမှာ စာဆက်ကြည့် နေလေပြီ။ အန်တီက သူ့ကိုထွက်ပြောပြီးသည်နှင့် အတွင်းခန်း သို့ ပြန်ဝင်သွားလေ၏။ ကြည့်ရတာ နန်းရဲ့ဖေဖေလည်း ပြန် ရောက်နေပြီထင်ပါရဲ့။

မိသားစုဝင်အားလုံးကိုက စကားနည်းကြသူတွေမို့ အပို စကားက မပြောသလောက်ပါပဲ။ လာလည်တဲ့ညွှန့်သည်ကသာ ဦးဆောင်ပြီး စကားပြောမှသာ စကားဝိုင်းက စိုပြည်ရတာ အမြဲ တမ်းပါ။ မဖော်ရွေတာမျိုးတော့ မဟုတ်ကြပေမယ့် အကြောင်း





မသိရင်တော့ အတော်ခွချတဲ့မိသားစုဟု ဝေဖန်မိမှာ အသေအချာ ပါလေ။

နန်းတို့ဖေဖေ 'ဦးမျိုးသိုက်'က သူ့ဖေဖေ 'ဦးမြင့်မိုရ်' နှင့် ကုမ္ပဏီ Member ဝင်တွေပါ။ လက်ရှိ ရှယ်ယာအများဆုံး နဲ့ သူတို့ကုမ္ပဏီကို ဦးဆောင်နေသည့် ဒါရိုက်တာက ဦးမိုးယံ ပါ။ သူ့မေမေ ဒေါ်ထားထားနှင့် နန်းမေမေ ဒေါ်ယဉ်နန်းတို့က ကျောင်းနေဘက်သူငယ်ချင်း။ ဒီတော့ ဒီလိုဒီနည်းနဲ့ သူဆိုတဲ့ 'နှိုင်းမြင့်မိုရ်'နဲ့ 'ခင်နန်းထိုက်'တို့ ဆုံဖြစ်ခဲ့ကြတာပါပဲ။

"ညွှန့်သည်ကို ထမင်းစားဖို့ခေါ်ဦးလေ။ မင်းမင်းရော"

"သားက ဆာမှပဲစားမယ်တဲ့"

"နှိုင်းရေ"

"ဗျာ. . . အန်ကယ်"

"ညနေစာမစားရသေးဘူးမဟုတ်လား။ တစ်ခါတည်း ဝင်စားလိုက်လေ။ ညွှန့်သည်မှမဟုတ်တာကို"

အလယ်ခန်းလိုက်ကာကိုလှပ်ကာ ထွက်ခေါ်လိုက်သည့် အန်ကယ့်ကြောင့် မျက်နှာပူသွားရပါ၏။ မေမေလွှတ်လို့လာခဲ့ တာမဟုတ်လား။ ထမင်းဖိတ်ကျွေးလို့ လာတာမှမဟုတ်တာ။ နန်း နဲ့တစ်ဝိုင်းတည်းစားရင် ဟိုချာတိတ်မက ရှက်ပြီးခေါင်းငုံ့နေတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ ဗိုက်ဝတော့မှာ မဟုတ်ပါချေ။

"နေပါစေ အန်ကယ်၊ ကျွန်တော် မစားတော့ပါဘူး"

"ဘာနေပါစေလဲ၊ အားနာရမယ့်သူတွေမှ မဟုတ်တာကို။ လာပါ"

ပါလာသည့်အထုပ်တွေ အိတ်တွေကို စားပွဲထက်တင်ကာ ထိုင်ခုံမှ ထရပ်လိုက်ရပါ၏။ မကြာခဏ ဒီအိမ်ကိုလာဖူးပေမယ့် အပူအအေးတစ်မျိုးမျိုးကလွဲပြီး အခုလို ထမင်းဖိတ်ကျွေးတာ တစ်ကြိမ်မှမကြုံဖူးပါချေ။ မေမေကတော့ သူနဲ့နန်းကို မနီးနီးစပ်အောင် အကြောင်းအမျိုးမျိုးဖန်တီးပြီး ဒီကိုလွှတ်လေ့ရှိတာ မဟုတ်ပါလား။

အန်ကယ် ဦးဆောင်ခေါ်ရာနောက်သို့ သူလိုက်ဝင်ခဲ့ပါ၏။ အပြင်ထွက်အလုပ်မလုပ်ဘဲ အိမ်အလုပ်ပဲ ဝါသနာပါသူမို့ နန်းတို့တိုက်ခန်းက သပ်ရပ် သန့်ရှင်းနေသလို ညှို့ဆောင်ကို ကြည့်ရုံနဲ့ အိမ်ရှင်မ ပီသလှန်းသည့်လက်ရာအစုံကို မြင်နိုင်လေ၏။

စားပွဲခင်းတွေ ကူရှင်တွေ Phone စင်၊ အလှပန်းအိုးစင်တွေမှာ ဆီလွှန်ဖြင့် ထိုးထားသည့် အခင်းလက်ရာများ။ ဆက်တီကျောမှီလုံးလေးတွေကိုလည်း ပန်းသီးပုံ၊ အသည်းပုံ၊ ပန်းပုံ





လှလှလေး ချုပ်ထားတာတွေ။ လိုက်ကာကို ပိတ်ပါးလေးတွေ တွန့်ပြီး ချုပ်ထားတာတွေ အကုန်အစုံက နန်းရဲ့လက်ရာတွေမှန်း သူသိနေပါ၏။

အိမ်အလုပ်တွေပြီးသည့်အခါမှာ TV ကြည့်တာမျိုးမရှိဘဲ သိုးမွှေးထိုးတာမျိုး၊ တက်တင်းထိုးတာမျိုးဖြင့် အချိန်ကုန်တတ်သည့်အကျင့်က နန်းမှာပဲရှိလေ၏။ မိန်းကလေးပီသတာတော့ မှန်ပါရဲ့။ ခက်တာက တစ်နေ့နေလို့ စကားဆယ်ခွန်းပြည့်အောင် မပြောတာပါလေ။

"ထိုင်ပါ သား"

ထမင်းဝိုင်းက ဘဲဥပုံစားပွဲမို့ သိပ်မကြီးလှပါ။ အိမ်မှာတော့ မေမေကိုယ်တိုင်ချက်တဲ့ဟင်းမျိုးက ရှားပါတီ။ သူတို့သားအဖ ထမင်းစားတိုင်း ထမင်းချက်ဒေါ်အေး ပြင်ပေးသည့်ထမင်းဝိုင်းမျိုးနဲ့သာ အစဉ်အမြဲစားခဲ့ရတာ သူ့တစ်သက်ပါလေ။

"သုံးဆောင်ပါ သား။ ဝအောင်စားရမယ်နော်"

"ဟုတ်ကဲ့ အန်တီ"

"သမီးက သားဖို့ ဟင်းတွေထည့်ပေးလေ"

"ရပါတယ် အန်တီ၊ ကျွန်တော့်လက်နဲ့မီပါတယ်ခင်ဗျ"

အကြောင်းသိမို့ ကြိုပြောလိုက်ရပါ၏။ ထမင်းပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ပြားထဲသို့ ထမင်းအုပ်ထဲမှထမင်းကို ဇွန်းကြီးဖြင့် သုံးဇွန်းခပ်ထည့်ပေးပြီး သူနှင့်မျက်နှာချင်းဆိုင်ခုံမှာ နန်း ထိုင်လိုက်ချေပြီ။ ဟင်းခပ်ထည့်ပေးပါဆိုရင် အဲဒီလက်လုလုလေးတွေက တုန်နေမှာ မဟုတ်လား။

ကြည့်ပါဦး။ တကယ့်ကို ဖွယ်ဖွယ်ရာရာ ဟင်းအမယ်တွေပါပဲ။ အိမ်မှာဆို အမြဲတမ်း ဆီပြန်ဟင်းခွက်တွေသာ အခွက်နှစ်ဆယ်လောက် (ပိုပြောတာမဟုတ်ရပါ) စားပွဲထက်မှာ ပြည့်နေတာပါ။ ဒီမှာတော့ ဟင်းက သုံးလေးမျိုး။ အရည်သောက်ဟင်းနှင့် အရွက်ကြော်၊ အသုပ်နှင့် ငါးပိချက်တို့စရာတို့နှင့် တကယ့်ကို သွားရည်ယိုစရာပါလေ။

ကြက်သားကို အာလူးနှင့်အရည်စပ်စပ်လေး ချက်ထားတာတစ်မျိုး၊ ငါးကြော်နုပ်တစ်ခွက်၊ ပုစွန်ဆီပြန်တစ်ခွက်၊ အအိပြေအောင် ချဉ်ပေါင်နှင့်မျှစ်ကို ခပ်ပြေပြေချဉ်ရုံလေး ချက်ထားတာ။ ကန်စွန်းရွက်ပြုတ်ကို နှမ်းလေးရော၍ သုပ်ထားတာ တစ်ခွက်၊ ခရမ်းချဉ်သီးငါးပိချက်က အရည်ကျဲကျဲလေးနှင့် ရေတ်သီးစိမ်းလေးတွေ ခြမ်းထည့်ထားတာကို အတိုင်းသားမြင်နေရလေ၏။

အတို့အမြှုပ်အတွက် သခွားသီးလေးတွေကို အချောင်း





လိုက်လေး လှီးထားတာ၊ ရှောက်ရွက်၊ မြင်းခွာရွက်၊ ပဲတောင့်ရှည်ကိုပြုတ်ထားတာ၊ ခရမ်းကျွတ်သီး၊ ဖန်ခါးသီး၊ ဆီးဖြူသီးတို့ကို ရောစီထည့်ထားတာမို့ မြင်ရုံဖြင့် စားချင်စိတ်ကို နှိုးဆွစေသလိုပါပဲ။

နန်းက သူ့အတွက် ဖန်ခွက်ရှည်တစ်ခုထဲသို့ လက်ဖက်ခြောက်နှပ်ထားသည့်ရေနွေးကို ရေနွေးဖြူထပ်ရောပေးပြီး အဖုံးအုပ်ကာ လာချပေးလေ၏။ အန်ကယ်နှင့်အန်တီတို့က ထည့်ထားပြီးသားဖြစ်ပါသည်။

"ထည့်စားနော် နိုင်၊ Project အတွက် OK ရဲ့လား".

"ဟုတ်ကဲ့. . . ကြိုးစားနေပါတယ် အန်ကယ်"

"ဦးမိုးယံရဲ့သားက အတော်လေး ထက်တာဆိုတော့ ထိပ်တိုက်တွေ့ရတာ သားအတွက် ခက်ခဲမှာပဲ"

သူ ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ဦးမိုးယံက Managing Director မို့ သားဖြစ်သူ မိုးသုတက မာနထောင်လွှားသလို ထက်မြက်တဲ့လူငယ်ပါပဲ။ သူနဲ့ အသက်မတိမ်းမယိမ်းဖြစ်သမယ့် မိုးသုတက သူ့ကိုအမှုမထားတတ်ပါလေ။ ဖေဖေတို့ အန်ကယ်တို့လိုလူကြီးတွေကိုသာ တလေးတစား အရေးတယူ စကားပြောတတ်ပြီး သူတို့လို လက်အောက်ဝန်ထမ်းတွေကိုဖြ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်သလိုနှယ်။

ပြီးတော့ မိုးသုတ ရထားသည့်ရာထူးက GM ရာထူး မဟုတ်ပါလား။ ဒီတော့ သူတို့လို မန်နေဂျာတွေ၊ Supervisor တွေ၊ Staff တွေကို အလေးမထားတတ်တာ ဖြစ်သင့်တာပါပဲ။

''စားမကောင်းလို့လား သား''

''မဟုတ်ပါဘူး အန်တီ၊ ကောင်းပါတယ်''

''နည်းလိုက်တာ၊ ထပ်ယူဦးလေ။ သမီးထည့်ပေးလိုက်ပါဦး''

''နေနေ. . . နန်း။ ကိုယ် ဝပါပြီ''

တကယ်ပင် တစ်ပန်းကန်ကုန်အောင် စားဖြစ်တာ သူပါပဲ။ ဟိုချာတိတ်မကဖြင့် ပန်းကန်ထဲထည့်ထားသည့် လက်သုံးဆုပ်စာလောက် ထမင်းကို သူ့ရှေ့မှာ စားနေတာ မကုန်တာလေ။ ကိုယ်တိုင်ချက်သည့်ဟင်းတွေမို့ လျှာအရသာမတွေ့တာများလား။ သို့တည်းမဟုတ် သူ့လိုသူစိမ်းရှေ့မှာမို့ အရှက်လွန်နေတာပဲလား။

''တကယ်ဗိုက်ပြည့်ရဲ့လား သားရဲ့''

''ဟုတ်ကဲ့ပါ အန်ကယ်''

''အစ်ကိုတို့ သွားနှင့်လေ၊ ယဉ် သစ်သီးပန်းကန် ယူလာခဲ့ပေးမယ်''





''အေးအေး. . . လာ. . . နိုင်း''

ညှော်ခန်းသို့ပြန်ထွက်လာခဲ့ပါ၏။ ဆက်တီစားပွဲထက်မှ နှင်းဆီပန်းအိုးက ယခုတိုင် လန်းနေဆဲ။ Aircon ပေးထားတဲ့ တိုက်ခန်းမို့ ပန်းခံတာပဲထင်ပါရဲ့။ သူတို့ထိုင်နေရာကိုကျောပေးကာ မင်းမင်းသိုက်က ခေါင်းငုံ့ပြီး ရေးနေပြန်လေ၏။

''မေမေပေးခိုင်းလိုက်တဲ့လက်ဆောင်တွေပါ အန်ကယ်''

''ဒုက္ခရှာလို့ကွယ်၊ မထားကိုပြောလိုက်ပါ. . . သားကို လူချည်းလွှတ်လည်း ရပါတယ်လို့။ လက်ဆောင်ပစ္စည်းတွေ ပို့စရာမလိုပါဘူး။ ဒီလူနဲ့ ဒီလူကို''

အန်ကယ်နှင့်က ကုမ္ပဏီကိစ္စဆွေးနွေးရင်း ပြောစရာစကားရှိပါ၏။ လာမည်ဟုပြောလိုက်သည့်အန်တီက တကယ်တမ်းမှာ ထွက်မလာဘဲ နန်းသာ လင်ဗန်းလေးကိုင်လျက် ထွက်လာလေသည်။ ခဏနေရင် အန်ကယ်ပါ အလိုက်တသိ ရှောင်ပေးတော့မှာကို သူကြိုသိနေပါ၏။

''သစ်သီးစားပါဦး''

သူထင်ထားသလိုပါပဲ၊ အန်ကယ်က သူနှင့်စကားသုံးလေးခွန်းပြောကာ တိုက်အောက်သို့ လမ်းဆင်းလျှောက်ချေပြီ။ ညှော်ခန်းမှာ ကျန်ရစ်သည်က သူနှင့်နန်းပါပဲ။ မင်းမင်းသိုက်က



www.burmeseclassic.com

www.burmeseclassic.com



စာလုပ်တာပြီးပြီမို့ ရေချိုးထမင်းစားရန် အတွင်းသို့ဝင်သွားလေ၏။ နှစ်ဦးသား ဘာစကားမှမပြောဖြစ်ကြဘဲ ထိုင်နေသည်က အချိန်အတော်ကြာကြာပါလေ။

အိမ်နေရင်းပုံစံလေး ဝတ်ထားတာတောင်မှ သပ်သပ်ရပ်ရပ်ပါ။ ရင်စေ့လက်စကအင်္ကျီနှင့် ပါတိတ်လုံချည်ဝတ်ထားတာမို့ ရှိရင်းစွဲအသက် (၂၁)နှစ်ထက် ပိုရင့်နေသယောင်။ ပြီးတော့ နန်းက ခြေသလုံးအထိ အရှည်ထားသည့် ခပ်စင်းစင်းဆံနွယ်ရှည်တို့ကြောင့် ငယ်နုတာထက် ပိုရင့်ကျက်တည်ငြိမ်သည့်သဏ္ဍာန်ကို ပေါ်လွင်စေလေသည်။

"မေမေတောင် မေးနေသေးတယ်"

သူ့ စကားစလိုက်စဉ် အသာချထားသည့်မျက်လွှာကအနည်းငယ်ပွင့်လာကာ သူ့ကို ခပ်အေးအေးကြည့်လာလေ၏။ အကြည့်က ခပ်နွေးနွေးမို့ တစ်ဖက်လူ့ရဲ့ရင်တွင်းထိတိုင် နွေးထွေးသွားရသလိုပါပဲ။ မိန်းမသားတို့၏ဆွဲဆောင်မှုတစ်ခုကတော့ နန်းမှာ ရှိနေတာပါလေ။

"နန်းကို အိမ်လာမလည်ဘူးလားတဲ့"

ခေါင်းကို အသာလေး ခါရုံခါပြလေ၏။ ဒါပဲလား၊ နှစ်ဖက်မိဘတွေ သဘောတူထားမှတော့ 'ကိုကို'ဖြင့်'ကိုကို'၊ ခေါ်





တန်တာခေါ်ပြီး တုံ့ပြန်သင့်တာပါလေ။ အခုတော့ ဆက်တီခုံပေါ်အသာချထားတဲ့အရုပ်လေးလို ငြိမ်သက်ပြီး မလှုပ်မယှက်ဘဲ ထိုင်နေရတယ်လို့။ မေမေတို့ကလည်း ရှာတတ်ပါပေ့။ အလိမ္မာ အိမ်ပါချွေးမဆိုပြီး ရွေးထားတာက ထားပါတော့။

နှစ်ယောက်တည်းနေရရင်တော့ဖြင့် အိမ်မှာ နန်းရဲ့အသံက ခပ်တိုးတိုးလေးသာ ထွက်မှာမို့ သူ့အသံကိုသာ ဝန်းကျင်ကကြားရတော့မှာလေ။ ခက်ချေပြီကော နိုင်းမြင့်မိုရ်၊ ဘဝလက်တွဲဖော်က အေးစက်စက်ရေခဲတုံးကြီးသာ ဖြစ်နေရင်၊ သူပါအတူအေးခဲတော့မှာပါလား။

"ဘာမှတွေတွေထူးထူးပြောစရာမရှိလို့ ကိုယ်ပြန်ဦးမယ်"

ခေါင်းကိုအသာညိတ်ပြပြန်ချေပြီ။ ကောင်းရော၊ အခုမှ မူလတန်းကျောင်းသူလို လက်ညှိုးထောင် ခေါင်းညိတ်လေးကို သူအပိုင်ရတော့မှာပါလား။

စဉ်းစားဖို့အချိန်တော့ လိုနေပြီပဲ. . . နိုင်းမြင့်မိုရ်။ စိတ်တော့ ရှုပ်နေရဆဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ယွန်းသွားပြီ မေမေ"

ကျောင်းသွားခါနီး နှုတ်ဆက်နေသည့်မမအသံကို ကြားထိုက်ရပါ၏။ မမစာသင်ပေးနေသည့် အထက်တန်းကျောင်းက သိပ်မဝေးတာမို့ လိုင်းကားကိုသာ စီးလေသည်။ သွန်းကမှ အလုပ်နှင့်ဝေးတာပါ။ ကိုယ့်အထက်မှာ မန်နေဂျာရှိပြီး ရုံးချုပ်ကို မန်နေဂျာ 'မဟေမာ'ပဲ သွားရတာမို့ ဖွင့်ထားသည့်ဆိုင်သုံးဆိုင်ကို သွန်းကသာ လှည့်ပတ်သွားရသဖြင့် တစ်နေကုန်ပင်ပန်းရပါ၏။

ဆိုင်မှာတင်သည့်ပစ္စည်း Design တွေက နိုင်ငံခြားဖြစ်ချည်းမို့ ဈေးကလည်း အလွန်များတာ အမှန်ပါ။ အရွယ်စုံ Design စုံ ပစ္စည်းအစုံမို့ ဆိုင်ကိုလည်း ခမ်းနားထည်ဝါအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ရလေ၏။ ရောင်းပေးသည့် Sales staff ကောင်မလေ တွေကို လှတာထက် ချစ်စရာကောင်းသည့်မျက်နှာလေးတွေကို ဦးစားပေးပြီး မဟောမာ ရွေးခန့်ထားတာမို့ သွန်းတို့ရဲ့ AROMA ဆိုင်နာမည်က ပိုကြီးတာမဟုတ်ပါလား။

"သမီးငယ်"

"ပြီးပြီမေမေရေ့"

"အစောကြီးကတည်းက ကြိုထည့်ထားပါဆိုတာ ဘယ် နခါပြောရမလဲ။ သတိပေးရပေါင်းလည်းများပြီ။ သွားခါနီးလာ နီးဆို ရှာနေရပြီမဟုတ်လား"

"ကျစ်!"

မေမေလှမ်းဆူနေတာမို့ လူက နည်းနည်းညစ်သွား ၏။ အလုပ်လုပ်နေပြီးအရွယ်တောင်မှ ခုချိန်ထိ သွန်းကို က လိုပဲမြင်နေတုန်းပါလား။ သွန်းကလည်း သွန်းပါပဲ။ ဘာပဲ လုပ် ပျာယီပျာယာနဲ့လုပ်တတ်သလို အပြင်ထွက်ရင် ပိုက်ဆံ ကျန်၊ နာရီကျန်၊ ထီးကျန်သလို တစ်ခုမဟုတ်တစ်ခု မေ့ တာကိုး။

သွန်းလက်အောက်မှာ ပပက Supervisor ဖြစ်ပေ သွန်းလောက် ဦးနှောက်မခြောက်ရပါ။ ပပက Shopping





တစ်ခုတည်းသာ ထိုင်ရတာကိုး။ ရှုန်းနဲ့မဟောမာက ဆိုင်သုံးဆိုင် လုံးကို လှည့်ပတ်ကြည့်ရတာဖြစ်ပြီး ပစ္စည်းစာရင်း အဝယ်စာ ရင်း ကိုက်ညီပြီး အပိုအလိုမရှိရအောင် သွန်းပဲ လုပ်ပေးရတာပါ။

ရောင်းအားကောင်းတဲ့ Staff တစ်ဦးစီကို Bonus ပေး ဖို့ တစ်လတာ ရောင်းအားအကောင်းဆုံးလက်ခေါင်မျိုးကို သုံး ချုပ်ပြီး တစ်ဆိုင်စီက Staff ကိုရွေးချယ်ပေးရတာလည်း သွန်း ပါပဲ။ ဒီကြားထဲမှာ Customer ဆီက ပိုငွေယူမိရင် မိတ်ပျက် စိုးတာ၊ လိုနေပြန်ရင်လည်း ဘယ်လိုမှရှင်းမရဘဲ ထိုင်ငိုတတ် တဲ့ Staff မျိုးကို ပပက ဘာအပြစ်ပေးရမှန်းမသိရင် သွန်းပဲ ရှင်းပေးရပြန်ရော။

ပိုတာကိုပြန်ပေးလို့ရပေမယ့် လိုရင် ပြန်လျော်ထည့်ရ မယ့်ငွေကြေးက မနည်းမနော။ အင်္ကျီတစ်ထည်တင် လေးငါး ထောင်ဖြစ်မှတော့ လခလေးတစ်သိန်းဝန်းကျင်ရတဲ့ ကလေးတွေ အလုပ်ပြုတ်မှာစိုးပြီးငိုတာ ဆန်းမလား။ ဒီတော့ အပြစ်ကို တစ် တည်း ပုံမကျစေဘဲ အကုန်လုံး တစ်ဆိုင်ကို ဝန်ထမ်းဆယ့် ဦးစီမို့ ကိုယ်တာဝန်ယူရတဲ့ Customer အထည်ဖြင့် အထည်၊ အိတ်ဖြင့်အိတ်၊ အလှကုန်ဖြင့် အလှကုန်၊ ဖိနပ်ဖြင့်ဖိနပ်၊ နာရီ လည်း နာရီအလျောက် A,B,C,D Group ခွဲပြီး၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



Group မှလူတိုင်း ပျှမ်းမျှတွက်ကာ လျော်စေပါ၏။

တိုးတိုးတိတ်တိတ်ရှင်းလို့ရတာကိုတော့ မန်နေဂျာအထိ မပေါက်ကြားအောင် ရှင်းရပြီး အရမ်းကြီးကြီးမားမားအဖြစ်မျိုး (ဥပမာ– စာရိတ္တမကောင်းဘဲ ပစ္စည်းဖျောင်သည့် Staff မျိုး)ကို ဖြင့် မန်နေဂျာကိုတင်ပြပြီး အလုပ်ဖြုတ်ရတာပါ။ ဒီတော့ သွန်းက ပါလေရာငါးပိချက်ဖြစ်နေပြီး ဝန်ထမ်းတိုင်းက ချစ်လည်းချစ် ကြောက်လည်းကြောက်ကြလေ၏။

အိမ်မှာသာ အငယ်ဆိုပြီး အားလုံးက နိုင်ကြပေမယ့် အလုပ်မှာတော့ သွန်းက ဂျိုကာပါပဲ။ ဘယ်နေရာမဆို မပါရင် မဖြစ်တဲ့ Star ပါလေ။ မဟောမာကတော့ မန်နေဂျာဆိုတာထက် AROMA သူဌေးရဲ့လူယုံလည်းဖြစ်လေ၏။ နိုင်ငံခြားက ပစ္စည်း မှာရင် သူကိုယ်တိုင်သွားတတ်သလို သွန်းကိုယုံကြည့်စိတ်ချတဲ့ သူပါပဲ။

သွန်းတို့ဆိုင် စထောင်စဉ်က တစ်ဆိုင်တည်းသာဖြစ်ပါ၏။ အဲဒီတုန်းက သွန်းက စာရင်းကိုင်သင်တန်းဆင်းခါစဖြစ်ပြီး အလုပ်စလျှောက်ကာ ဝင်လုပ်ဖြစ်ခဲ့တာပါ။ သွက်သွက်လက်လက် နဲ့ အလုပ်ကိုမြန်မြန်လုပ်တတ်တာမို့ သွန်းဟာ လက်ထောက် မန်နေဂျာရာထူးကို ခပ်မြန်မြန်ရခဲ့တာဖြစ်ပြီး မဟောမာရဲ့တောင်





ရေးဖြစ်ခဲ့တာပင်။

AROMA ရဲ့သူဌေးကိုယ်တိုင်က သွယ်လျ လှပသည့် အသက်ငါးဆယ်ဝန်းကျင်အမျိုးသမီး အန်တီနယ်လီမို့ သွန်းတို့ အလုပ်လုပ်ရတာ စိတ်ချမ်းသာရပါ၏။ သွန်းကိုလည်း သမီးလေး လိုသဘောထားကာ စိတ်ချယုံကြည်တတ်တာကိုး။

"သမီးငယ်"

"ရှင်. . . လာပြီမေမေရေ. . . လာပြီ"

"ရှစ်နာရီခွဲခါနီးမို့ သတိပေးနေတာ မမရေ။ သိပ်အော် ချင်တာမဟုတ်ဘူး"

တွေ့လား. . . လူကို အဲဒီလိုလေး ခနဲ့လိုက်ရမှ ကျေ နပ်သွားပုံပဲ။ မေမေပြောလည်းပြောချင်စရာ။ အပြင်ထွက်ရန် အိတ် ကိုဆွဲယူလိုက်ပြီးမှ နာရီအသိပေးလိုက်တာမို့ စားပွဲထက်မှနာရီ ကို ဆတ်ခနဲကောက်ယူပတ်လိုက်ရပါ၏။ ပြီးနောက် အိတ်ကို ဆွဲကိုင်ကာ သွားခါနီး စစ်လိုက်ရပါသည်။

ပိုက်ဆံအိတ်၊ Phone, Make-up ဘူး၊ Lip stick, ဘီး ဖုံးခန်းသော့၊ Note book, File, အားလုံး OK ပြီးမှ ထီး ကိုသတိရ၍ အံဆွဲထဲမှ ခေါက်ထားသည့်ထီးကို ယူလိုက်ရလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှထွက်ရင် ပစ္စည်းဆယ်မျိုးပါရမှာကိုး။ မှန်ထဲမှာ ကိုယ့်ကိုယ်ကို တစ်ချက်ကြည့်ကာ စိတ်တိုင်းကျလေမှ အခန်းတံခါးကိုဖွင့်လိုက်ပါ၏။ သွန်းက မမထက် လခပိုရသူမို့ အလုပ်ကို Taxi ဖြင့်သာ သွားပါသည်။ ဆိုင်ကူးလျှင် မဟေမာရှိပါက မဟေမာကားနှင့်ကပ်လိုက်ရပြီး မဟေမာ မလိုက်လျှင်၊ Taxi ဖြင့်သာ သွားရလေ၏။ သွန်းရဲ့ Taxi ခကို မဟေမာ သီးသန့်ပေးလေ့ရှိပေမယ့် သွန်းကိုယ်တိုင်က ငွေသုံးလက်ဖွာတတ်သူမို့ တစ်လတစ်လ ရတဲ့လခက လောက်သည်မရှိ။ မေမေ့ကိုတောင် တစ်သိန်းကို မနည်းကုပ်ကပ်ပြီး ပြန်အပ်ရတာပါလေ။

"အကုန်အစုံပါရဲ့လား"

"ဟုတ်"

"ဆယ်မျိုးနော်. . . ထီးရော"

"ပါပြီမေမေ . . . ဒီမှာ"

"အေးအေး . . . ရော့! ထမင်းချိုင့်"

"ကျေးဇူးပါ၊ အား. . . မေ့ပြန်ပြီ"

"ဘာကိုလဲ"

"အဟင်း! လက်ကိုင်ပဝါ"

"တွေ့လား. . . နေနေ၊ မေမေ့ဆီကပဲ ယူသွားတော့။





နောက်ကျနေပြီ"

"ဟုတ်"

မေမေက အောက်ထပ် မေမေတို့အခန်းထဲဝင်ကာ သွန်းအတွက် လက်ကိုင်ပဝါတစ်ထည် ယူပေးပါ၏။ သွန်း ဒီနေ့ဝတ်ထားသည့် အဝါရောင် Fashion အတိုင်း ပဝါအဝါရောင်လေး ယူလာပေးတာမို့ မေမေ့ကိုကျေးဇူးတင်စွာဖြင့် ပါးကိုတစ်ချက်မွှေးလိုက်မိပါသည်။

"ရွှတ်! . . ."

"သွန်း သွားပြီမေမေ"

"ငချွဲမ၊ ဪ . . . ညနေဈေးဘက်က ပတ်လာရင် သစ်သီးလေး ဝယ်လာပေးပါ သမီးငယ်။ မနက်ဖြန်ဥပုသ်နေ့မို့ သစ်သီးဆွမ်း ဘုရားကပ်ချင်လို့"

"ဟုတ်. . . မေမေ"

"မမေ့နဲ့နော်"

"အင်းပါ"

အမှန်က မမက သွန်းထက် အချိန်ပိုရှိတဲ့သူပါ။ သို့သော် ဝင်ငွေက သွန်းလောက်မကောင်းသူမို့ မမကိုတော့ ဘုရားပန်းလောက်သာမှာပြီး သွန်းကိုတော့ သစ်သီးတွေ မှာတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဈေးဝယ်ရင် ဈေးဆစ်ရတာကို သွန်းမလုပ်တတ်ပါ။ မေမေနှင့်မမက ချင့်ချိန်ဝယ်တတ်ကြပြီး သွန်းကို ဈေးလွှတ်ရင်ဖြင့် ဈေးဖိုးသုံးလေးသောင်း ကုန်ပါရော။ သွန်းက အဲဒီလိုလက်ဖွာပါတယ်ဆိုမှ။

လမ်းထိပ်မှာ ခဏရပ်စောင့်နေစဉ် Taxi တစ်စီးလာနေတာမို့ လှမ်းတားလိုက်ရပါ၏။ ဈေးပြောရင် သွန်းက မောရတော့မှာလေ။ စီးနေကျ Taxi ဆိုရင် ကိစ္စမရှိ။ ယူနေကျဈေးပဲမို့ တံခါးဖွင့်ကာ တက်စီးရုံလေ။

"------ Shopping Mall ကို ဘယ်လောက်လဲ"

"နှစ်ထောင်ပါ အစ်မ"

"ဟယ်! ခါတိုင်း (၁၅၀၀)ပါ၊ ဈေးများလိုက်တာ"

"ဒီအချိန် ကားကျပ်တယ်ဗျ"

"ကျပ်ကျပ်မကျပ်ကျပ်. . . (၁၅၀၀)ပါ၊ ငါစီးနေကျဟဲ့"

"ကဲကဲ . . . ဒါဆိုလည်း တက်ဗျာ"

အစကတည်းက (၁၅၀၀)ဆိုရင် နှစ်မိနစ်လောက် မစွန်းရမှာမဟုတ်လား။ တကယ်ပဲ တစ်ခါတလေစီးဟဲ့သူထင်ပြီး ပြောရတယ်လို့၊ ကားကိုမောင်းထွက်လာစဉ် ဂိတ်တစ်ခုမှာ လက်လှမ်းတားလိုက်တဲ့ခရီးသည်ကြောင့် သွန်း စိတ်ခုသွားရပါ၏။





ကြည့် . . . လူပိုတင်ဦးမယ်။

"ကျွန်မ နောက်ကျလို့မဖြစ်ဘူးနော်"

"ခဏပါ အစ်မရဲ့၊ မေးကြည့်ပါဦးမယ်၊ ဘယ်သွားမလို့ပါလဲ"

"ဆန်းသစ်စ ကုမ္ပဏီကိုပါ"

"ရုံးချုပ်လား ခင်ဗျ"

"ဟုတ်ပါတယ်"

"သုံးထောင်ပေးပါ အစ်ကို"

"ဟာဗျာ . . . နှစ်ထောင်တည်းပါဗျ။ အထဲမှာ ခရီးသည်လည်း ပါလာသေးတာကို"

"ဒီအစ်မက ဟိုနားဒီနားတင်ပါ၊ နှစ်ထောင့်ငါးရာပေးနော်"

"မရဘူး. . . နှစ်ထောင်မှလိုက်မယ်၊ ရမလား"

ကြည့်စမ်း! ဈေးဆစ်တာ တော်လိုက်တာနော်။ 'ဆန်းသစ်'ဆိုတော့ 'သူ့'ကုမ္ပဏီပေါ့။ တစ်ကုမ္ပဏီတည်းလုပ်သူတွေနဲ့ သွန်း အကဲခတ်ကြည့်လိုက်မိလေ၏။ လူပုံစံက ရည်ရည်မွန်မွန်ပါပဲလား။

"ကဲကဲ. . . တက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇော့လုတ သွန်းထိုင်နေသည့် နောက်ခန်းတံခါးကိုပင် ဒဲ့ဖွင့်ထိုက်တာမို့ ဘေးသို့ရွှေ့လိုက်ရပါ၏။ ကြည့်ရတာ Taxi သမားက ရှေ့ခန်းခုံမှာ နောက်ထပ်လူခေါ်ဦးမှာပဲထင်ပါရဲ့။ သွန်းတို့ဆိုင်က အရင်ရောက်တာမို့ ကားကို အရင်ဆုံးရပ်ပေးလိုက်လေ၏။

ကားခကို အစောကြီးကတည်းက ထုတ်ကိုင်ထားတာမို့ Driver ကိုလှမ်းပေးလိုက်ပြီး ကားတံခါးဖွင့်ကာ ဆင်းလိုက်ပါသည်။ သွန်းတို့ဆိုင်က အပေါ်ထပ်နှစ်လွှာမှာမို့ ကလေးတွေရောက်ပြီလားဟု တစ်ချက်မော့ကြည့်လိုက်ပါ၏။ ဆိုင်သန့်ရှင်းရေးဝန်ထမ်းကို သီးသန့်ခန့်ထားပေမယ့် Counter တွေကိုတော့ ဝန်ထမ်းတွေကိုယ်တိုင် သန့်ရှင်းရေးလုပ်ရတာလေ။

အောက်ထပ်မှာက စားသောက်ဆိုင်မို့ အပူအအေးနှင့် မုန့်တွေရသလို အကြော်အလျော် မှာစားလို့ရပါ၏။ နောက်တစ်လွှာက ကလေးပစ္စည်း၊ စက်ဘီး၊ တွန်းလှည်းနှင့်အရုပ်သီးသန့်ဆိုင်အလွှာပင်။ သွန်းတို့အလွှာမှာက Beauty Spa တစ်ခြမ်းဖွင့်ကာ AROMA က တစ်ခြမ်းယူထားတာမို့ လူပိုစည်လေသည်။

"Morning... မမ"

"Morning.... ကေသီ၊ ပပရောက်ပြီလား"





"ရောက်ပါပြီ မမ၊ စတိုထဲမှာပါ"

"အေးအေး . . . ပြီးရင် ရုံးခန်းကိုလာဦးလို့ ပြောပေးနော်"

"ဟုတ်ကဲ့ မမ"

အမှန်က မဟေမာကသာ သွန်းတို့ထက် ကိုးနှစ်ဆယ်နှစ်ခန့်ကြီးကာ (၃၀)စွန်းစွန်းဖြစ်ပါ၏။ ဝန်ထမ်းတွေက (၁၈)နှစ်ကနေ (၂၀) (၂၁)သာရှိတာမို့ သွန်းနှင့်မတိမ်းမယိမ်းလောက်သာ။ သို့သော် ရာထူးကိုကြည့်ကာ 'မမ'ခေါ်တာမို့ လူက အသက်ကြီးသွားရသလိုပါပဲ။

စတီးထမင်းသုံးဆင့်ချိုင့်ကို Aluminium အံဆွဲထဲထည့် သိမ်းကာ ရေခဲသေတ္တာထဲမှ ရေပုလင်းကို ဖန်ခွက်ဆေးပြီး ငှဲ့သောက်လိုက်ပါ၏။ ခဏအမောဖြေပြီးသည်နှင့် စာရင်းဇယားတွေကို စစ်ရတော့မှာလေ။ တစ်နေ့တစ်နေ့ ငွေစာရင်း ပစ္စည်းစာရင်းဇယားတွေနှင့် နပန်းလုံးနေရတာမဟုတ်လား။

ဒီကြားထဲ Computer ဖွင့်ပြီး စာရင်းသိမ်းရတာမို့ သွန်းရဲ့မျက်လုံးက Power တွေ လျော့ကုန်လေပြီ။ မမက ဆရာမမို့ မျက်မှန်တပ်တာ တင့်တယ်ပေမယ့် သွန်းက မျက်မှန်တပ်ရမှာကို စိတ်ပျက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို ခေတ်မီမီလေး ညှပ်ထားတာမို့ လူက ငယ်နုနေသည့် ဒီချက်ဖုန်ကြောင့် ရှိရင်းစွဲအသက်ထက် သုံးလေးနှစ် ကြီးသယောင် ထင်သွားမှာကို သေမတတ် ကြောက်ရွံ့သူပါလေ။

♥ ♥ ♥



## အခန်း (၄)

Taxi က ကုမ္ပဏီရှိရာ လမ်းချိုးအကွေ့ကို ကွေ့လိုက်သဖြင့် ကားက အနည်းငယ်စောင်းသွားပါ၏။ ခပ်မာမာအရာတစ်ခုက သူ့ပေါင်ရင်း ဘောင်းဘီနေရာကို လာထိသဖြင့် ငုံ့ကြည့်လိုက်မိပါသည်။

"ဟောဗျာ"

"ဘာလဲ အစ်ကို"

"ခုနကောင်မလေး ထီးမေ့ခဲ့ပြီ"

အဟုတ်ကို အဝါနှင့်အစိမ်းပုပ် ခေါက်ထီးအကွက်လေး ကျန်ခဲ့တာပါပဲ။ Shopping Mall ရှေ့မှာ ရပ်ဆင်းလိုက်တာမို့ အဲဒီဆိုင်တစ်လွှာလွှာမှာ လုပ်တဲ့မိန်းကလေးဖြစ်မှာပေါ့။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာမျှားပါလိမ့်။

"အစ်ကိုပဲ ယူထားလိုက်ပါလား၊ ကြုံတဲ့တစ်ရက် ပေးလိုက်လို့ရတယ်လေ"

"ကျွန်တော်မှ မသိတာ"

"အဲဒီ Mall မှာလုပ်တယ်လို့ ပြောတာပဲဗျ။ ကျွန်တော်က ဒီလိုင်းတစ်လိုင်းတည်းမှာ ဆွဲတဲ့ Taxi မဟုတ်လို့ပါ"

"ပြီးရောလေ၊ ကျွန်တော်ပဲ ယူထားလိုက်ပါ့မယ်"

အိမ်မှာ ကားနှစ်စီးရှိပေမယ့် ဖေဖေက တစ်စီး၊ သူက တစ်စီး စီးဖြစ်ပါ၏။ မေမေဈေးဝယ်စရာရှိတဲ့ရက်မျိုးမှာ သူ့ကားကို ထားခဲ့ပြီး Taxi ဖြင့်သာ ကုမ္ပဏီကိုလာဖြစ်လေသည်။ ကားကိုမလိုအပ်ပါဘဲ သူမသုံးဖြစ်ပါ။ Inport (သွင်းကုန်)ဝင်လာတဲ့ အခါမျိုးလောက်သာ သူ့ကားသူစီးပြီး ဆိပ်ကမ်းလို လေယာဉ်ကွင်းလိုနေရာကို ယူဖြစ်လေသည်။

နိုင်ငံခြားကလာသည့် ကုမ္ပဏီလူကြီးတွေကို သွားကြိုရင် ကုမ္ပဏီ GM ဖြစ်သည့် ကိုမိုးသုက (အမှန်တော့ သူနှင့်သက်တူရွယ်တူ) မကြိုရင် သူပဲသွားကြိုကာ၊ Hotel မှာ Room ယူပြီး တည်းခိုဖို့ကိစ္စတွေကအစ အကုန်လုပ်ပေးရလေ၏။ လက်ရှိရာထူးက မန်နေဂျာဖြစ်ပေမယ့် မိုးသုတလို Aircon ရုံးခန်းထဲ





မှာ ငြိမ့်ငြိမ့်လေး မထိုင်ရပါချေ။

ဟိုသွားဒီလွှတ်ဖြင့် ကုမ္ပဏီမှာ ငြိမ်ငြိမ်မနေရပါဘဲ လျှောက်သွားပြီး လုပ်ကိုင်နေရတာပါ။ ပင်လည်းပင်ပန်းသလို လခလည်း ကောင်းကောင်းရပါ၏။ သူ့ဖေဖေကိုယ်တိုင် ကုမ္ပဏီ Member ဖြစ်ပေမယ့် သူက သူ့ကိုယ်သူ ဘာကောင်ဆိုပြီး မထောင်လွှားတတ်ပါလေ။

လက်အောက်ဝန်ထမ်းတွေအပေါ်မှာလည်း နှိမ်ချ ဆက်ဆံတာမျိုးမရှိဘဲ တစ်ပြေးညီဆက်ဆံတတ်တာမို့ လူချစ်လူခင် ပေါလှပြီး ကုမ္ပဏီ MD ဖြစ်သည့် ဦးမိုးယံကပင် မျက်နှာသာပေးခြင်းခံရသည့်သူပါပဲ။ ဒီတော့ လက်မထောင် ရင်ကော့နေသည့် မိုးသုတ၏အမြင်မကြည်လင်ဘဲ ဘုကြည့်ကြည့်ခံရသည့် မန်နေဂျာပေါက်စလေး 'နိုင်းမြင့်မိုရ်'အဖြစ် 'ဆန်းသစ်စ'ကုမ္ပဏီမှာ ရပ်တည်ဖြစ်ခဲ့တာပင်။

"ကိုနိုင်းရေ"

"ဗျာ"

"မနေ့က Export List ကို GM ဆီ တင်လိုက်ဦးနော်၊ နေ့ Container ကျမှာတဲ့"

"အင်းအင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထောက်ကောင်လေး မောင်မြင့်ကျော်က သတိလှမ်းပေးလိုက်လေ၏။ MD ရုံးခန်းကို လူတိုင်း စွပ်ကယ်စွပ်ကယ် ဝင်လို့မှမရတာကို။ မန်နေဂျာချုပ် ဦးအုံးမောင်နှင့် မန်နေဂျာတွေသာ ဝင်ခွင့်ရှိပါသည်။ ထိုသို့ဝင်ရတိုင်း ဦးမိုးယံက အပြုံးနှင့်ကြိုလေ့ရှိပေမယ့် မိုးသုတကဖြင့် သူ့အပေါ် မကြည်သလိုမျိုး ရှုံ့စောင်ကြည့်လေ၏။ သူက လက်အောက်ဝန်ထမ်းပေကိုး။

ကိုင်လာသည့် File တွေကို အံဆွဲထဲ ထည့်သိမ်းဖို့ ခေါက်ထီးကိုပါ အတူထည့်ထားလိုက်ရပါ၏။ ဟိုကောင်မလေးကတော့ ထီးပျောက်တာကို မိုးရွာမှပဲ သတိရမယ်ထင်ပါရဲ့။ နေ့လယ် ထမင်းစားချိန် သွားရှာရမလား။ ကျစ်! ပြဿနာပဲ၊ Container က ဘယ်အချိန်ဆိုက်မယ်မှန်းမသိ။ အလုပ်က တစ်နေ့ ပိုတိုးသွားရပြီလေ။

အာရုံထဲမှာ 'နန်း'ကို ယဉ်ကျေးသိမ်မွေ့ပြီး နူးညံ့သည့် မိန်းကလေးဟု ယူဆထားတာမှန်ပေမယ့် ဒီနေ့မြင်တွေ့လိုက်ရသည့်ကောင်မလေးကဖြင့် ဆံပင်ခပ်တိုတိုလေးနဲ့ ခေတ်မီပြီး သွက်လက်တဲ့ပုံစံပင်မဟုတ်ပါလား။ မျက်နှာထက်မှာ အသင့်အတင့် ပြင်ဆင်ခြယ်သထားပေမယ့် အလွန်ကြီးမဟုတ်သလို ရေမွှေးနံ့ မရဘဲ Roll on ရနံ့သင်းသင်းလေးကိုသာ သူရခဲ့ရတာလေ။





အလိုလေး! . . . မိဘာသဘောတူထားတဲ့မိန်းကလေး အပေါ် စိတ်ဝင်စားမှုလျော့ပြီး အမှတ်တမဲ့ဆုံမိခဲ့တဲ့ ကောင်မလေးကိုမှ စိတ်ဝင်စားမိရတယ်လို့။ စိတ်ထိန်း 'နှိုင်းမြင့်မိုရ်'၊ နန်းကို နှိုင်းနှိုင်းသံမြန်ပြီး မချစ်သေးမှန်း သူအသိဆုံးပါပဲ။ သို့သော် သူချစ်တဲ့မိန်းကလေးကိုရော ဖေဖေတို့က သဘောတူနိုင်ပါ့မလား ဆိုတဲ့အသိစိတ်ကြောင့်သာ ဆင်ခြင်သုံးသပ်နေနိုင်ရတာပါလေ။

စာရင်းဇယားတွေဖြင့် အလုပ်ရှုပ်နေတာမို့ MD တို့သား အဖဝင်လာတာကို သူမမြင်လိုက်မိ။ သောစားပွဲရှိ မောင်မြင့်ကျော်က စားပွဲကို လက်ညှိုးဖြင့် နှစ်ချက်ခေါက်လိုက်တာမို့ Look out ဆိုသည့်သတင်းပေးချက်ကြောင့် ဆတ်ခနဲ မြန်မြန်ထရပ်လိုက်ရပါသည်။ ဦးမိုးယံက ဝန်ထမ်းအားလုံးကို ပြုံးပြနေပေမယ့် မိုးသုတကတော့ဖြင့် မှုံတေတေအကြည့်ကိုသာ တုံ့ပြန်လေ၏။

"နှိုင်းမြင့်မိုရ် . . . ခဏ"

"ဟုတ်ကဲ့ပါ GM "

ခေါ်ပုံကိုက အထက်စီးက မဟုတ်ပါလား။ ဖေဖေကိုယ်တိုင် သားဖြစ်သူကို ဒီကုမ္ပဏီမှာ မျက်နှာငယ်နဲ့ အလုပ်လုပ်နေစေမှန်းသိသော်လည်း 'အောက်သက်ကျေမှ လူပီသ'ဆောင်ပုဒ်ကို လက်ကိုင်ဆွဲပြီး သူ့ကိုနေစေတာပါလေ။ မနေ့တုန်းက လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် အပြီးသတ် Inport List File ကိုကိုင်လျက် ရုံးခန်းရှိရာဆီ လှမ်းခဲ့ပါ၏။

"ဒေါက်! . . ဒေါက်! . . ."

မှန်ချပ်များ ကာထားပေမယ့် တံခါးခေါက်သံကိုတော့ ပြုရလေ၏။ များသောအားဖြင့် MD ရှိနေရင် လိုက်ကာတွေကို ဆွဲပိတ်ထားတတ်ပါသည်။ GM ကဖြင့် တစ်ရုံးလုံးကို မျက်စိဒေါက်ထောက်ပြီး အပြစ်ရှာသလိုနှယ် ကြည့်တတ်တာမို့ လိုက်ကာကို ဆွဲထားလေ့မရှိပါချေ။

သူဝင်လိုက်စဉ် ဦးမိုးယံက လက်ထောင်ကာ နှုတ်ဆက်လိုက်ပါ၏။ ပြီးနောက် Phone ပြောလက်စကို ဆက်ပြောနေပါသည်။ သူက GM မိုးသုတစားပွဲရှေ့ထိုင်ခုံမှာ အသာဝင်ထိုင်လိုက်ပါ၏။ သူတို့ GM က ဘေးမှာရပ်နေရင် လူကိုမော့ကြည့်ရတာမို့ ဇက်ညောင်းသတဲ့။ အဲဒီလိုအပြစ်ကိုရှာကြံပြောတတ်တဲ့လူပါပဲ။'

"မနေ့က"

သူပြောနေရင်း Phone ဝင်လာတာမို့ မိုးသုတက လက်ပြကာ ရုံး Phone တစ်လုံးကို ကောက်ကိုင်လိုက်ပါ၏။ သူတို့အလုပ်မှာက မိန်းကလေးဝန်ထမ်း မရှိသလောက်ပါပဲ။ Sec-





retary တွေ PA တွေထားတာမျိုးလည်းမရှိဘဲ MD ဘာလိုလို GM ဘာပဲလိုလို လိုက်ပြီးကူရတာက သူတစ်ဦးတည်းသာပါလေ။

"ဟုတ်တယ်၊ ပြောလေ။ အင်း! နေ့လယ် နှစ်နာရီနော်။ သေချာလား. . . ပစ္စည်း List က Fax... ဟုတ်ပြီ၊ ပုံးကရော နှစ်ဆယ်နော်။ ရပြီ . . . ဦးကောင်းဖုံ၊ ကျေးဇူး"

ကိုယ့်ထက်အသက်ကြီးတဲ့လူကို ပြောတဲ့လေသံက ခပ်မာမာတောင့်တောင့်ပါပဲလား။ အင်းပေါ့လေ၊ ရာထူးကိုကြည့်ပြီး ပြောရတာကိုး။ သူကဖြင့် ကိုယ့်ထက်ရာထူးငယ်ပေမယ့် သူ့ထက် အသက်ကြီးတဲ့လူကြီးတွေကို 'ကျွန်တော်'လို့ တရိုတသေ သုံးလေ့ရှိပါသည်။ ရာထူးကြည့်ပြီး နိမ့်သလိုပြောရမှာကို မျက်နှာပူ အားနာမိရတာပါလေ။

"ဒီနေ့ Container က နေ့ခင်းနှစ်နာရီကျမယ်၊ ခဏနေ Fax ဝင်လာလိမ့်မယ်။ Lunch စားပြီးတာနဲ့သွားပါ နိုင်းမြင့်နော်"

"ဟုတ်ကဲ့ပါ GM... ဒါ ဟိုတစ်ပတ်က လက်ခံပစ္စည်းစာရင်းပါ"

"ထားခဲ့လိုက်လေ"

လက်ထဲမှ File ကို GM မိုးသုတရှေ့စားပွဲပေါ် ရှိသေ



www.burmeseclassic.com

www.burmeseclassic.com



စွာ တင်ပေးလိုက်ရပါ၏။ တကယ်ဆို သူ့လက်ထဲကနေ ယူလိုက်ပြီး တစ်ချက်စစ်ပြီးမှ ထားခဲ့ဖို့ပြောသင့်တာမဟုတ်လား။ မတော်တဆ File မှားပေးခဲ့ရင် သူ့ခေါင်းပေါ်ပဲ ပုံကျတော့မှာလေ။

"သြော်! မေ့တော့မလို့၊ ညနေငါးနာရီမှာ Meeting ရှိတယ် နှိုင်းမြင့်မိုရ်"

"ဟုတ်ကဲ့. . . Staff တွေအကုန်လုံးလား GM"

"No!... no!... မဟုတ်ဘူး။ မန်နေဂျာတွေနဲ့ Supervisor အကြီးပိုင်းတွေပဲ။ ပြီးမှ သူတို့ကိုတစ်ဆင့်ပြန်ရှင်းပြလိုက်ပါ။ သွားလို့ရပြီ"

"ဟုတ်ကဲ့ပါ GM..."

တွေ့လား. . . အမိန့်က ပေးတတ်တာလေ။ သွားပါပြီ နေ့လယ်မှာ Contariner ချရင် ဟို Shopping Mall ကို ဘယ်လိုသွားလို့ရမှာလဲ။ ညနေသွားဖို့ ရည်ရွယ်လိုက်ပေမယ့် Meeting တဲ့လေ။ Shopping Mall မှာလုပ်တဲ့ကောင်မလေးရယ်၊ ကိုယ်ရင်မောလိုက်ရတာနော်။

သွားလေရာကို ဒီထီးယူသွားလို့က မဖြစ်။ ယောက်ျားလေးဖြစ်ပြီး မိန်းမဆောင်းခေါက်ထီးလှလှလေး ကိုင်သွားခဲ့ရင် နှိုင်းမြင့်မိုရ်ကို 'ဘာကြီးလဲ'ဆိုပြီး ကြည့်ကြတော့မှာမဟုတ်ပါလား





ဆော်တော်ကြီး ကြိုးစားသိမ်းထားရဦးမှာထင်ပါရဲ့။ ခက်တာက နေ့ဆင်းချိန် မိုးသာရွာချရင် အဲဒီကောင်မလေးရဲ့ ခပ်လှလှမျက်နှာလေး ငိုမဲ့မဲ့ဖြစ်နေမှာကို စိုးရိမ်နေမိတာပါလေ။ မေ့တတ်တဲ့ မိန်းကလေးကို ဒီလိုကြီးတော့ ရက်စက်ပြီး ပြစ်ဒဏ်မချလိုက်ပါနဲ့လား မိုးဒေဝါရယ်။

"အစ်ကို. . . Fax ဝင်ပြီ"

"အေးအေး. . ."

နံရံထောင့်စားပွဲမှ တတီတီအသံကြောင့် Fax ဝင်လာပြီမှန်း သိသဖြင့် လုပ်လက်စအလုပ်ကို ရပ်ထားလိုက်ရပါသည်။ စာရွက်က ခပ်မြန်မြန်ထွက်လာတာမို့ သိပ်မစောင့်လိုက်ရပါချေ။ စာရွက်ကိုဖတ်ရင်း ယူသွားရမည့်ပစ္စည်းတွေကို စားပွဲထက် စု တင်လိုက်ပါသည်။ သူက စနစ်တကျနှင့် သေသေသပ်သပ်လုပ်တတ်သူမို့ နှစ်ကြိမ်ထပ်လုပ်ရတာမျိုး ဘယ်တော့မှမရှိပါလေ။

နေ့လယ်ထမင်းစားချိန်မှာ ကုမ္ပဏီ Canteen ကို ခပ်စောစောဆင်းလာခဲ့ရပါ၏။ ဝန်ထမ်းအကုန်စုံရင် နေရာမရတတ်ပါချေ။ ပြီးတော့ သူက သွားစရာရှိသေးတာမို့ ခါတိုင်းလို ခပ်နောက်ကျကျမှ မဆင်းဖြစ်ဘဲ စောဆင်းသွားရတာပါလေ။

"ကိုနှိုင်း ဘာနဲ့စားမှာလဲ၊ ထုံးစံအတိုင်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

စားပွဲထိုးလေးက သူ့ကိုလှမ်းမေးကာ ကောင်တာဆီ သွားမှာပေးလေ၏။ အရင်က ဒီလို Waiter တွေ ထားလေ့မရှိပေမယ့် ဝန်ထမ်းတွေ ဟိုဒီသွားပြီး ရှုပ်ယှက်ခတ်ကုန်တာမို့ စားပွဲထိုးဝန်ထမ်းသုံးဦး ထားပေးလိုက်မှပဲ အဆင်ပြေသွားရတာပါလေ။ တအောင့်အကြာမှာ သူထိုင်နေသည့်စားပွဲသို့ လင်ပန်းဖြင့် သယ်လာပေးလေ၏။

"အမြဲတမ်းစားနေရတာ မငြီးငွေ့ဘူးလား"

"အိမ်မှာ တခြားဟင်းစားရပါတယ် ညီညီရာ"

ချာတိတ်က သူ့စားပွဲထက်မှာ စားပွဲဝိုင်းပြင်ပေးလိုက်လေသည်။ ထမင်းတစ်ပန်းကန်နှင့် လိုက်ပွဲ၊ ကြက်အသည်းအမြစ်ဟင်း၊ ချဉ်ပေါင်ကြော်၊ ငါးပိချက်၊ ဘူးသီးဟင်းချိုနှင့် တို့စရာက ခရမ်းပြုတ်သီးနှင့် ပဲစောင်းလျားသီးအနည်းငယ်။ ဝန်ထမ်းထမင်းစားကတ်ဖောက်ပြီး စားရတာမို့ ကိုတာနဲ့စားရတာပါပဲ။

နန်းတို့အိမ်မှာ ဖွယ်ဖွယ်ရာရာပြင်ပြီး စားခွင့်ရခဲ့တာကိုပင် သတိရလိုက်မိလေ၏။ အစားကို ခပ်သွက်သွက်စားကာ ပန်းဆိုးတန်းဆိပ်ကမ်းဆီ ကုမ္ပဏီမှကားဖြင့် အမြန်ဆုံးပြေးခဲ့ရပါ၏။ သင်္ဘောက ကြိုပြီးများ ရောက်နေလေပြီလား။ အစာတောင်





ဘယ်လိုချက်သွားမှန်းမသိ၊ အလုပ်ကို အပြေးအလွှားလုပ်နေရတာလေ။

ထင်ထားသည့်အတိုင်းပါပဲ၊ Container တွေက ကုန်းပေါ်မှာ ချပြီးနေချေပြီ။ ဝင်းထဲသို့ ကားက ခပ်ဖြည်းဖြည်းဝင်ကာ ရပ်လို့ရတဲ့နေရာကို ရှာရပ်လိုက်ရပါ၏။ ဒရိုင်ဘာက ကားမောင်းဖို့ တာဝန်ပဲယူရတာမို့ ပစ္စည်းထုတ်ဖို့ ဝန်တင်ဖို့တာဝန်က သူ့တာဝန်ပါလေ။

ရုံးခန်းရှိရာဘက်သို့ Fax ပြပြီး ပစ္စည်းထုတ်ရန် လမ်းလျှောက်လာခဲ့စဉ် သူ့နံဘေးမှ ကားအဖြူလေး ခပ်ဖြည်းဖြည်းဖြတ်သွားလေ၏။ နောက်ခန်းမှာထိုင်ပြီး စာရွက်စာတမ်းတွေလှန်လှောကြည့် အလုပ်ရှုပ်ရင်း ပါသွားသည့်မိန်းကလေးကြောင့် သူ့ခြေလှမ်းတွေ ရပ်သွားရလေတော့သည်။ Mall က ကောင်မလေးဖြစ်နေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ရလာပြီ မဟေမာ"

"ဟဲ့! မြန်သားပဲ၊ အကုန်စစ်လာခဲ့ရဲ့လား သွန်း"

"စစ်လာပါတယ် မမရဲ့၊ သွန်းတို့ပုံးက အသေးငါးပုံးပဲ ဟာ။ တခြားပစ္စည်းပုံးတွေနဲ့ မှားစရာမရှိပါဘူး။ ကုမ္ပဏီတံဆိပ် Logo က သူများတွေနဲ့မှ မတူတာဘဲ"

"အေးလေ. . . ဟုတ်ပါတယ်"

"ကေသီရေ၊ ဖယ်ကိုလွှတ်လိုက်ပါ"

"ဟုတ်ကဲ့မမ"

စတိုထဲမှာ ပစ္စည်းသိမ်းရမှာမို့ ပုံးဖောက်ပြီးမှ သိမ်းရတာလေ။ Foreign made ပစ္စည်းတွေချည်းမို့ မပွန်းမပဲ့ မကျိုး



www.burmeseclassic.com

www.burmeseclassic.com



မကြေရအောင် ဂရုစိုက်ရပါ၏။ ပြီးရင် ပစ္စည်းကိုသုံးပုံပုံပြီး ဆိုင်သုံးဆိုင်ကို သွန်းကိုယ်တိုင် ခွဲပို့ရမှာပါ။

"ငါရောက်ပြီ သွန်း"

"အေး. . . ပပ၊ ဘယ်ပုံက အရင်စဖောက်ရင် ကောင်းမလဲ"

"နာရီနဲ့အလှကုန်ဘူးပဲ ဖောက်လေ သွန်းရဲ့။ ပြီးမှ အိတ်နဲ့ဖိနပ်"

"အေးအေး. . . ပြီးရော"

အလုပ်သမားသုံးလေးယောက်နှင့်အတူ Package တွေကို ဖောက်လိုက်ပါ၏။ ပစ္စည်းတွေကို Code နံပါတ်ဖြင့် တိုက်စစ်ကာ နံပါတ်စဉ်မှတ်ပြီး သုံးပုံးခွဲလိုက်ပါသည်။ ဒီ Mall က ရုံးချုပ်မို့ ပစ္စည်းပိုတင်ရပြီး ရောင်းအားလည်း ပိုကောင်းပါ၏။ ရန်ကုန်မှာ သုံးဆိုင်ရှိတာတောင်မှ AROMA Boss က အားမရသေး။ မန္တလေးနှင့် နေပြည်တော်တို့မှာ ထပ်ဖွင့်ဦးမတဲ့လေ။

ချမ်းသာတဲ့သူတွေအတွက်ကဖြင့် လက်ညှိုးညွှန်ရာ ရေဖြစ်တာချည်းပဲမဟုတ်ပါလား။ ငွေရင်းရှိရုံနဲ့ အမြတ် ဘယ်ရွေ့ဘယ်မျှရမယ်ဆိုတာကို တွက်ချက်ပြီး ရှာတတ်တာလေ။ ဒါဆိုသူကရော. . . ဟုတ်တယ်၊ သူလည်း ဒီပုပ်ထဲက ဒီပဲ (မဟုတ်





သေးပါဘူး) ဒီအိုးထဲက ဒီရွှေပဲမို့ ထိုနည်းလည်းကောင်းပဲမဟုတ်ပါလား။

စီးပွားရေးကိုသာ အာရုံစိုက်ပြီး ဖောက်ချလုပ်နေတာမို့ အချိန်မအားလပ်တာကို သွန်းအသိဆုံးပါပဲ။ ကျောင်းနေတုန်းကလို နေ့စဉ်မြင်တွေ့ စကားပြောခွင့်က ကြက်ပျောက်ငှက်ပျောက်လွင့်ပါးသွားပြီပဲ။ ဟိုအရင်လို နားနားတိုးပြီး ခပ်တိုးတိုးလေသံနဲ့ 'ချစ်သေးရဲ့လား' ဆိုသည့်မေးခွန်းမျိုးမေးဖို့ အင်အားတို့ လျော့ပါးကုန်ပြီလေ။

"သွန်း"

"ဟင်. . ."

"ဘာငိုင်နေတာလဲ၊ City mart နဲ့ FMI ကိုသွားရဦးမှာလား"

"အင်း"

"ဒီနေ့လည်း ပင်ပန်းရဦးမှာပေါ့လေ"

"မသွားလို့မဖြစ်ဘူး ပပရဲ့၊ စာရင်းဟောင်းနဲ့ ငွေသိမ်းပြီးမှ ပစ္စည်းအသစ်ထပ်ပို့လို့ရမှာ။ နို့မို့ လက်ကျန်နဲ့အသစ်ရောသွားပြီး ငါပြဿနာတက်သွားမှာပေါ့"

"နင်တော့ မိုးမိဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘောပင်ဖြင့် ပစ္စည်းတွေမှတ်နေရင်းမှ စတိုပြင်ပ ကောင်းကင်ကိုလှမ်းမော့ကြည့်လိုက်မိ၏။ ဟုတ်ပါရဲ့၊ ကောင်းကင်တစ်ခွင် မိုးသားတို့ ညို့နေတာပါလေ။ 'ထီးဆောင်းနော်၊ မပျင်းနဲ့' ဆိုပြီး သွန်းအတွက် သူလက်ဆောင်ထီးလေး ပေးခဲ့တာမဟုတ်လား။ သူ့နာမည်ကသာ 'မိုးသုတ'။ လူက မိုးစိုမှာကို သေအောင်ကြောက်တဲ့လူ။ ပြီးတော့ သူက အအေးမိတာနဲ့ ဖျားတတ်လေ့ရှိတဲ့လူပျော့လေးတစ်ယောက်ပါပဲ။

သွန်းကဖြင့် ခပ်မာမာနဲ့ ခပ်တေတေရယ်။ မိန်းကလေးဖြစ်ပေမယ့် စိတ်ကမပျော့ပါ။ စကားပြောရင်လည်း ဘုနဲ့ဘောက်မို့ သူနဲ့ မကြာခဏ စကားများ။ စိတ်ကောက်ရတာလေ။ စိတ်ကောက်တယ်ဆိုတာ မိန်းကလေးတို့ရဲ့ဘာသာဘာဝမဟုတ်လား။ ဒါကို သူက သိသိကြီးဖြစ်ပါလျက် မသိယောင်ဆောင်ပြီး သွန်းကို ချော့ဖို့ စိတ်ကူးလုံးဝမရှိခဲ့ပါချေ။

"ငါ ထီးပါပါတယ်ဟဲ့"

"တော်သေးတာပေါ့"

ဟုတ်တယ်။ ဒီနေ့ယူလာတဲ့ထီးက သူ သွန်းကိုပေးထားတဲ့ထီးလေ။ အဝါနှင့်အစိမ်းပုပ်အကွက်လေးပါ။ သွန်းက အနားတွန့်လေးတွေပါတဲ့ထီးမျိုး နှစ်ခြိုက်ပေမယ့် သူက မျက်စိရှုပ်တယ်





ဆိုပြီး ခပ်ရိုးရိုးရှင်းရှင်းထီးမျိုးကိုသာ ဆောင်းနိုင်းတတ်ပါ၏။ ကဲ! အဲဒီတော့ 'သွန်းရွှေစင်'ဆိုတာ သူ့စိတ်သဘောနဲ့ စိတ်တိုင်းကျထားရာနေ စေရာသွား၊ သူပိုင်တဲ့ကောင်မလေးဖြစ်နေရတာလေ။

"အဲဒီကောင်ဟာ သူ့အဖေနေရာယူလိုက်မှ အရင်ထက်ပိုပြီး ဆောင့်ကြွားဆောင့်ကြွားကို ဖြစ်နေတာ၊ ငါသိပ်ကြည့်လို့ရတာမဟုတ်ဘူး။ နင့်လူမို့သာ"

ပပစကားကြောင့် သွန်း ပြုံးလိုက်မိပါ၏။ သူနဲ့ပပကမှတစ်လမ်းတည်းနေကြသလို အိမ်ချင်းလည်း ကပ်လျက်ပေကိုး။ သွန်းတို့က တစ်ရပ်ကွက်တည်းနေပေမယ့် နှစ်လမ်းခြားနေတာပါ။ ကျောင်းသူဘဝကဖြင့် ပပဆီ သွန်း မကြာမကြာ သွားလည်တတ်သလို ပပဆိုရင်လည်း သွန်းတို့အိမ်မှာ စားအိမ်သောက်အိမ်လေ။ ခုတော့ အလုပ်ဝင်နေကြပြီမို့ ဆိုင်မှာသာ ဆုံဖြစ်ကြလေ၏။

"သူ့ကိုစောင့်ကြည့်နိုင်းထားတာ မမေ့နဲ့ဦး"

"အေးပါ"

"ညှော်သည်တွေလာလည်ရင် ငါတို့အရွယ် မိန်းကလေးမျိုးပါမပါ သေချာစုံစမ်းနော်"

ပပမျက်စောင်းက သွန်းထံရောက်လာချေပြီ။ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သွန်းအလွန်ပဲဖြစ်မှာပါလေ။ ကိုယ်က ပိုချစ်ရတဲ့လူမို့ ရင်ပိုပူရပါသတဲ့။ ဟုတ်ပါတယ်၊ သွန်းမှာသာ တစ်နေ့တစ်နေ့ သူ့နောက်ထပ် (သွန်းအပြင်) ချစ်သူအသစ်ရသွားမှာကို စိုးရိမ်စိတ်က စက္ကန့်မလပ်ရှိနေရပေမယ့် သူကဖြင့် သွန်းအပေါ်မှာ အေးစက်စက်။ လုပ်နေတဲ့အလုပ်မှာလည်း မိန်းကလေးတွေချည်းမို့ ဘယ်သူနဲ့စကားပြောလဲ၊ ဘယ်လောက်ရင်းနှီးသလဲ၊ ဘယ်ကောင်နဲ့တွဲမလဲဆိုတာမျိုး ပူပန်တာ တစ်ကြိမ်တစ်ခါမှမရှိခဲ့ပါချေ။

"ငါသိပ်မပြောချင်ပါဘူးဆိုနေမှ"

"ဘာကိုလဲ"

"နင့်ကို အသည်းယားလွန်းလို့လေ. . . ဘယ့်နှယ်ယောကျ်ားလေးဖြစ်တဲ့သူက ပူပန်မယ်မရှိ၊ နင်ချည်း ပူပန်လွန်းလို့"

"ဪ. . . ဒါကတော့ သူက အရာရာပြည့်စုံတဲ့သူကိုး ပပရဲ့"

"ဘာပြည့်စုံတာလဲ၊ ငါတို့ကမှ ကိုယ့်အရည်အချင်းနဲ့ကိုယ်ရာထူးအလုပ်ကို ရထားတာ။ ဒင်းကဖြင့် ဖအေ့နေရာ အဆင်သင့်ချပေးထားတဲ့ခုံပေါ် ထိုင်ရတာကိုများ၊ ဘာအချင်းများ ရှိလို့တုန်း။ အဆင်းဆိုတဲ့ရုပ်လေးပဲ သနားကမားရှိတဲ့ကောင်၊ ဟွန်း"





"နင်ကလည်း"

"အဟုတ်ပြောတာ၊ ငါသာ ယောကျ်ားလေးဖြစ်ရင် နင့်ကိုအလိုလိုက်ပြီး လက်ဝါးပေါ်တင်၊ ဟောဒီလို ဖူးဖူးမှုတ်ထားတယ်။ ဒင်းလိုတော့ နင့်ကို လိုမှသုံးတဲ့ Tissue လို မသုံးပါဘူး"

သွန်း ရယ်မိချေပြီ။ 'ချစ်သောစိတ်ဖြင့် ကြည့်တတ်ပါ' တဲ့။ သွန်းက သူ့အပေါ် ချစ်တဲ့စိတ်အပြည့်နဲ့ ဘာမဆို သည်းခံခွင့်လွှတ်ပေးလေ့ရှိပေမယ့် ပပကတော့ သူငယ်ချင်းပေကိုး။ ဖူးဖူးမှုတ် အလိုလိုက်မတဲ့။ တစ်ခါသုံး Tissue တဲ့လား. . . သွန်းအပေါ် ဒီလိုပဲ တကယ်သဘောထားတာများလား သုတရယ်။

"အဲဒီလိုတော့ မပြောပါနဲ့ဟယ်၊ သူက ဒီလောက်ကြီးဆိုးပါဘူး။ တစ်ဦးတည်းသောသားဆိုတော့လည်း"

"အေးပေါ့၊ ဒါကြောင့် ဥတစ်လုံးစိတ် အမြဲရှိတာ။ ငယ်ငယ်ကတည်းက ဘာစာစား နှစ်ခုမရရင် မဝဘူးဆိုလို့ နင့်မုန့်ကိုလုစားခဲ့တာမဟုတ်လား။ နင့်ဘက်က အလျှော့ပေးလေ၊ ဒင်းက ကမ်းတက်လေပဲ။ လောဘကြီး စိတ်ပုပ်ကောင်၊ အလိုက်ကမ်းဆိုးမသိ၊ မြင်ပြင်းကိုကပ်တယ်"

သွန်းပါမက ပစ္စည်းထည့်နေသည့်ကောင်မလေးတွေပါပြုံးသွားပြီး ရယ်ကြချေပြီ။ ပပပြောမှပဲ သွန်းအပေါ် သူ့အဘယ်



www.burmeseclassic.com

www.burmeseclassic.com



မျှ အနိုင်ယူ မိုလ်ကျခဲ့သလဲဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်သာသွားရတာပါလေ။ ဟုတ်ပါတယ်၊ ကလေးဘဝကတည်းက ငှက်သိုက်မုန့်စားလည်း ဤသို့၊ အာတာပူစီစားလည်း ဤနှယ်၊ Ice-cream စားလည်း ထိုနည်းလည်းကောင်း မြှူခဲ့တာ သူတပါပဲ။

သွန်းကိုယ်တိုင်ကိုက အချိုသိပ်မကြိုက်သူမို့ သူစားမယ် ပြောတာနဲ့ 'ရော့! အင့်' ဆိုပြီး ရက်ရက်ရောရော ပေးကျွေးမိခဲ့တာကိုး။ 'အကျင့်' တဲ့၊ အဲဒီအကျင့်က သွန်းထံမှာ အရိုးစွဲအောင် ရှိနေတာမို့ သူကောင်းကောင်းကြီး အခွင့်ယူတတ်တာပါလေ။ ဒီတော့ ဘယ်သူ့မှာ အပြစ်ရှိပါသလဲ၊ အမှန်ဆို သူတောင်းလည်း သွန်းဘက်က 'ဟင့်အင်း' လို့ ငြင်းဆန်တာမျိုးသာရှိရင် မုန့်နှစ် ခုစားတဲ့အကျင့်က သူ့မှာရှိမှာမဟုတ်ပါဘူး။

''သူသာ တကယ်ချစ်ရိုးမှန်ရင် နင့်အပေါ်မှာ အနစ်နာခံတာမျိုး ရှိသင့်တာ''

''နင်ကလည်း ရန်သူကြီးကျနေတာပဲ။ သိပ်မဖဲ့ပါနဲ့ ပယရယ်''

''အေး. . . နင် ဒီလိုသည်းသည်းလှုပ်ပြနေလို့ ဒင်းက ခပ်ပေါ့ပေါ့သဘောထားတာ။ မုန့်နှစ်ခုစားကျင့်ရှိတာက ကိစ္စမ





ဘူး ရည်းစားနှစ်ယောက်ပြိုင်ထားမှ မျက်ရည်မကျလေနဲ့ သွန်းရွှေစင်''

''ဘယ်လို''

ရင်ထဲအောင့်သက်သွားရပါ၏။ ပြောရက်ပါပေ့ ပယရယ်၊ ချစ်သူနှစ်ယောက်တဲ့လား။ ဟင့်အင်း. . . ဘယ်ဖြစ်ပါ့မလဲ။ အဲဒီအခါ နဂိုကတည်းက သူနဲ့စကားများ ရန်ဖြစ်လေ့ရှိတဲ့သွန်းအပေါ်မှာ သူ သံယောဇဉ် ပိုနည်းသွားဖို့ပဲရှိမှာပေါ့။

မဖြစ်ဘူးနော်၊ မဖြစ်ဘူး. . . မုန့်ကိုသာ ခွဲဝေကျွေးလို့ရပေမယ့် နှလုံးသားဆိုတာ တစ်ခုတည်းသောအရာမို့ ခွဲပေးလို့မရတာလေ။

သုတရယ်. . . ငါစိတ်ပူရအောင် နင်လုပ်မယ်တော့မကြံနဲ့နော်။ ငါက လက်ပိုက်ကြည့်နေမယ့် ခပ်နုံနုံခပ်အအ မိန်းမမဟုတ်တာဘဲ။

''ကြည့်! ဒီလောက်လေးပြောရုံနဲ့ မျက်စိမျက်နှာက ပျက်ချင်နေပြီ။ တကယ်ပဲ''

''နင်ကလည်းဟယ်. . . သူ့ကိုအဲဒီလိုမပြောပါနဲ့''

''ငါလည်းမပြောချင်ပေါင်၊ နင့်ကြောင့်မို့လို့သာ သည်းခံနေရတာ။ ဒင်းကို အစကတည်းက သိပ်ကြည့်လို့ရတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှင်ကချည်း သည်းညည်းခံနေလို့ ဒင်း ရောင့်တက်လွန်း
နေတာ''

သွန်း ပြုံးမိပြန်လေ၏။ သူတပြောခဲ့တုန်းက ပပကို ဒီ
ဘဝမှာ 'အပျိုကြီးဖြစ်မှာ'တဲ့လေ။ ပစိပစပ်များပြီး အမြဲတမ်း
ပွစိပွစိပြောတတ်တာမဟုတ်လား။ တဗျစ်တောက်တောက် ပြော
တတ်တဲ့အကျင့်က သွန်းရဲ့မမနဲ့တူနေတာပါလေ။

''ဘာပြုံးတာလဲ''

''မဟုတ်ပါဘူး''

''ဘာလဲ. . . ငါ ပွစိပွစိလုပ်တာကို ပြုံးတာမဟုတ်လား
ငါပြောနေတာ နင့်အတွက်ပါ သွန်းရဲ့''

''သိပါတယ်၊ ငါဘာပြောလို့လဲ။ နင်ဟာလေ. . . ကြ
လေလေ မမနဲ့ပိုတူလာလေပဲ၊ သိလား''

''ဘာပြောတယ်''

'နင်မချစ်တတ်သေးလို့ပါ ပပရယ်၊ ချစ်တတ်လာတဲ့အခါ
ကိုယ့်ချစ်သူအပေါ်မှာ ဘယ်လိုစိတ်မျိုးထားပြီး ဘယ်လော
အနစ်နာခံတတ်သလဲဆိုတာကို ချစ်တတ်မှသာ ပိုနားလည်နိုင်
လာပါလိမ့်နော်''

''မလိုပါဘူးဟယ်၊ ကြီးကြီးကျယ်ကျယ်တွေ ပြောနေ





မ်းပါနဲ့။ ကိုယ်က ပိုချစ်မှတော့ ကိုယ်ပဲရှုံးမှာကို ကြိုသိနေလို့
နင့်ကိုနမူနာယူပြီး ဝေးဝေးက ရှောင်ပါတယ်''

ပပက ဆလံသပုံနှင့်ပြောလေ၏။ ဟုတ်ပါတယ်၊ အချစ်
ဆိုတာ ချစ်တတ်တဲ့သူတွေမှသာ အဲဒီအချစ်ကို နားလည်နိုင်တာ
မဟုတ်ပါလား။

လူတစ်ဦးနှင့်တစ်ဦး မေတ္တာထားနိုင်မှသာ ကမ္ဘာကြီး
ငြိမ်းချမ်းလာနိုင်သလို သွန်းတို့လို ဆန့်ကျင်ဘက်လူသားတွေ
အတွက် ချစ်မြတ်နိုးစိတ်ရှိမှသာလျှင် ဘဝက အေးချမ်းပြည့်စုံ
နိုင်မှာလေ။

ဒါတွေကို သူရော သဘောပေါက်နိုင်ပါ့မလား။ စိတ်ထဲ
မှာရှိသမျှ ကုမ္ပဏီ၊ စီးပွားရေး၊ ငွေကြေးဆိုပြီး ရှေ့အနာဂတ်ကို
မျှော်ကြည့် ဆက်လျှောက်နေရုံးမှန်ရင် သွန်းအပေါ်ထားတဲ့ချစ်
ခြင်းတွေ တစ်စစ လျှော့ပါးကုန်ပေမပေါ့။

ကိုယ်က ပိုချစ်လို့ ပိုရင်ပူရသတဲ့။ အဲဒီလို ရင်ပူရတာ
တွေကို သွန်း မခံစားချင်ပါလေ။

သူတရယ်. . . စာနာစိတ်သာ ရှိခဲ့ရင် သွန်းရင်ထဲက
ဝေဒနာတွေကို လျော့ပါးပျောက်ကွယ်အောင် ပြုလုပ်ပေးလှည့်
မလား။



www.burmeseclassic.com

www.burmeseclassic.com



တို့တွေ မဆုံဖြစ်တာ ခုဆို တော်တော်ကြာနေပြီနော်။ မကြာခဏ စိတ်ကောက်တတ်လို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး သွန်းကို ခေါက်ထားတာများလား သုတရယ်။

♥ ♥ ♥



## အခန်း (၆)

ခေါင်းနားပန် ကြီးသွားရပါ၏။ ပစ္စည်းကတော့ အသေ ချာကို ပျောက်ချေပြီ။ တခြားဟာဆို ထားပါတော့။ သူဝယ် ထားတဲ့ထီးမှ ပျောက်ရတယ်လို့။ သိရင်တော့ သွန်း နားပူ အောင်ကို အဆူခံရတော့မှာပါလေ။

''ဘယ်လိုဖြစ်နေပြန်တာလဲ''

''ငါ သေသာသေလိုက်ချင်တော့တာပါပဲ ပပရယ်''

''အေးလေ. . . နင် ဒီလို တီကောင်ဆားပက် တွန့်တွန့် လို့ပဲ မေးနေတာကို''

''ပျောက်သွားပြီဟ''

''ဘာရယ်. . . ပိုက်ဆံအိတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်! ဘယ်ကသာ. . . ထီး"

"ဘာ! ဟိုထီးအကွက်လေးလား"

"အေး. . . ဒါကြောင့် သေချင်တယ်လို့ပြောတာပေါ့။ ဒုက္ခပါပဲ၊ ရုံးဆင်းခါနီးမှ ဒီမိုးကလည်း စဲကိုမစဲတော့ဘူး။ တကယ်ပဲ. . ."

အပြစ်မရှိပါဘဲ မိုးမင်းကို ပြောမိပြန်ချေပြီ။ သဘာဝတရားက သူ့အလိုလိုဖန်တီးထားတာကို သွန်းတို့လိုလူတွေက ပူရင်ပူပြန်လို့၊ အေးရင် အေးပြန်လို့၊ ရွာရင်လည်း ရွာပြန်ရော ဆိုပြီး ပြစ်တင်တတ်ကြတာမဟုတ်လား။ ဒါကြောင့်လည်း 'လူ့အလို နတ်မလိုက်နိုင်' ဆိုတဲ့ဆိုရိုးစကား ပေါ်လာတာလေ။

"သေချာရှာပါဦး သွန်းရယ်၊ အထားမျှား မှားသလား နင် ဒီနေ့ ဆိုင်သုံးဆိုင်လုံးကို ပြေးသေးတာလေ။ စဉ်းစားကြည့်ပါဦး"

"အင်း. . ."

ခပ်ညည်းညည်းလေး သက်ပြင်းရှိုက်လိုက်မိ၏။ ဟိုတစ် ဆိုင်တွေကိုသွားစဉ်က ကုမ္ပဏီကားနဲ့ကိုး။ မိုးလည်းမရွာတာမို့ ထီးကိုသတိမရတာအမှန်ပါ။ ဒီရောက်တာနဲ့ ထမင်းချိုင့်နဲ့အတူ တွဲပြီး သိမ်းကျင့်ရှိတာလေ။ စဉ်းစားစမ်း! ဘယ်နေရာမှာများ





ကျန်ခဲ့သလဲ။

ပြဿနာကဖြင့် အတုံးလိုက်အတစ်လိုက် ဖြစ်ပြီကော။ သူက ထစ်ခနဲဆိုတာနဲ့ စိတ်က တိုတတ်တာပါလေ။ 'ငါဝယ်ပေးထားတဲ့ထီး ဘာလို့မဆောင်းတာလဲ' လို့ မကြာခဏမေးတတ်ပါ သွန်းကလည်း မညာတတ်တဲ့ကောင်မလေးမို့ ဖုံးကွယ်မိတာ မျက်နှာပေါ်မှာ အကုန်ပေါ်လွင်ပြီး သိကြတတ်တာမဟုတ်ပါလား

"သွားပါပြီ"

"ဘာလဲ"

"ဟုတ်တယ်၊ Taxi ပေါ်မှာ ကျန်ခဲ့တာ"

"ကားနံပါတ် မှတ်မထားဘူးလား"

"ကြုံကြုံဖန်ဖန်. . . ရန်ကုန်မြို့ပေါ်မှာ City Taxi တွေ မျိုးကြီးကို၊ ဘယ်လိုလုပ်ပြီး မှတ်မိပါ့မလဲ"

မျက်နှာငယ်လေးဖြင့် သက်မကို ကျိတ်ချလိုက်မိပါ၏။ ည်းတန်ဖိုးက (၆၀၀၀)လား. . . (၆၅၀၀)လား။ ဒါက ပြဿနာ ထီးဖင်ရိုးအောက်မှာ သူကိုယ်တိုင် TSS ဆိုသည့်စာလုံးကို တလေး ထွင်းပေးတာကမှ တန်ဖိုးကြီးသည့် (၁၅၀၀)တန် ည်း ဖြစ်သွားရတာလေ။ ဆင်တူရှာဝယ်လို့ရမှာ မှန်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ TSS ဆိုတဲ့ သူ့လက်ရေးလှလှလေးကို အတုလုပ်လို့ ဘယ်ရပ့်မလဲ။ သွန်းက သူ့လောက် လက်ရေးမလှတာအမှန်ပါ။

''ဟဲ့! ဒီတိုင်းထိုင်နေဦးမှာလား၊ ပြန်ကြစို့လေ''

''အင်းပါ''

''ထီးလေးတစ်ချောင်း ပျောက်ပါတယ်၊ သေမိန့်ကျခံရမယ့် တရားခံလိုမျက်နှာနဲ့ ဖြစ်နေလိုက်တာ။ ငါသိပ်မပြောချင်ဘူး''

''နင်မသိပါဘူး ပပရာ''

''ဘာလို့မသိရမှာလဲ၊ သိသမှ သိပ်သိ။ သွန်းရွှေစင်ဆိုတာ မွေးလာကတည်းက သူများကိုမှီပြီး နေရတာကာပျော့နေတာ''

''အံမာ! . . .''

''လူပုံကြည့်ရင်တော့ ဒေါင်ဒေါင်မြည်တဲ့အသည်းနဲ့ပေါ့လေ။ အတွင်းစိတ်ကဖြင့် ခပ်ပျော့ပျော့၊ ပေါင်းကြည့်မှ အကြောင်းသိမှာမျိုး''

''နင် မချစ်ဖူးသေးလို့ပါ ပပရယ်''

''အေးပေါ့၊ နောက်ဆုံးတော့ ငါ့ကို ဒီလက်နက်ကြီးနဲ့ အပိုင်ထုတော့မယ်ဆိုတာ ငါသိပြီးသား။ ညီအစ်မအရင်းသာဆို





တယ်၊ မမယွန်းတို့စုံတွဲကဖြင့် ဘာသံမှမကြားရဘဲ တိတ်ဆိတ်သို့ နင်တို့နှစ်ယောက်သာ . . . ဟွန်း! မပြောချင်ဘူး''

မပြောချင်လို့သာပါပဲ။ ပြောပြီးသွားတာဖြင့် သွန်းနှင့်သူတက ဒေါ်သေးမှုင်နဲ့ ဦးတွတ်ပီလို (ဆန်အိုးထဲက ဆန်ကုန်တာနဲ့) မြည်သံထွက်သလို ဖြစ်နေပြီလေ။ အမြဲတကျက်ကျက်ဖြစ်တာမျိုးမဟုတ်ပေမယ့် Phone နဲ့ဆို အဆင်ကိုပြေလို့။ အဲ! မျက်နှာမြင်တာနဲ့ အပြစ်ရှာတွေ့ပြီး စကားထများရတော့တာပဲမဟုတ်လား။

တစ်ခါတစ်ခါ မမတို့ကတောင် သွန်းကိုပြောနေတာပါ။ ခင်တို့စုံတွဲက 'သမီးရည်းစားနဲ့မတူဘဲ လင်မယားပုံစံကြီး'တဲ့။ ...ောင့်သက်သက်ဖြစ်သွားရပေမယ့် အမှန်လည်းဖြစ်နေတာကိုး။ ...တူအတန်းတူလည်းဖြစ်ခဲ့တော့ သွန်းနဲ့သုတကြားမှာ ရှိသေ...စားတာမျိုး၊ အလျှော့ပေးတတ်တာမျိုး၊ သည်းခံခွင့်လွှတ်...တာမျိုးတွေ မရှိတော့လည်း ခက်သားလား။

မမက နဂိုကတည်းက ဆရာမပီပီ ဆရာကလည်း လုပ်... စေ့စပ်ပေးထားတဲ့လူကို ကိုအောင် (အောင်မြင့်မြတ်)က ...ခပ်အေးအေး။ အလုပ်ကိုကြိုးစားလုပ်ပြီး တခြားဘာကို ...ဝင်စားတတ်။ ဘာလေးပဲ တိုင်ပင်တိုင်ပင်၊ 'ယွန်းသဘော



www.burmeseclassic.com

www.burmeseclassic.com



လေ'ဆိုတဲ့စကားကို လက်ကိုင်ထားတတ်သူ။ ဒီတော့ ဒီလို လက်ညှိုးထောင် ခေါင်းညိတ် ကိုကိုအောင်ရဲ့အရာရာ သူသိသူတတ်ပြီး ခေါင်းဆောင်ချင်တဲ့မမကဖြင့် No Problem ပါ။

သွန်းတို့မှာသာ . . .

"ပြောချင်တာက ဒီလောက်ပါပဲ၊ စိမံခန့်ခွဲစရာရှိတာတွေကို မန်နေဂျာနဲ့ Supervisor တွေကတစ်ဆင့် ပြန်ရှင်းပေးပါ"

အခုမှပဲ Meeting ပြီးသွားတာမို့ အသက်ရှူချောင်သွားရတော့၏။ GM အရင်ထွက်သွားပြီးမှသာ သူတို့ဝန်ထမ်းတွေ Meeting room ထဲမှ ထွက်ခဲ့ကြ၏။ MD ဦးမိုးယံက စကားကို လိုရင်းတိုရှင်းဖြင့် ခပ်မှန်မှန်ပြောတတ်သလောက် မိုးသုတကဖြင့် အတော့်ကို အရစ်ရှည်လှရှိလေသည်။ ကုမ္ပဏီမှာ အပြစ်သေးသေးလေး လုပ်မိတာနှင့် ပြဿနာကြီးအောင် ရှာတတ်တဲ့လူမဟုတ်ပါလား။ ဒီတော့ GM ကို ကွယ်ရာမှာ နာမည်ဝှက်ပေးထားတာက ကိုယ်တိုင် မီးမလောင်ပေမယ့် မီးလောင်တာကိုအားပေးတတ်သည့် 'Oxygen' တဲ့လေ။

Hall ထဲပြန်ရောက်ပြီး အလုပ်တွေ လက်စသတ်ရပါ၏။





သူတို့ရာထူးရှိသူတွေက လက်အောက်ဝန်ထမ်းတွေထက် ပိုစောရောက်ပြီး နောက်ကျမှ ပြန်လို့ရတာပါလေ။ တစ်ခါတစ်ခါ ကိုယ့်ဖေဖေလည်း ကုမ္ပဏီ Member ဖြစ်ပါလျက် သူများရဲ့လက်အောက်မှာ သူဝင်လုပ်နေရတာမို့ ခံရခက်ပြီး မျက်နှာငယ်မိသား။

ဖေဖေကတော့ 'ဒါမှ အောက်သက်ကြေတာ'တဲ့လေ။ ဒီတော့လည်း အလုပ်မှာ GM ဖိသမျှ 'သည်းခံ နှိုင်းမြင့်မိုရ်ရေ' ဆိုပြီး ကိုယ့်ကိုယ်ကို အားပြန်တင်းထားရတာ မကြာခဏပါပဲ။ စာရင်းစာရွက်တွေကို သက်ဆိုင်ရာ File တွေထဲတွဲပြီး အံဆွဲတွေထဲသိမ်း၊ သော့ခတ်စဉ် သိမ်းထားသည့်ခေါက်ထီးလေးကို ထမင်းချိုင့်နှင့်အတူ စားပွဲထက် တင်ထားလိုက်ပါ၏။ ဒီနေ့တော့ ပြန်ပေးဖြစ်တော့ပါလေ။

"နှိုင်းမြင့်မိုရ်"

"ဗျာ. . ."

Computer Save လုပ်နေရင်း ခေါ်သံကြောင့် ထူးလိုက်ရပါ၏။ ဆံ့လည်ခုံမှလည်း ကမန်းကတန်း ထရပ်လိုက်စဉ် GM က လက်အသာပြလိုက်တာမို့ ခုံနောက်မှ မထွက်ဖြစ်တော့။ ပြောစရာတာများ ကျန်သေးလို့ပါလဲ။ GM အကြည့်က စားပွဲထက်ဆီ ခပ်စူးစူးရောက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ။ သူက အမြဲတစေ သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျလုပ်တတ်သူမို့ ရှုပ်ပွနေတာမျိုးမရှိ။ လယ်ဂျာစာအုပ်အချို့က သူ့အပုံနှင့်သူ စီစီရီရီ။ Pen Stand ထဲမှာက Pen, ခဲတံခွက်ထဲမှာ ချွန်ထားပြီးသားခဲတံတွေက သီးသန့်။ စက္ကူဖိ ဖန်တုံးလေး သုံးခုကလည်း သူ့နေရာနှင့်သူ။

ဘာကိုများ စိတ်တိုင်းမကျလို့ပါလိမ့်။ ဒါဖြင့် ထမင်းချိုင့်တင်ထားမိလို့များလား။ မဟုတ်သေးပါဘူး။ သူက နေ့လယ်စာစားပြီးတာနဲ့ ချိုင့်ကို အပေမထားတတ်ဘဲ စင်ကြယ်အောင် ဆေးလေ့ရှိသူပါ။ စားပွဲထက် မှန်ချပ်ပေါ်မှာ မည်သည့်ဆီကွက်မျိုး ရေကွက်မျိုးမှ ထင်အောင် သူမလုပ်တတ်ပါလေ။ အပြင်ထွက်ရသည့်နေ့မျိုးမှာ သူ ထမင်းချိုင့်ယူဖြစ်ပါ၏။

GM က သူ့စားပွဲအနီးသို့ ရောက်လာစဉ် Computer shut down ကျသံ မြည်လာလေ၏။ စားပွဲရှေ့ကို ခေါင်းငြိတင်ထားသည့်ခေါက်ထီးကို အသေအချာငုံ့ကြည့်နေတာပါလား။ ဘုရား! သူ ဘာအပြစ်များ ကျူးလွန်မိပါသလဲ။

"ပြောစရာရှိပါသလား GM"

"မဟုတ်ပါဘူး။ မပြန်သေးဘူးလားလို့မေးမလို့"

စကားကို ပြေပြေပြစ်ပြစ်ပြောပေမယ့် အကြည့်က မခွာ





ဘာလဲ . . . ဒီခေါက်ထီးကိုများ သဘောကျနေတာများလား။ မဟုတ်သေးပါဘူး။ ဒါကိုမြင်ရုံနဲ့ မိန်းမဆောင်းမှန်း သိသာနိုင်တာပါလေ။ မိုးသုတခေါင်းထဲမှာ ဘာများတွေးနေမလဲ သူ့ဉာဏ်က မမှီနိုင်တော့ပါချေ။

"ဒီထီး"

"ခင်ဗျာ"

"အင်း . . . ဒီလိုထီးအကွက်မျိုး ကြိုက်တာပေါ့လေ"

"ဟုတ်ကဲ့"

ယောင်ယမ်း ခေါင်းညိတ်လိုက်မိပါ၏။ မဟုတ်သေးပါဘူး သူဆောင်းနေကျထီးက အနက်ရောင်မဟုတ်လား။ နေပါဦး . . . ခါတိုင်း သူပြန်ချိန်ကိုတောင် တခုတ်တရ မမေးတတ်၊ ဘာသိဘာသာ နေလေ့ရှိတဲ့မိုးသုတက ဒီနေ့မှ ဘာစိတ်ကူးမျိုးနဲ့ ဘာမေးနေရတာပါလိမ့်။

"ဘာဖြစ်လို့ပါလဲ GM"

"မဟုတ်ပါဘူး ဘာမှမဟုတ်ဘူး၊ ဒီလိုပဲမေးလိုက်တာ"

"ဪ"

မိုးသုတက ဘောင်းဘီအိတ်ထဲ လက်ထည့်ကာ ထွက်သွားဟန်ပြုလိုက်လေ၏။ ခြေနှစ်လှမ်းမျှသွားပြီးမှ ပြန်လှည့်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ ရော် . . . ဒီလူတော့ ပြဿနာပါပဲလား။

"ခဏလေး"

"ဗျာ . . ."

"ထီးရိုးဖင်မှာလေ"

"ဟုတ်ကဲ့"

"အင်္ဂလိပ်စာလုံးတို့ ဘာတို့များ ရေးထားသေးလား။ ကျွစ်! မဟုတ်သေးဘူး၊ ရေးလေ့ရှိလားလို့မေးတာ။ ဥပမာ A တို့ T တို့လေ"

"မရှိပါဘူး GM "

"ဩော် . . . အင်း . . . ရပြီ"

ခေါင်းကို ဆတ်ခနဲညိတ်ပြကာ ခုမှပဲ ထွက်သွားတော့၏။ စာလုံးရေးထားသလားတဲ့။ သူဖြင့် ဒီလိုတစ်ခါမှမတွေ့ဖူးတာလေ။ ထီးတိုင်းမှာ MIKKO တို့၊ OSAKA တို့၊ ASAHI တို့၊ YAMASU တို့ စသည်ဖြင့် ကုမ္ပဏီတံဆိပ် ရေးထိုးထားတတ်ပါသည်။ အခုမှ ဒီလူ ဘာစိတ်ကူးနဲ့များ လာပြောနေရတာပါလိမ့်။

မျက်နှာထက်မှာ တစ်ခုခုပြောချင်နေမှန်း ပေါ်လွင်နေတာ အသိသာကြီးပါပဲ။ လုပ်ငန်းနဲ့မသက်ဆိုင်သည့်ကိစ္စမို့ သူ





စိတ်မဝင်စားဘဲ စကားဖြတ်လိုက်မိတာပင်။ တမင်သက်သက် သိမ်ညာမိတာမျိုးမှ မဟုတ်တာကို။

အိမ်ပြန်သယ်ရမည့်ပစ္စည်းတို့ကို Plastic File ထဲထည့်သိမ်းလိုက်ပြီး Steel ထမင်းချိုင့်ကို ဆွဲယူလိုက်ပါ၏။ စိတ်ထဲ အစ်မျိုးကြီးဖြစ်သွားတာမို့ ခေါက်ထီးအကွက်လေးကို 'မ'ယူကာ အပိတ်ကို ကြည့်လိုက်မိတော့သည်။

ဘုရားရေ! T.S.S တဲ့လား။ တမင်ရေးထွင်းထားသည့် စာလုံးလေးက အထင်းသားပါလေ။ ဒါကြောင့် သူ့ကို မိုးသုတမေးတာပေါ့။ T.S.S တဲ့။ မင်းနာမည် ဘယ်လိုခေါ်ပါသလဲ မိန်းကလေးရယ် . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မှန်ပြတင်းမှ အလင်းရောင်ဝင်လာတာ သိပေမယ့် မျက်လုံးတို့ကို မဖွင့်မိသေး။ အပြင်မှာ ငှက်ကလေးတို့၏ အရုဏ်ဦး [illegible]သံက နံနက်ခင်းနေခြည်နွေးနွေးကို ဆီးကြိုနေသည့်နှယ် [illegible] ဒီတစ်ပတ်လုံးလုံး လူလည်း လုံးလည်ချာလည်လိုက်ပြီး ပင်[illegible]နေတာမို့ နားချင်နေတာပါလေ။

ဘာဖြစ်လဲ၊ ပိတ်ရက်လေးရတုန်း နားရတာလေ။ ညက [illegible]တ်လို့ လုံးကန်ထားသည့်စောင်ကို ခြေထောက်ဖြင့် လှမ်းစမ်း[illegible]တ်ပြီး ခြေမခြေညှိုးဖြင့် အစကိုဆွဲယူလိုက်၏။ မျက်စိကိုမဖွင့် [illegible] အပျင်းနည်းဖြင့် စောင်ကိုအတည့်မှန်းမသိ၊ အစွေမှန်းမသိ [illegible]လျက် အိပ်ရာထဲ ဆက်နှပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိမ်ရှိလိုက်ပါဘိ။

"ဒေါက်! ဒေါက်!"

တံခါးခေါက်သံကြောင့် မျက်ခုံးတွန့်သွားရပါ၏။ သွ OFF ရက်ကို အိမ်မှာ မေမေတို့အသိပဲမို့ မနှောင့်ယှက်ပါ မနက်ကိုးနာရီမှာ အိပ်ရေးဝပြီး လန်းလန်းဆန်းဆန်းနိုးထ က သွန်းမှာရှိတာမဟုတ်လား။

"ဒေါက်! ဒေါက်! . . ."

ကျစ်! အနှောင့်အယှက်ပဲကွာ။ ခုမှ ခြောက်နာရီ ခုနစ်နာရီလား ရှိသေးတာကို တံခါးလာခေါက်ရလား။ သွန်း အခန်း Door Lock ကိုချ မအိပ်တတ်တာမို့ မေမေရော လာနိုးရင် တံခါးကိုမခေါက်တော့ဘဲ ဒီတိုင်း ခေါင်းရင်းပြ ပေါက်ကို လာဖွင့်ပြီး လိုက်ကာကိုဆွဲတင်ကာ အပြင်လေ ဒလဟောဝင်လာစေ၏။ အဲဒါမှမရရင် စောင်နဲ့လုံးထွေးနေ သွန်းခြေထောက်ကို ကုတင်ပေါ်မှဆွဲချပြီး မနိုးနိုးအောင် နှိုး တာမဟုတ်လား။

"ဒေါက်! . . ."

တံခါးခေါက်သံက ထပ်ထွက်မလာတော့ဘဲ ရပ်သွား ၏။ ကောင်းတယ်. . . ပြန်တော့ပေါ့။ တစ်ဖက်သို့ ပြန်လှည့်





ငြီး ခြေသံဖွဖွနှင့်အတူ ရနံ့တစ်ခုက နှာခေါင်းဝသို့ ရောက်လာ သော ဒီအနံ့ကို သွန်းသေသေချာချာသိနေပါတယ်။ ဘယ်သူ သိမ့်။

"အား! . . ."

"ဟာ! လန့်လိုက်တာ၊ နိုးနေရင်လည်း ထပါတော့လား။ တို့အပျင်းကြီးနေတာလဲ"

အိပ်ရာထက် လူးလဲထထိုင်ကာ မျက်စိကိုအရင်ပြန်မှိတ် ရပါ၏။ လန့်သွားတာတော့အမှန်ပါပဲ။ ဘယ်လိုဖြစ်ပြီး ဒီကို ကြီးရောက်လာရတာပါလိမ့်။ ငယ်ငယ်ကတည်းက သူ့ ကိုယ့်အခန်း သွားလည်ခဲ့တာ ကိစ္စမရှိ၊ ခုထိလည်း သွန်း နဲ့ပတ်သက်သမျှ သိပ်အရှက်အကြောက်ကြီးတာမျိုးလည်း ဒါပေမဲ့ ဒီလိုညဝတ်အင်္ကျီခပ်ပါးပါးနဲ့ရှိတုန်း သူရောက် တာတော့ လွန်တာပေါ့လေ။

"ဘာလာလုပ်တာလဲ"

"လာ Check... တာ"

"ဘာ!"

"မနက်ရှစ်နာရီကျော်နေတာတောင် မထသေးဘူးပေါ့ အပျင်းကြီးလိုက်တာ အံ့ရော"



www.burmeseclassic.com

www.burmeseclassic.com



သူက သွန်းကုတင်အနီးမှာ အေးအေးဆေးဆေး လက်ပိုက်ပြီး ရပ်ပြောနေလေ၏။ မယုံသလိုဖြင့် မှန်တင်ခုံထက်မှ နာရီကို လှမ်းကြည့်လိုက်မိသည်။ အဟုတ်ကို မနက်ရှစ်နာရီနဲ့ ဆယ်မိနစ်ပင် ရှိနေလေပြီ။

"ဒီနေ့ ငါ့ OFF ရက်ဟဲ့"

"OFF ရက်ဖြစ်ပြီး Boring Day လို့များ ထင်နေလား သွန်းရာ။ Lazy bone ပဲ"

"ဒီမှာ. . . ငါက နင့်လို Air-con room ထဲမှာ အေးအေးဆေးဆေးထိုင်ပြီး လုပ်ရတဲ့ GM မှမဟုတ်တာ သုတရဲ့ ဆိုင်သုံးဆိုင်စလုံးကို ဟိုဒီပြေးရတဲ့ လွန်းလိုဟဲ့. . . သိရဲ့လား နားရက်ကလေး ဗိုမ်နဲ့နှပ်နေတာကို လာနှောင့်ယှက်ရတယ်လို့ တကယ်ပဲ. . . ကျစ်! "

"အဲဒါ ကိုယ့်ချစ်သူကိုပြောရမယ့်စကားလား"

"ဘာ"

"သူများသမီးရည်းစားတွေလို စက္ကန့်မလပ် သတိတ နဲ့ စကားတတွတ်တွတ်ပြောခွင့်မရတာ နင်သိတာပဲဟာ"

ကြည့်စမ်း! သူကပဲ ပြောရတယ်ရှိသေး။ တကယ် မျှော်နေရတဲ့လူက သွန်းကိုယ်တိုင်ပါလေ။ ဒါကိုသိပါလျက်နဲ့





လို ဘာကြောင့်လာပြောရတာပါလိမ့်။ သူက သွန်းကုတင် နှမှာ ဝင်ထိုင်လိုက်တာမို့ မျက်လုံးပြူးသွားရပြီး စောင်ကို ည်း ရင်ဘတ်လုံးသည်အထိ ဆွဲယူလိုက်မိပါ၏။ အကဲပိုတယ် များ ထင်လေမလား။ ညအိပ်ရင် လွတ်လပ်စွာ ဝတ်လေ့ရှိမှန်း ာလေးတိုင်းသာ သိထားကြတာလေ။

"ခုံမှာ ထိုင်လေ"

"ဒီမှာထိုင်တော့ ဘာဖြစ်မှာမို့လို့လဲ။ နင့်လိုညစ်ညစ်ပတ် ရုပ်ကို ငါကိုက်မစားဘူး"

ဒါတော့ သူပြောမှသိမှာလား။ မကျေမနပ်ဖြင့် နှုတ်ခမ်း မျက်စောင်းခဲတော့ သူ့မျက်နှာထက် အပြုံးယဲ့ယဲ့ထင်လေ ဖြင့် တွေ့ချင်လို့ လာတာပေါ့လေ။ မျှော်နေတုန်းကဖြင့် လာဘဲ ဒီလိုအချိန်ကြီး ပေါက်ချလာရတာတဲ့လား။

"ဘာဝိုင်နေတာလဲ၊ လုပ်လေ"

"ဟင်! ဘာလုပ်ရမှာလဲ"

"ဟ! ရေမိုးချိုး အလှပြင်တော့လို့ ပြောနေတာလေ။ ကိုယ်တိုင်က လာ Date နေတာတောင်မှ ဖင်ကျောက် ယ်လို့"

"နင်နော်. . . ငါအနားယူမလို့ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



''Rest ယူတာ ညပိုင်းဆိုတော်ပြီပေါ့။ အချိန်ကို သိပ်ဖြုန်းချင်နေ။ ထ! . . . မြန်မြန်လုပ်''

''နင်အရင်ထွက်မှ''

''ဘာလဲ၊ ခုမှရှက်ပြနေပြန်ပြီ။ . ယယ်ယယ်တုန်းက ရေအတူတောင် ချိုးခဲ့သေးတာကို''

''သုတ''

''ခုချိန်ထိ အဲဒီလိုခေါ်ချင်နေတုန်းပဲလား။ မောင်လို့ခေါ်မယ်ဆို''

''ဟင်!''

မျက်လုံးပြူးရပြန်ပါ၏။ ဒီကောင်တော့ မဟုတ်သေးပါဘူး။ စောစောစီးစီး သွန်းကို ပြဿနာလာရှာနေမှန်းသိပါလျက် ဒီလိုမထိခလုတ် ထိခလုတ်စကားမျိုး ပြောရတယ်လို့၊ ဘာသဘောလဲ မိုးသုတရယ်။

''နင်မထွက်ရင် ငါပြန်အိပ်လိုက်မှာနော်''

''ရတယ်လေ၊ ငါလည်း ဒီလိုလှဲ့ချလိုက်ရုံပေါ့''

''ဟဲ့. . .''

သူက တကယ်ပင် သွန်းကုတင်ခြေရင်းပိုင်းမှာ ကန့်လန့်လှဲ့ချအိပ်လိုက်လေ၏။ ကျားသားမိုးကြိုး . . . ဒင်းလုပ်ပုံ





နေပုံကိုက မမ လာအော်မိတော့မှာပါပဲလား။ မေမေက လူကြီးရှိနေရာတကာ လိုက်ပြီးမပြောတတ်ပေမယ့် မမကဖြင့် ဆရာမဆီ တဗျစ်တောက်တောက် အမြင်မတော်တာနဲ့ ပြောတတ်တာသေး။ ဒင်းလုပ်ပုံနဲ့တော့ သွန်းဖြင့် စောစောစီးစီး အဆူခံရတော့မှာပါလား။

''သုတ''

''အင်း. . .''

''မြန်မြန်ထဟာ၊ အောက်မှာ သွားစောင့်နေလေ''

''ငါသွားရင် နင်က အီလေးဆွဲပြီး လုပ်တော့မှာပေါ့ဟာ။ နေဘူး. . . ဒီမှာပဲစောင့်မယ်''

''နင်ကလည်း''

''အပြောထက် အလုပ်ကို သက်သေပြမှပေါ့ သွန်းရာ။ Hurry up!''

စိတ်တိုတိုဖြင့် သူ့မျက်နှာထက် ဖက်လုံးဖိလိုက်ပြီး အိပ်ရာထက်မှ ပြေးဆင်းခဲ့ရပါ၏။ ဒင်းက ပြောရင်ပြောတဲ့အတိုင်း အကယ်လုပ်တတ်တာမဟုတ်လား။ ရေကိုခပ်သွက်သွက်ချိုးပြီး အိပ်ခန်းထဲပြန်ဝင်လာစဉ်အချိန်ထိ သူက အိပ်ရာထက် မျက်စိမှိတ်လှဲ့နေတုန်းပါလေ။



www.burmeseclassic.com

www.burmeseclassic.com



''အန်တီတို့နဲ့ မဆုံဖြစ်တာလည်း ကြာပြီ၊ ငါ့ကိုမေးသေး လား''

''နှင့်မေမေနဲ့ နေ့တိုင်း Phone ပြောနေကြတဲ့ဟာ။ မေးစရာလား။ နှင် ဗိုက်အောင့်ခေါင်းမူးဖြစ်တာကအစ အိမ်ရှိ လူကုန် သိတယ်။ အပိုပြောမနေနဲ့''

တွေ့လား. . . စကားကို ပြေပြေပြစ်ပြစ်လေးပြောရင် ဘာဖြစ်မှာမို့လဲ။ 'မေမေလည်း မေးနေတယ်၊ အပြန်အိမ်လိုက် လည်ဦးလေ' ဆိုရင် သွန်းနဲ့သူ့ကြားက ခပ်အေးအေးအခြေအနေ က ပိုနီးကပ်ပြီး နွေးထွေးသွားဖြစ်မှာမဟုတ်လား။ အလိုက်တသိ ပြောတတ်တာမျိုး မိုးသုတမှာ ရှိမနေတာအမှန်ပါပဲ။

''အခု ဘယ်သွားမှာလဲ''

''နှင့်ကို မဟုတ်တဲ့နေရာ ခေါ်မသွားဘူး''

''ကြည့်! ငါက ဘာဝတ်ရင်ကောင်းမလဲဆိုပြီး မေးနေ တာဟဲ့''

''ရုပ်ရှင်သွားကြည့်မှာ. . . ရုပ်ရှင်''

''ဟင်! . . . ပျင်းစရာကြီး''

''ရင်ရှုပ်လွန်းလို့ စိတ်ပြေလက်ပျောက်သွားမလို့ လာ ခေါ်တာပါဆိုနေမှ''





''ကြီးကြီးကျယ်ကျယ်နဲ့ နှင့်မှာ ဘာရင်ရှုပ်စရာများ ရှိ သို့လဲ။ ဘာလဲ. . . အန်တီထက်တို့က ငါ့ထက်ပိုတော်တဲ့ ချွေးမ လောင်းမျိုး ရှာတွေ့ပြီပြောလို့များလား''

သူ ဆတ်ခနဲထထိုင်လိုက်လေ၏။ နှုတ်ခမ်းဆိုးနေရင်း မှ ကျိတ်ပြုံးလိုက်မိသည်။ ဒီလောက်တော့ဖြစ်ရမယ်လေ။ သွန်း ဘက်ကချည်း သူ့အပေါ်နားလည်ပေးနေရတာ။ တစ်ခါတလေ သည်း နိုင်ခွင့်ရဦးမှပေါ့ . . . မဟုတ်ဘူးလား။

''နေစမ်းပါဦး။ နှင့်ပါးစပ်က ထူးထူးဆန်းဆန်းစကား တွေ ထွက်လာတာ ရိုးမှရိုးရဲ့လား''

''ငါ့တစ်ကိုယ်လုံး အရိုးချည်းပဲရှိတာဆို''

''သွန်း! . . .''

''ဒါလေးပြောတာနဲ့ ဒေါသဖြစ်စရာလား''

''ဖြစ်တာပေါ့၊ နှင် ငါ့ကိုလက်ထပ်မယ်ဆိုပြီး နောက် မျက်နှာပြောင်းရဲပြောင်းကြည့်''

''အဲဒီတော့''

''အသေသတ်မှာ''

''ငါ့ကို''

''နှင်နဲ့ အဲဒီကောင်ကို. . . နှစ်ယောက်စလုံး''



www.burmeseclassic.com

www.burmeseclassic.com



သူ တရှုံးရှုံးဖြစ်သွားတာမို့ သွန်း ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။ ဘာပဲဖြစ်ဖြစ် အေးစက်စက်ရင်ခုန်သံတို့ နွေးထွေးလာပြီး အခုန်မြန်လာသလိုပါလော။ ရုပ်ရှင်ကြည့်ပြီးရင် မုန့်ဟင်းခါး စားမယ်မှန်းသိတာမို့ ခပ်ပွပွ Blouse နှင့် လုံချည်အပျော့သားလေးကို ရွေးဝတ်ဖြစ်လေ၏။ သူ ဒီနေ့ဝတ်ထားသည့် Sky Blue နဲ့ဆင်တူဖြစ်စေရန် အပြာနုနုလွင်လွင်လေးကိုသာ ရွေးဝတ်လိုက်မိပါသည်။

"အကယ်၍ နောက်တစ်ယောက်ရှာတဲ့သူက ငါမဟုတ်ဘဲ နင်ဖြစ်နေရင်ကော"

"ဘာ. . ."

"အကယ်၍လို့ ပြောတာနော်"

လက်ပတ်နာရီကိုပတ်ပြီး ပြောလိုက်တာမို့ သူက မှန်ထဲမှတစ်ဆင့် သွန်းကိုခပ်စူးစူးကြည့်လိုက်လေ၏။ လူကိုတော့ နောက်လူရှာရင် အသေပဲဆိုပြီး သူ့အလှည့်ကျ ဆတ်ဆတ်ထိ မခံချင်သလိုပါပဲလား။

"နင့်မှာ နောက်တစ်ယောက်ရှိနေပြီလား"

"ပေါက်တတ်ကရ"

"သေချာပါတယ်နော်"





"ရော်! . . . လူကိုမယုံသင်္ကာနဲ့၊ ဘာကြီးလဲ"

"အေးပါ. . . ပြီးရော ဖြတ်မယ်ဆိုရင်လည်း ငါ့ကို ဖြတ်ပြတ်သားသားပြောပြီးဖြတ်။ နောက်ကွယ်မှာ ငါမသိအောင် ကျိတ်ပုန်းခုတ်မယ်မကြံလေနဲ့။ အေး. . . ငါနဲ့ပြတ်ပြီးမှ ငါပေးထားတဲ့ပစ္စည်းတွေကို အဲဒီကောင်နဲ့အတူမသုံးမိစေနဲ့ဆိုတာပဲ ပြောချင်တာ။ ငါအကုန်ပြန်ယူမှာ။ မယုံမရှိနဲ့"

ရင်ထဲဒိတ်ခနဲဖြစ်သွားရပါ၏။ ငါပေးထားတဲ့ပစ္စည်းတဲ့။ သူ့မှာ ပုဏ္ဏားလေးများ ရှိနေသလား။ လောလောလပ်လပ် ထီးပျောက်သွားတဲ့သွန်းအဖို့ ရင်ထိတ်စရာအခြေအနေမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ပယက သွန်းပြောသမျှ သဘောကျကာ ဟက်ဟက်ပက်ပက်ရယ်လေ၏။ ဒီနေ့က ဆိုင်ခွဲတွေမသွားရဘဲ ဒီမှာပဲ တစ်နေကုန်ရှိနေမှာလေ။ မဟေမာက မနက်ဆယ်နာရီလောက် လာသွားပြီး နေ့လယ်နှစ်နာရီလောက်မှာ ပြန်သွားပါ၏။ ဒီတော့ သွန်းတို့ဆိုင်မှာ သွန်းက ရာထူးကြီးပြီး လူကြီးလုပ်ရတော့မှာလေ။

"ကောင်းတယ်၊ လျှာရှည်ပြီးသွားပြောတာကိုး။ ဒါနဲ့ပဲ Date ရက်မှာ ပျော်သင့်သလောက် မပျော်ရတော့ဘူးမဟုတ်လား မိန်းမရဲ့"

"အင်း. . . ရုပ်ရှင်ကြည့်တော့လည်း Romatic ကားကြည့်တဲ့ Action ကားတဲ့။ ကားထဲမှာ ဟိုမင်းသားပုံစံက Sexy



www.burmeseclassic.com

www.burmeseclassic.com



ဗီလိန်ဆိုတာကို သူက မဟုတ်ဘူးဆိုပြီးငြင်းတာနဲ့ စကားများကြ သေးတယ်။ အဟုတ်ကို တကျက်ကျက်ဖြစ်ရတာ''

''ဘယ်သူမှန်လဲ''

''ငါ. . .''

''အဲဒီတော့ ထုံးစံအတိုင်း သူ တရှူးရှူးဖြစ်ပြန်ရော လား''

''အေး. . . သူနဲ့အခုမှကြည့်တာ ဒီဇာတ်လမ်းကို ဘယ် လိုသိသလဲတဲ့။ ဘယ်ကောင်နဲ့လာကြည့်ဖူးသလဲဖြစ်ပြန်ရော''

''ဟယ်! နင်တို့ဟာကြီးကလည်း ဘယ်လိုလဲ''

သွန်းက စားပွဲပေါ်လက်ထောက်လိုက်ပြီး သက်ပြင်းရှိုက် လိုက်မိပါ၏။ ကိုယ်က သူဝယ်ပေးထားတဲ့ထီးလေး ပျောက်သွား လို့ စိတ်ထင့်နေတာကို သူက တစ်မျိုးထင်ပြီး၊ ပြဿနာရှာနေ တာမဟုတ်ပါလား။ တကယ်ဆို သမီးရည်းစားချစ်သူဘဝလောက် ပျော်ရွှင်ကြည်နူးစရာကောင်းတာလေ။

အချစ်တွေအသက်တွေဆိုပြီး တီတီတာတာ တွတ်ထိုး ဖို့ ပြောချင်တာမဟုတ်ပါဘူး။ စက္ကန့်မလပ် လွမ်းနေရပါတယ် ပြီး နားကလက်စရာစကားမျိုးလည်း မပြောရဲပါ။ ဒီလိုပဲ 'ည နင့်ကို ငါအိပ်မက်မက်တယ်၊ အပြင်မှာ စကားများနေကြပေမယ့်





...မက်ထဲမှာတော့ တည့်နေကြသားဟ' ဆိုတာလေးလောက်နဲ့ ...ပြီး ပျော်ချင်တာပါနော်။

ခုတော့ ကိုယ်က ဘာမဟုတ်တာတစ်ခုမှမလုပ်ရပါဘဲ ...ယဝင်သလိုအကြည့်မျိုး အပြောမျိုးတွေနဲ့ သူမို့လုပ်ရတယ် ... အသည်းယားချင်စရာ။ သူနဲ့သွန်းတို့ ချစ်သူသက်တမ်းသုံး ...ကာလက ဒီလိုပဲ နင်တစ်လုံးငါတစ်လုံးနဲ့ စကားများကြ ...ာ ရှိခဲ့ကြပါ၏။ သုတနဲ့သွန်းဆိုပြီး တစ်ခါတလေ ခေါ်ဖြစ် ... သွန်းလက်ခုံလေးကိုဖြစ်ဖြစ် နားသယ်စပ် ဆံစနေရာလေး ...ဖြစ် သူနမ်းရှိုက်ခဲ့ဖူးတာသာ ရှိပါသည်။

တကယ်တော့ သွန်းနဲ့သုတဟာ ချစ်သူဆိုတာထက် ...သူငယ်ချင်းသံယောဇဉ်နဲ့ ဖြူစင်စိတ်တို့က ပိုကြီးစိုးနေ ...လေ။ ဒါကြောင့်မှ မမက သွန်းတို့နှစ်ဦးကို တစ်မျိုး ...ပြုံးမြင်ရတယ်လို့။

''နင့်ထီးပျောက်တာ ပြောလိုက်မိသေးလား''

''အမယ်လေး! အဲဒါပြောလိုက်မှ မိုးမီးလောင်မှာ။ သူ ...တဲ့ပစ္စည်းကို တန်ဖိုးမထားရကောင်းလားဆိုပြီး အပြစ် ...မှာ''

''အမယ်လေးဟယ်. . . ပစ္စည်းက ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com



တန်မှာမို့လို့လဲ''

''မပြောနဲ့၊ သူ့ဘာပဲဝယ်ပေးဝယ်ပေး. . . ရာကျေ ထောင်ကျော် သောင်းကျော်ပဲဖြစ်ဖြစ် 'ဒါ ထောင့်ငါးရာတန်တယ် သဘောပေါက်'ဆိုပြီး ပေးခဲ့တာချည်းပဲ''

အဟုတ်ကို တကယ်ပါ။ သွန်းကသာ သူ့မွေးနေ့ဆို မှတ်မှတ်ရရပစ္စည်းမျိုး ပေးတတ်ပေမယ့် သူကတော့ ထိုလိုမဟု ပါ။ ဘာမှအမှတ်တရဆိုပြီး ထုတ်ပြောတာမျိုးမရှိပါဘဲ သွန် သုံးနေကျအလှပြင်ပစ္စည်းတွေ၊ ကလစ်လို၊ Make-up လို Li stick လို၊ Roll on လို ဘုစုခရုလေးကအစ၊ Colour, Sm အကြိုက်မလွဲရအောင် ရှာလာတတ်ပါရဲ့။

သွန်းကိုင်နေကျ ခပ်ရှင်းရှင်း သိပ်အရိုးကြီးမဟုတ်သော Slimbag မျိုး ဖိနပ်ဆိုရင်လည်း သိပ်မမြင့် ခြေထောက်မနာ သားရေအသားဖိနပ်မျိုး (သွန်းက ဖိနပ်ဆိုရင် မာတာမျိုးမစီး ဘဲ ခပ်ပျော့ပျော့အိအိလေးမျိုးသာ စီးလေ့ရှိပါ၏။) ကို ရွေး လာတတ်ပါ၏။

အဲဒီအခါမျိုးမှာ 'ငါ့ကို (၁၅၀၀)ပေး'ဆိုပြီး သွန်း ပိုက်ဆံမရမကတောင်းတတ်လေ၏။ ဖိနပ်ဝယ်ပေးရင် ကို ကနေ ထွက်ပြေးတတ်လို့ဆိုပြီး Korea ကားတွေထဲကလို





ာ သည်းပြန်လေ၏။ လက်ကိုင်ပဝါပေးရင် ငိုရတတ်တာမျိုး၊ ဓာတ်ပုံတွဲရိုက်ရင် ကွဲတတ်တာမျိုးကိုလည်း သူမှို ကြဲဖန်ယူဆ ာ အဟုတ်ကို သွန်းနှင့်သူ တွဲရိုက်ထားသည့်ဓာတ်ပုံမျိုး တစ် ပုံမှ မရှိခဲ့ပါချေ။

အဲဒီလို အနုစိတ်ရှိတဲ့သူတက သွန်းအပေါ်မှာ သံသယ ဝင်သူတယ်လို့။ တကယ်ဆိုရင် ပိုချစ်တဲ့သွန်းကသာ သူ့အပေါ် သံသယဝင်ရမဟုတ်ပါလား။ သို့သော် သူ Phone ဆက်ဖို့မအားရင် သွန်းဆီမလာဖြစ်ရင် ဘယ်သူနဲ့စကားပြောနေလဲ၊ ဘယ်သူနဲ့များ သွားနေတွေ့နေလဲဆိုပြီး မြူမှုန်မျှပင် သံသယမဝင်ခဲ့ဖူးပါလေ။

''သူငယ်ချင်းအချင်းချင်း ချစ်သူဖြစ်ခဲ့လို့ပါ သွန်းရယ်။ ကြောင့်မို့ နင်တို့မတည့်ကြတာ''

''ဒါဖြင့် ငါက ဘာလုပ်ရမှာလဲ''

''ဒါတော့ ငါလည်းမပြောတတ်ဘူးလေ။ နင် သူ့ကို ငြိတ်လိုက်တုန်းကတောင် ငါ့ကိုတိုင်ပင်ခဲ့လို့လား။ မိန်းမ ''

ပြောလည်း သွန်းအလွန်ပဲမို့ ငြိမ်နေလိုက်ရပါ၏။ အမြဲ န်းတက်ကြွနေတဲ့သွန်းကို အခုလို တွေဝေမှိုင်ငေးနေရ အောင် သူမို့ ပြုစားရက်ရတယ်လို့၊ သုတရယ်. . . အရင်လို



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကိုမလွမ်းဘူးလား'ဆိုတဲ့ ရင်ထဲ ကလိကလိဖြစ်အောင် မေး
တတ်တဲ့ လေသံတိုးတိုးလေးမျိုး မပြောချင်တော့ဘူးလား။

"မမသွန်း"

"ပလုတ်တုတ်! . . . ဘာလဲ ကေသီ"

"ဧည့်သည်"

"ဟဲ့! Customer ဆိုရင် လိုချင်တဲ့ပစ္စည်းကို လိုက်ပြ
လိုက်လေ။ ဘယ့်နှယ် ငါ့ကိုလာခေါ်ရတာလဲ"

"မဟုတ်ဘူး မမရဲ့ အခုလာတဲ့လူက ဈေးဝယ်ဖို့လာ
တာမျိုးမဟုတ်ဘဲ လူလာရှာတာမို့ပါ"

"လူ. . ."

"အင်း"

"ဟဲ့! ဟိုကောင် သုတများလား"

"မဖြစ်နိုင်ဘူး"

"ငါသွားကြည့်ဦးမယ်"

ပပက ဖိုးဖိုးဇတ်ဇတ် ထထွက်သွားလေ၏။ ရုံးချိန်ပြ
မို့ သုတ လာစရာအကြောင်းမှမရှိတာလေ။ ပြီးတော့လည်း ရှေ
ပိုင်းလေးလောက်မှာ မကြေမညက်ဖြစ်ခဲ့ရတာမဟုတ်လား။ သူ့
စိတ်ကောက်မိလည်း ချော့ဖို့သတိမရဘဲ စိတ်ပြေလောက်အို





ဆိုသလိုနဲ့ ရောက်လာတတ်တာလေ။

"သွန်း"

"အင်း"

"အဟုတ်ပဲ နင့်ကိုလာရှာတာ။ အမိုက်စားလေးဟဲ့"

"ဘာ!"

ပပက မှန်တံခါးကိုတွန်းဖွင့်ပြီး ပြုံးမြဲမြဲလုပ်ကာ ပြောလိုက်
သောမှ ဆတ်ခနဲထရပ်လိုက်မိ၏။ သွန်းကိုလာရှာတာတဲ့လား။
ဘယ်ကကောင်လေးမျိုးကများ ထူးထူးဆန်းဆန်းနဲ့ သွန်းကိုလာ
ရှာရတယ်လို့။ ပပနဲ့အတူထွက်ခဲ့စဉ် ပပက ခပ်တိုးတိုးပြောပြန်
သေး၏။

"လူပုံစံကိုမေးနေလို့ ငါသိလိုက်တာ။ သူပြောတဲ့ပုံစံက
နင်နဲ့ကွက်တိပဲ။ ကောင်လေးက သန့်သန့်လေးဟဲ့"

"ရော်. . . အရေးထဲမှ ဒီအရှုးမက တစ်မျိုး"

ပပကို ကျော်တက်လိုက်ပြီး Show room ထဲဝင်လိုက်
တော့ သွန်း မှင်သက်သွားရပါ၏။ တကယ်ပဲ ပပပြောသလို လူ
ချောသန့်လေးမဟုတ်ပါလား။ ထိုလူက နာရီကောင်တာထဲသို့ ငုံ့
ကြည့်ရင်း စောင့်ဆိုင်းနေသလိုပါလေ။ ဆံပင်ခပ်တိုတိုနဲ့ သပ်သပ်
ရပ်ရပ်ရှိတာရော၊ ရုပ်အကျီနှင့် ပုဆိုးကို ကျကျနနဝတ်တတ်တာရော



www.burmeseclassic.com

www.burmeseclassic.com



မို့ ထင်းခနဲမြင်သာ ထင်ရှားနေစေတာအမှန်ပါ။ ရှင် ဘယ်သူများပါလဲ။

"ဒီမှာ. . ."

"ဗြော်"

သွန်းအသံပြုလိုက်တာမို့ သူက ခါးကိုမတ်လိုက်လေ၏။ အရပ်အမောင်းက သုတထက်ပင် ပိုရှည်နေပါရောလား။ အပြုံးယွဲ့ယွဲ့ထင်စဉ် ပါးထက်မှာ ပါးချိုင့်ခွက်လေး ထင်သွားလေ၏။ ရော်! မေးကွဲလေးရှိတဲ့သုတလို သူ့မှာလည်း ချစ်စဖွယ်အရာလေး ပိုင်ဆိုင်ထားတာပါပဲလား။

"ဘာကိစ္စများ"

"ပစ္စည်းပြန်လာပေးတာ"

"ရှင်! ဘာပစ္စည်းလဲ၊ သွန်းတို့ဆိုင်က ဝယ်ပြီးပစ္စည်းပြန်လဲပေးလေ့မရှိပါဘူးရှင်။ အားလုံးက Foreign made တွေချည်းမို့ အာမခံပေးထားတာပါ။ ပစ္စည်းကို သေချာစစ်ပြီးမှ ငွေချေပြီးဝယ်ဖို့ Customer တိုင်းကို Staff တွေက အမြဲတမ်းရှင်းပြပေးတတ်ပါတယ်ရှင်"

တရှည်တလျား ရှင်းပြနေတာကို သူက သဘောကျစွာဖြင့် ပြုံးပြန်လေ၏။ ဘာသဘောလဲ၊ သူ့ပုံစံက အင်မတန် သည်





[illegible]တ်ပြီး စိတ်ရှည်တဲ့လူကြီးတစ်ဦးလို တည်ငြိမ်လွန်းနေလေသည်။ သုတနဲ့များ တကယ့်ဆန့်ကျင်ဘက်ပါလေ။

"ဟိုတလောလောက်က ပစ္စည်းတစ်ခုခု မပျောက်ဘူးလား"

"ရှင်!"

တကယ့်ကိုနားမလည်ဟန်ဖြင့် မျက်လုံးဝိုင်းသွားရတာမို့ သူက သွန်းသဘောမပေါက်မှန်းသိသွားပြီး ကောင်တာထက်ကို ပစ္စည်းတစ်ခုကို ဖျတ်ခနဲတင်ပေးလိုက်လေ၏။

"ဟယ်! ဒါ. . . ဒါ"

"Taxi ပေါ်မှာ ကျန်ခဲ့တာပါ၊ ကျွန်တော်လည်း လာပေးမယ်ပေးမယ်နဲ့ အလုပ်မအားလို့ မပေးဖြစ်တာနဲ့ ဒီလောက်ကြာသွားရတာ ခွင့်လွှတ်ပါ"

"အို. . . မဟုတ်တာ၊ သွန်း နမော်နမဲ့နဲ့ ပျောက်သွားတာကို လာပြန်ပေးတာ ကျေးဇူးတင်လိုက်တာရှင်။ သွန်းကမှ တောင်းပန်ရမှာပါ။ မဆီမဆိုင်နဲ့ လာပြန်ပေးတဲ့သူကို"

"ရပါတယ်ဗျာ"

"နာမည်ဘယ်လိုခေါ်ပါသလဲဟင်၊ သွန်းနာမည်က သွန်းရွှင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဒါကြောင့် T.S.S လို့ ထွင်းထားတာကိုး"

ပပက သွန်းဘေးမှာရပ်ကာ ခါးကိုမသိမသာ ဆွဲဆိတ်သတိပေးလေ၏။ တမင်အရောဝင်တာမျိုး မဟုတ်ရပါ။ သွန်းအတွက် တာကယ့်ကို အရေးကြီးသည့်အရာတစ်ခုကို အခုလိုကိုယ်တိုင်လာပို့ပေးတာ ကျေးဇူးတင်လို့မဆုံးပါလေ။ သူ့သူငါဆိုရင်ဖြင့် တခုတ်တရပြန်ပေးပါတော့မလား။ လိုရင်ယူသုံးပြီးမလိုရင် လွှင့်ပစ်လိုက်ရုံသာ။

"ကျွန်တော် နှိုင်းမြင့်မိုရ်ပါ. . . 'ဆန်းသစ်စ' ကုမ္ပဏီကဝန်ထမ်းပါခင်ဗျာ"

"ဆန်းသစ်စ. . . ဟုတ်လား"

"ဟုတ်ကဲ့. . . သိလို့လား"

"အင်း. . . ဆိုပါတော့"

အေးလိုက်တာနော်။ စကားပြောပုံကိုက အေးအေးတည်ငြိမ်လွန်းလှပါ၏။ အကြည့်ကိုက ခပ်အေးအေးပါပဲ။ မိန်းကလေးမြင်ရုံနဲ့ အတင်းရောတတ်ပုံမျိုးလည်း မလုပ်ပါချေ။ နှိုင်းမြင့်မိုရ်တဲ့။ ဘယ်လောက်ခန့်ပြီး လူနဲ့လိုက်ဖက်လွန်းတဲ့လူငယ်လေးပါလဲ။

"ကျွန်တော် ပြန်ပါဦးမယ်"





"တစ်ခုခုတော့ လိုက်မကျွေးလိုက်ရဘူး။ အားနာလိုက်တာ"

"ရပါတယ်၊ နောက်ကြုံမှပေါ့။ သွားပြီနော်"

"ဟုတ်"

ခေါင်းညိတ်ပြလိုက်ကာ မှန်တံခါးကိုဖွင့်ပေးလိုက်ပါ၏။ Escalator မှဆင်းရန် ကျောပေးရင်း ထွက်သွားသည့် သူ့ကျောပြင်ကိုငေးရင်း လက်ထဲကိုင်ထားမိသည့်ခေါက်ထီးလေးကို တစ်ချက်ကြည့်လိုက်မိပါသည်။ တစ်ဖက် Beauty Spa ထဲရှိ မှန်ချပ်များမှတစ်ဆင့် စူးစူးရဲရဲစိုက်ကြည့်နေပါသည့် မျက်ဝန်းတစ်စုံကိုဖြင့် သွန်း သတိမထားမိခဲ့ပါချေ။

❤❤❤



www.burmeseclassic.com

www.burmeseclassic.com

# စာလယ်



Love's pleasure lasts
but a moment;
Love's sorrow lasts
all through life.

(Jean-Pierre Claris de Florian)

ချစ်ခြင်း၏ သာယာမှုက
ခဏတာ....
ချစ်ခြင်း၏ သောကကဖြင့်
တစ်သက်တာ....

(ဂျင်းန်-ပီယဲ ကလဲရစ္စ ဒီဖလိုရီယန်)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သံသယဆိုတာ ချစ်သူတွေကြားမှာ ရှိသင့်တဲ့အရာလား။ ဘယ်လိုမှထင်မထားသည့်မြင်ကွင်းက အာရုံထဲမှာ မကြာခဏ မြင်ယောင်နေမိတာပါလေ။ သွန်း. . . မင်းမို့လုပ်ရက်တယ်ကွာ။

"ဈေးလိုက်ပို့ပေးမယ်ဆိုပြီး ဘာမှမပြင်သေးပါလား သားရယ်"

မေမေ့အသံကြောင့် သူ့အတွေးစက ပြတ်သွားလေ၏။ ခုတလော ဘာလုပ်လုပ် အဆင်မပြေ။ အကုန် ကမောက်ကမ ဖြစ်ပြီး တလွဲတချော်တွေ ဖြစ်နေတာမဟုတ်လား။ အထူးသဖြင့် နှင်းမြင့်မိုရ် တင်ပြတဲ့ Project ကို ဖေဖေရွေးလိုက်တာက အဆိုးဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မရဘူး။ အထင်မကြီးဘူးဟု သူယူဆထားသည့် ကောင်က သူကန့်ကွက်နေပါလျက်နဲ့ ဘယ်ကနေ ဘယ်လိုဖြစ် ပြီး အဲဒီ Project က ဖေဖေ့စားပွဲပေါ် ရောက်သွားရတာပါလိမ့် ကံမကောင်းလိုက်ပုံများနော်။

ဟုတ်တယ်။ ဒင်းစားပွဲပေါ်မှာ အဲဒီထီးကိုမြင်လိုက်ရ ကတည်းက ရိပ်မိသင့်တာ။ ဒင်းတို့နှစ်ဦး ဘယ်တုန်းကတည်းက ခြေပုန်းခုတ်နေကြတာပါလိမ့်။ သွန်းကလည်း နိုင်းမြင့်မိုရ်ဟာ သူတို့ကုမ္ပဏီကဝန်ထမ်းမှန်း သိသိကြီးနဲ့ သူ့ကို တမင်ရွှံ့ပြီးတော့ များ တွဲပြလေသလား။ ခံရခက်လိုက်တာနော်။

''သားရေ. . . သုတ''

''လာပြီ မေ. . .''

''ဟိုကလေးနဲ့ ဘာဖြစ်ထားပြန်ပြီလဲ''

''ဘာမှမဖြစ်ပါဘူး မေရာ''

''မဖြစ်ဘူးသာဆိုတယ်၊ မျက်နှာက သုန်မှုန်နေတာပဲ ဘာကိုကောက်နေကြပြန်သတုန်း။ စေ့စပ်ချင်ပြီဆိုလည်း သား ဖေဖေ့ကို ပြောတော့လေ''

''မစေ့စပ်သေးပါဘူး''

''ကြည့်! ပြောပုံကိုက ဒီလောက်နှစ်ရှည်လများ တွဲလာ





ခဲ့ပြီးတော့ ပေါ့ပေါ့မပြောစမ်းပါနဲ့သုတရယ်''

''မေတို့ကသာ ပူနေတာ၊ မေ့သမီးကဖြင့် တစ်ယူသန်။ စေ့စပ်တယ်ဆိုတာ ဘဝတစ်ဝက်လုံး ပုံပေးလိုက်ရတာတဲ့။ ကိုယ့်ကိုယ်ကို မပိုင်သလိုချည်းဖြစ်မှာဆိုပဲ။ အဲဒါကြောင့် Engage မလုပ်ဘဲ Wedding တန်းလုပ်ဖို့ပြင်ရမှာ''

မေမေက ခပ်မဲ့မဲ့ပြုံးလေ၏။ သွန်းကို တစ်ယူသန်လို့ ပြောနေပြီး သူကရော တစ်ယူသန် မဟုတ်လို့လား။ နေရာတကာ 'ဘယ်သွားတာလဲ၊ ဘယ်သူနဲ့လဲ' ဆိုပြီး မကြာခဏမေးကျင့်ရှိတဲ့ သွန်းရဲ့စိတ်ကို သူပဲသဘောမတွေ့ခဲ့တာလေ။ သူငယ်ချင်းဘဝကတည်းက (ပပကလွဲပြီး) ဘယ်မိန်းကလေးနဲ့မှ သူစကားပြောတာကို မကြိုက်ခဲ့တာပါ။

အဲဒီလို အူတိုပြခဲ့လို့လည်း သူနဲ့သွန်း ချစ်သူတွေအဖြစ် ရောက်ခဲ့ကြတာပဲမဟုတ်ပါလား။ ပပအပြောထဲမှာတော့ သူဟာ လူဆိုးပါပဲ။

အဲဒီခပ်ဆိုးဆိုးကောင်လေးကိုပဲ အလျှော့ပေးပြီး သွန်း ချစ်ခဲ့တာ သူအသိဆုံးပါလေ။ အခုတော့ အဲဒီလူဆိုးလေးကို အပြစ်မြင်ပြီး အချစ်သစ်ရှာချင်နေပြီလား။

''တကယ်ပဲ အကျိုးမလဲတော့ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''ဒီတိုင်းလည်း ဖြစ်ပါတယ် မေရာ၊ ဟိုနားဒီနားလေး ကို''

''အေးပါ . . . ပြီးမှ ရှုံးပွဲတယ်မပြောနဲ့ဦး။ တော်ကြာ အသိတွေက မမထက် Driver ခေါ်လာတာလားမေးရင် ကောက်ချိတ် မဖြစ်လေနဲ့''

မေက ကားပေါ်တက်ထိုင်လိုက်ပြီမို့ သူ တံခါးပိတ်ပေးလိုက်ပါ၏။ အိမ်နေရင်း ဝတ်ထားသည်မို့ အပေါ်က T-shirt လက်တိုနှင့် အောက်မှာက Jeans Three Qrater လေ။ ဒူးဖုံးရုံခပ်တိုတိုမို့ ဒီပုံကို ကုမ္ပဏီက GM လို့ ဘယ်သူက မြင်ပါ့မလဲ။

''တောက်!''

''ဟဲ့! ဘာဖြစ်ရပြန်တာတုန်း''

''မဟုတ်ပါဘူး။ ယောင်သွားလို့ပါ''

အာရုံက အမြဲ ရုပ်အကျီနှင့်ပုဆိုးသာ ဝတ်လေ့ရှိသည့် နှိုင်းမြင့်မိုရ်ထံ ဖျတ်ခနဲရောက်သွားရတာလေ။ ခွေးနာ! ပုံစံက ရိုးပုံရိုးလက်နဲ့ သူများရည်းစားကို ဖြတ်ခုတ်ဖို့ကြံနေတာ။ ကျားငစဉ်းလဲကောင်။ နေဦး. . . ယောကျ်ားလေးက စရင်တောင်မှ မိန်းကလေးဖြစ်တဲ့ခင်းက ဆင်ခြင်ရမှာပေါ့။ ဘယ့်နှယ် သူစိမ်း





ယောကျ်ားလေးကျောပြင်ကို အားမနာစတမ်းကြည့်ပြီး ပြုံးနေလိုက်တာများ တစ်ဖက်ဆိုင်ထဲမှာ ခေါင်းလာလျှော်သည့်သူ့ကိုတောင် မမြင်နိုင်အောင် ဖြစ်နေတာလေ။

ကိုယ်က ခေါင်းလျှော်ပြီး သွန်းဆီဝင်၊ စကားနည်းနည်းဒါးပါးပြောပြီး အတူပြန်ဖို့ပြင်ခဲ့တာ။ ဟိုနေ့က ရုပ်ရှင်ကြည့်ပြီး အစာမကြေဖြစ်ကာ ဘာမှမကျွေးဖြစ်လိုက်တာကို အကြွေးဆပ်ပေးမလားပြင်လာမိပါတယ်၊ ခင်းလုပ်ပုံကိုက ဖြတ်ရိုက်ချင်စရာ။

''ဟဲ့! ဟဲ့! . . . ပွိုင့်နီနေပြီလေ''

''ကျွိ . . .''

Break ကို အမြန်နင်းလိုက်ရပါ၏။ လူကူးမျဉ်းကြား[illegible] ကားဘီးကျော်ရပ်နေပြီမို့ နောက်သို့ အနည်းငယ်ပြန်ဆုတ် [illegible]လိုက်ရပါသည်။ သွန်းရွှေစင် . . . မင်းကြောင့် ငါရူးတော့မှာ[illegible]

''သတိထားဦးလေ သားရယ်၊ လူတိုက်မိတော့မှာပဲ''

မေ သတိပေးနေတာတောင်မှ သူဒီလိုဖြစ်နေရတာပါ[illegible] Plaza ရှေ့ ကားနေရာရအောင် ရပ်လိုက်ရပါ၏။ Sunday ပိတ်ရက်မို့ လူစည်ကားနေပါရောလား။ သူ့ပုံစံက ခပ်နွမ်း[illegible]ဖြစ်နေတာမို့ မေပြောလည်း ပြောချင်စရာ။ အိမ်က အလှ



www.burmeseclassic.com

www.burmeseclassic.com



သမားကို ခေါ်လာသလိုပုံစံမျိုးဖြစ်နေတာကိုး။

“ဘာထိုင်လုပ်နေတာလဲ၊ လာလေ”

“ဟင်! လိုက်ရဦးမှာလား”

“လိုက်ရမှာပေါ့၊ ဝယ်မှာတွေက များလို့ပါဆိုနေမှ၊ ရှေ့က ကိုင်ချင်နေပြန်ပြီ။ အဲဒါတွေကြောင့် မင်းနဲ့သွန်း တကျက်ကျက်ဖြစ်တာနေမှာ။ အလိုက်ကို မသိတတ်ဘူး”

ဟော. . . နေရင်းထိုင်ရင်း အပြောက မလွတ်ဖြစ်ပြန်ပြီ၊ ပြဿနာပဲ။ ပို့ရုံပဲဆိုလို့ ဒီပုံစံနဲ့ပဲ ထလိုက်လာခဲ့တာ။ လူကြားထဲ သူတော့ ပုံပါပြီနော်။

“ဘာတွေဝယ်ဦးမှာလဲ မေရာ”

“ဒီလိုပဲ ရာကြည့်ဝယ်ရမှာပေါ့၊ Toilet ပရုတ်ခဲလည်း ကုန်နေပြီ၊ ဟိုပုရွက်ဆိတ်သေစေတဲ့ Spray အဖြူရည်လည်း ရှာဝယ်ရဦးမှာ။ ပိစိပိစိနဲ့ ကြာမှာပဲ၊ အဘိုးကြီးလို ရွတ်မနေစေ ပါနဲ့”

တွေ့လား. . . ပြောလိုက်ရင် သူ့အပြစ်ချည်းပဲ၊ အသုံး မှာလည်း အောက်ကလူတွေကို သူဖိဟောက်လို့သာ ရပေမယ့် ဖေဖေ့ရှေ့မှာဆို မျက်နှာသာက မရ၊ 'မင်းနော်' ဆိုပြီး ဖေဖေကိုင် ဆူသမျှ ခံရတာက နေ့စဉ်။ ဘာမဆို ကိုယ်ပဲ ဆုံးဖြတ်လို့မ





ရာရာ ဖေဖေကချည်း ဦးဆောင်နေမှတော့ လက်ရှိရာထူးနဲ့ ဘာ အလကားဖြစ်နေသလိုပါလေ။

ကြာလာတာနဲ့အမျှ သူတော့ ချောင်ပို့ခံရတော့မှာပါပဲ။ ထုပ်မှာလည်း လူရာက မဝင်ချင်၊ ဟော. . . ချစ်သူကလည်း ယ့်ကို ခပ်ကျဉ်ကျဉ်နဲ့ ရင်ခုန်သံအသစ်ရှာတွေ့ရင် ပြီးပါလေ ။ နောက်ဆုံးတော့ မိုးသုတဆိုတာ မိုးပေါက်တွေအောက်မှာ ောက်သွားရတဲ့ရေပေါက်လေးဘဝ ရောက်ရတော့မှာလေ။

“အမယ်လေး! . . .”

“ဟာ!”

ဈေးဝယ်လှည်းကို တွန်းကောင်းကောင်းဖြင့် တွန်းလာ မို့ သတိမထားမိလိုက်ပါချေ။ ဘေးဘီငေးရင်း လျှောက်လာ မို့ ရှေ့မှလျှောက်နေသည့်လူကို တိုးမိတော့တာပါပဲ။ သုတ ပ်လိုက်ရင်ဖြင့် အရာရာနဲ့အကြောင်းကြောင်းပါလေ။

“ဘာဖြစ်သွားလဲဟင်၊ ဘာဖြစ်သွားလဲ”

စိုးရိမ်တကြီးဖြင့် လှည်းကို ဘေးကပ်ရပ်လိုက်ပြီး ရှေ့ ကြည့်လိုက်မိ၏။ သူ့မလှမ်းမကမ်းမှာ မုံ့ပုံ့လေး ထိုင်ချနေ ည် မိန်းကလေး၏ယဉ်သကိုအလှက သူ့ကို ခဏမျှ မင်သက် စေလေသည်။ ကြည့်စမ်း! အဘယ်မျှ ရင်ကိုအေးငြိမ်းစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှလေးပါလဲ။ ဝတ်ထားသည့် အပြာဖျော့ဖျော့ပါတိတ် On
set လေးကိုက ကြည့်မြင်သူရဲ့အမြင်ကို အေးချမ်းစေသလိုပါ

"ကျွတ်! . . . ကျွတ်! . . ."

"ထလို့ရရဲ့လားဟင်"

လက်ထောက်ရင်း စုတ်သပ်လိုက်တာမို့ သူမေးလိုက်
၏။ ကောင်မလေးက သူမေးတာတွေကို ပြန်ဖြေဖို့စိတ်မကူး
နေရာမှ ကြိုးထရပ်ဖို့သာ တာစူနေလေသည်။ ကဲ! ထမယ်
လည်း ဝိုင်းကူထူပေးရုံသာ ရှိတာပေါ့လေ။

"ကိုယ်ကူပေးမယ်လေ"

"အို! ဘာလုပ်တာလဲ၊ လွှတ်ပါ"

"ထူပေးမလို့လေ"

"မလိုပါဘူး . . . ဖယ်ပါရှင့်"

နှင်းဆီသွေးလို ရဲသွားသည့်မျက်နှာလေးကို သူ
တသြငေးနေမိ၏။ ဘယ်လိုလဲ၊ မတော်တဆ လက်ကိုထိရုံ
လောက်နဲ့ ဒီလောက်ထိ အရှက်ပိုရတယ်လို့။ သွန်းဖြင့် သူ
ပဲဆွဲဆွဲ၊ ပခုံးပဲဖက်ဖက်၊ အဲဒီလိုအမူအရာမျိုးနဲ့ ရှက်အားငို
တာမျိုး တစ်ကြိမ်တစ်ခါမှ မရှိခဲ့ပါချေ။

"စေတနာနဲ့ ကူပေးမလို့ပါ"





မျက်စောင်းခဲတာသာ ရလေ၏။ လှတာပဲ မျက်နှာထက်
အရယ်အပြုံးမရှိပေမယ့် တည်ငြိမ်အေးဆေးသည့်ဟန်တို့က
ပြည့်ပါပဲ။ စိတ်ဆိုးသွားတာမျိုး မဟုတ်သော်ငြား အနှောင့်
ယှက်ဖြစ်သွားပုံတော့ ရလေသည်။

သူက သူမကိုင်လာသည့် ဈေးဝယ်ခြင်းတောင်း လဲကျ
သွားတာမို့ ပစ္စည်းထုပ်တို့ကို ကူညီ၍ထည့်ပေးလိုက်ပါ၏။ ဒါကို
တော့ သူမကန့်ကွက်စကား မဆိုပါချေ။ ခြေချောင်းလှလှလေး
လုံခြည်အနားစလေး ဖုံးအုပ်ထားပုံက မခို့တရို့နှယ်။

သွန်းရော ခြေထောက်ကို ဒီအတိုင်း အဖြူလေးပဲ ထား
။ ဒါမှမဟုတ် လက်သည်းခြေသည်းများ ဆိုးသေးလား။
ဘူးမရဘဲ ဇဝေဇဝါဖြစ်သွားရပါသည်။ ခက်တော့တာပဲ၊ အခု
ဖူးတဲ့မိန်းကလေးနဲ့ သူ့ချစ်သူကို အဘယ်ကြောင့် နှိုင်းယှဉ်
လိုက်ရတာပါလိမ့်။

"Sorry... နော်၊ ကိုယ်သတိမထားလိုက်မိလို့ အခုလို
မိသွားရတာ"

"ရပါတယ်"

"စိတ်ဆိုးသွားလားဟင်"

အဖြေပြန်မရဘဲ ခပ်ငြိမ်ငြိမ်အကြည့်ကိုသာ ရလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ သွန်းသာဆိုရင် အနည်းဆုံး သုံးလေးခွန်း ပက်ခနဲပြန်ပြော မှာဖြစ်သလို စိတ်မထင်ရင် သူ့လက်မောင်းကိုပါ ထုလိုက်နိုင် တာလေ။ ဤမိန်းကလေးကဖြင့် တုံ့ပြန်ပြောတာမျိုးမရှိသလို နှုတ် နည်းလေစွ။

''သား ဘာဖြစ်ပြန်ပြီလဲ''

''လူတိုးမိသွားတာပါ မေ''

''ကြည့်! ပြောတယ် . . . စိတ်နဲ့လူနဲ့ ကပ်ပါဆိုတာကို တကယ်ပဲ။ သမီးလေး ဘာဖြစ်သွားသေးလဲကွယ်''

မေမေပါရောက်လာတာမို့ သူ အနည်းငယ် အသက် ရှူချောင်သွားရပါ၏။ မေမေ့ကိုတော့ ရှိသေဟန်ဖြင့် သူမ ပြုံး ဖော်ရလေသည်။ ဝတ်ကျေတန်းကျေအပြုံးမျိုးတော့ မဟုတ်ပါ လေ။

''သမီးကြီးရေ . . . သွားစို့လေ''

အနီးသို့ထပ်ရောက်လာသည့် အန်တီတစ်ယောက်နှင့် မေမေဆုံသွားရလေ၏။ သူ့ကိုစွနှင့် အပြန်အလှန်တောင်းပန်ရင်း မျက်နှာကိုမှတ်မိသွားသလို မိတ်ဆက်ကြတော့ သူ့မှာဖြင့် စိတ် တွေ တုန်လှုပ်နေလို့ပါလေ။

''ရုတ်တရက်ဆိုတော့ ယဉ်လည်း မမှတ်မိသလိုဖြစ်သွား





ဘော ထက်ထက်ရဲ့။ ဒါ ထက်ရဲ့သားလေးကိုး။ သားက လူချော လေးပဲ။ ယဉ်က သမီးတစ်ယောက် သားတစ်ယောက် မွေးထား တာ။ သမီးကြီးက ခင်နန်းထိုက်လေ၊ Eco နဲ့ကျောင်းပြီးတာ။ သားငယ် မင်းမင်းသိုက်က ဆေးကျောင်းဒုတိယနှစ် တက်နေ တယ်''

မေမေတို့လူကြီးတွေမျက်နှာထက် အပြုံးမြမြရှိနေပေ သည့် သူ့ကိုမကြည့်ဘဲ မျက်လွှာချထားသည်က ခင်နန်းထိုက်ဆို သည့် သူမပါလေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

City Mart မှာ ဖွင့်ထားသည့် AROMA ဆိုင်ခွဲမှာ ဆည်းစာရင်းစစ်ရင်း Design အသစ်တွေ တင်တာကို စောင့်ကြည့်ရပါ၏။ ပြီးရင် FMI ကိုသွားရဦးမှာလေ။ Supervisor တစ်ဦးဖြင့် စာရင်းစာရွက်တွေကြား ခေါင်းခဲနေရတာမို့ သက်မောကျက်ရမိပြန်ပါသည်။

ဘယ်တော့များမှ ကိုယ်ပိုင်အလုပ်လေးနဲ့ ငြိမ့်ငြိမ့်လေး နေခံနေနိုင်ပါ့မလဲ။ ကိုယ့်အားကိုယ်ကိုးတတ်သူမို့ ဘာမဆို သွန်းသူများကို မမှီခိုတတ်ပါခဲ့။ အထူးသဖြင့် သူ့ကို ချစ်သူဖြစ်နေပမယ့် လူမှုရေး၊ စီးပွားရေး ဘာတစ်ခုမှ စပ်ယှက်မှုမျိုး ဆုပ်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ပြဿနာတစ်ခုခုဖြစ်ခဲ့ရင် 'ငါကူညီလို့'ဆိုပြီး လက်မထောင် ရင်ကော့ပြီးပြောသည့်ဒဏ်ကို သွန်းမလိုချင်။ ဦး ဦးမိုးကိုယ်တိုင် ကုမ္ပဏီမှာဝင်လုပ်ဖို့ ခေါ်ပေမယ့် သွန်းက ခေါင်း ခါပြခဲ့တာပင်။ မပိုင်ခင်ကတည်းက ရပိုင်ခွင့်မှန်သမျှ ယူတတ်သူ ဟု ပတ်ဝန်းကျင်က အမြင်မှား၊ အထင်မှားခံရမှာကို သေမတတ် ကြောက်ပါ၏။

'မာနကြီးတာ'တဲ့၊ သူ တစ်ခါဝေဖန်ခဲ့ဖူးတာလေ။ တမင် တကာ ကြီးကျယ်တာမျိုးတော့ မဟုတ်ပေမယ့် အဲဒီမာနဆိုတာ သွန်းတို့လို မိန်းကလေးတွေမှာ ရှိကိုရှိသင့်တဲ့အရာတစ်ခုပါပဲ။ အဲဒီမာနလေးနဲ့သာ မတ်မတ်ရပ်မနေနိုင်ရင် အခုဆို ကျောရိုးမရှိ တဲ့နွယ်ပင်လို သူများကိုမှီခိုပြီး ရှင်သန်နေရမှာပေါ့။ မဟုတ်ဘူး လား။

''မမသွန်း. . . ဒါ လိုအပ်တဲ့စာရင်းပါ။ အဲဒီအိတ်တွေ အရမ်းအရောင်းသွက်တာပဲ''

''အေး. . . မဟေမာကို ပြောထားပါ(ယ)်။ လက်ကျန် စာရင်းရော''

''ဒီမှာပါ၊ ဒါက ကျန်ခဲ့တဲ့လက ရောင်းရတဲ့ငွေ''

''ကျွစ်! . . . ငွေကလည်း များလိုက်တာ။ ငါ FMI သွားရဦးမှာဟဲ့''

''ကောင်လေးတွေ မပါလာဘူးလား''

''မပါဘူး၊ ခုတလော မိုးမိကြလို့ တုပ်ကွေးတွေဖြစ်နေ ကြတာလေ''

''အဲဒါဆို ဘယ်လိုလုပ်မလဲ၊ သမီးတို့လည်း ဒီလောက် ငွေကို သိမ်းမထားရဲဘူး မမသွန်းရဲ့''

''အေးပါ၊ ငါပဲယူသွားပါ့မယ် ဝါဝါရယ်။ ငွေရေတာသာ ဒိုင်းကူပေးပါ''

''ဟုတ်ကဲ့''

လက်ကျန်ပစ္စည်းတွေကို သီတင်းကျွတ်တို့ တန်ဆောင် တိုင်တို့ကျမှ တစ်ခါ၊ December နှစ်သစ်ကူးမှာတစ်ခါ၊ Lucky Draw မဲနှိုက်ပေးတာမို့ ဈေးကြီးပေးမဝယ်နိုင်သည့်ဝန်ထမ်းတွေ ပျော်ရွှင်ကြရတာလေ။

ဟုတ်တော့လည်းဟုတ်ပါရဲ့။ တစ်ပတ်တစ်ကြိမ် သိမ်း နေပါလျက်နဲ့ လကုန်ရက်ကျော် လဆန်းမှာ ငွေသိမ်းရင် အနည်း ဆုံး သိန်းနှစ်ဆယ်ကျော်ဆိုတော့လည်း ဘယ်ဝန်ထမ်းက သိမ်း ထားပေးရဲပါ့မလဲ။ ဒီနေ့က ပို့ပေးထားသည့်ပစ္စည်းတွေ ပုံးဖောက် သင်တာကို စစ်ဆေးပြီး စာရင်းသိမ်းရုံမို့ Taxi ဖြင့် တစ်ဦးတည်း







www.burmeseclassic.com

www.burmeseclassic.com



ပတ်နေရတာလေ။ ငွေထုပ်ကြီးပိုက်ပြီး သွားလာရမှာကိုတော့ ကျောချမ်းမိပါရဲ့။

"ရပြီ မမသွန်း။ ထည့်တော့မယ်နော်"

"အေးအေး. . . လက်ခံ Voucher ရေးပေးပါဦး ဝါဝါ"

"ဟုတ်ကဲ့"

ငွေကြေးကိစ္စက အများမခံတာမို့ ဟိုဘက်ဒီဘက် လက်မှတ်ထိုးပြီးမှ ယူရလေသည်။ ဝါဝါရေးပေးသည့်စာရွက်အဝါလေးထက်မှာ သွန်းလက်မှတ်ကို ခပ်သွက်သွက်ထိုးပေးလိုက်ပြီး ဝါဝါက စာရွက်ကို ဖြုတ်ပေးလိုက်ပါ၏။

"သွားပြီ ဝါဝါ၊ ဩော်. . . နေဦး။ ဟိုတလောက လာမေးတဲ့ဖိနပ် Code နံပါတ်က ဘာ. . ."

"AE.045 ပါ"

"အေးအေး . . . မေ့တော့မလို့၊ အနက်နဲ့အညိုနော်။ Size က (34) to (38) ထိ။ ရပြီ . . . မှတ်မိပြီ"

လက်ထဲပိုက်ထားသည့် File ထဲမှ Note Pad မှာ ခပ်မြန်မြန်ရေးမှတ်လိုက်ရပါသည်။သွန်းက မကြာခဏ မေ့လွယ်တတ်တဲ့သူမဟုတ်ပါလား။

ဒါကြောင့်လည်း သူ့ကို ဘယ်တော့မှ အလေးမထား





ဘူးဟု သွန်း အစွပ်စွဲခံရတာပါလေ။ စက္ကူထုပ်ထဲမှာ ငွေတွေထည့်ပြီးမှ Plastic bag ထဲ ထည့်ဆွဲလိုက်ပါ၏။ Slim bag ကိုလွယ်လျက် File တစ်ဖက်ပိုက်လျက် ကုန်တိုက်ပေါ်မှ ဆင်းလာခဲ့၏။

ကားဂိတ်အနီးမှာ စိတ်ချယုံကြည်ရလောက်သည့် Taxi driver ကိုရွေးပြီးမှ ကားငှားစီးလိုက်ပါ၏။ စက်မှုဇုံဘက် စီးရမှာမို့ ခရီးက အတော်လေး ဝေးလေသည်။ ဟိုရောက်ရင် ရုံးခန်းထဲမှာ ဒီအထုပ်ကြီးသိမ်းနိုင်ပြီးမှ ဆိုင်ကိုလျှောက်ကြည့်အားမှာလေ။

"ရပြီ ဦးလေး။ ဒီမှာပဲ ရပ်လိုက်ပါ"

ဝင်းအဝမှာပင် ကားရပ်ခိုင်းလိုက်ပြီး ကုန်တိုက်ထဲ ဝင်ခဲ့ပါ၏။ မြို့ထဲက ဆိုင်တွေလောက် ဒီဆိုင်က သိပ်မရောင်းရပေမယ့် ပစ္စည်းစုံအောင်တော့ တင်ပေးရတာပင်။ ရုံးခန်းထဲမှာ စာရင်းစစ်တာကို အရင်လုပ်ကာ ဆိုင်အပြင်အဆင်ကို စစ်ဆေးရပါ၏။ နောက်တစ်ပတ်မှာ Boss ကိုယ်တိုင် လိုက်စစ်မှာကိုလည်း သတိပေးရပါသည်။

"ကျန်ခဲ့တဲ့လက ငွေ. . ."

"နေဦး ကြည့်ပြာရေ့၊ အခုတောင် ငါ့မှာ နှစ်ဆယ်ကျော်ပါလာတာ။ အများကြီးသယ်မသွားနိုင်ဘူး။ ရှေ့တစ်ပတ်မှတော



www.burmeseclassic.com

www.burmeseclassic.com



ယူမယ်။ အဲဒါကိုသပ်သပ်ထုပ်ထားပေးနော်''

''ဟုတ်ကဲ့ ရပါတယ် မသွန်းရဲ့''

''လက်ကျန်ပစ္စည်းများတယ် မဟုတ်လား။ ဒီမှာ သိပ်အရောင်းမသွက်တာတွေကို မြို့ထဲဆိုင်တွေမှာ ပြန်တင်ပေးရမယ်''

''အကုန်လား''

''အကုန်တော့ ဘယ်ဟုတ်ပါ့မလဲ၊ တစ်ဝက်စီလောက်ပေါ့။ အိတ်နဲ့ဖိနပ်နဲ့က ဟိုမှာ ပြုက်ခနဲကုန်တယ်''

''ဒါဆို ကျွန်မ ပစ္စည်းနဲ့စာရင်းလုပ်ပေးထားမယ်လေ''

''အေး . . . ကျေးဇူးပါဟယ်၊ ခုထိ ဘာမှမစားရသေးလို့ ဗိုက်တောင်အောင့်နေပြီ''

''တစ်ခုခုမှာပေးရမလား မသွန်း''

''နေနေ . . . ဟိုရောက်မှပဲ စားတော့မယ်''

နာရီက နေ့လယ်နှစ်နာရီ သုံးဆယ်ပင် စွန်းနေချေပြီ။ မနက်က မေမေ နယ်ကျွေးလိုက်တဲ့ မုန့်ဟင်းခါးနှင့်ထမင်းက ဘယ်ချောင်ရောက်သွားမှန်းပင်မသိ။ အဟုတ်ကို ဗိုက်ဆာလာတာမို့ ဗိုက်ထဲမှာ အောင့်သလိုပင်ဖြစ်နေတာလေ။ ဒီပုံစံနဲ့ ထမင်းတောင် စားနိုင်ပါဦးမလား။





ဝင်းအပြင်ကိုထွက်ရင်း Taxi တားစီးရန် စောင့်နေစဉ် ကားတစ်စီးက သွန်းရှေ့မှဖြတ်သွား၏။ ရေရှိနေသည့်ချိုင့်ခွက်ကို ဘီးဖြင့်နင်းလိုက်တာမို့ ရွှံ့ရေတို့က သွန်းထံ ဖြန်းခနဲ စင်လေဆော့သည်။ ကံမကောင်းပုံက ဤသို့ဤနှယ်ပါလားနော်။ သွားပါပြီ။ ဒီနေ့ဝတ်လာမိတဲ့ ဖက်ဖူးစိမ်းလုံချည်ထက်မှာ ရွှံ့ Colour က အထင်းသားဖြစ်သွားရတာလေ။

''တီ! . . .''

ကျော်သွားသည့်ကားကို မျက်စောင်းလှမ်းခဲလိုက်စဉ် ရှေ့မလှမ်းမကမ်းမှာ ရပ်သွားလေ၏။ အဲဒါပေါ့၊ လူချမ်းသာတွေက ဒီလိုရွှံ့မြေကို ခြေဘယ်ချချင်ပါ့မလဲ။ အတွေးမဆုံးခင် ကားပေါ်မှလူတစ်ယောက် ဆင်းလာတာကိုတွေ့လိုက်ရလေသည်။

''ဟောတော့်!''

''Sorry!...sorry!... နော်၊ ကျွန်တော်လည်း ရှောင်ပြီးမောင်းတာပါပဲ။ ဘယ်လိုဖြစ်ပြီး . . . ဟောဗျာ . . . သွန်းထုံချည်ပေးကုန်တာပဲကိုး''

စိတ်တိုချင်သွားသည့်စိတ်က ရုတ်ချည်းပျောက်ကွယ်သွားရပါ၏။ အပြုံးဖြင့် လာတောင်းပန်နေသည့်သူ့ပုံစံက ခပ်အုံ့အုံ့သားအောက်မှာ သူ့ပုံစံက နွမ်းနယ်မနေဘဲ လန်းဆန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။ သူရော စက်မှုဇုံဘက်ကို လာတာပဲလား။

"စိတ်တိုနေပြီလား"

"တိုတာပေါ့လို့"

"ကျွန်တော်ဘာလုပ်ပေးရမလဲဟင်"

တွေ့လား၊ အဲဒီလိုအလိုက်သိတတ်တာတွေပေါ့။ သူ

ဆိုရင် ဒီလိုမေးဖို့နေနေသာသာ သူ့ကိစ္စကိုချည်း ဦးစားပေးတယ်

တာလေ။ Lady First တဲ့။ ဒီလိုစနစ်မျိုးကို မိုးသုတတို့ရာဇဝင်

မှာ ရှိမနေဘူးထင်ပါရဲ့။

"ဘာမှလုပ်ကိုင်ရဘူး၊ သွန်းက ဆိုင်ကိုပြန်ရဦးမှာ"

"ဟိုတစ်ခါ ကျွန်တော်လာတဲ့ဆိုင်ပဲလား"

"ဟုတ်တယ်"

"ဒါဖြင့် လိုက်ပို့ပေးမယ်လေ"

"နေပါစေ. . . အားမအားမသိဘဲနဲ့"

"ရပါတယ် သွန်းရဲ့၊ ကျွန်တော်လည်း ကုမ္ပဏီပြန်ရ

လမ်းကြုံတာပဲကို။ လာပါ. . . ကူသယ်ပေးရဦးမလား"

ကဲ! ဘယ်လောက် အလိုက်သိတဲ့လူငယ်လေးပါလဲ

လက်ထဲကိုင်ထားသည့် ငွေစက္ကူထုပ်ကို ယုံယုံကြည်ကြည်

သူ့လက်ထဲသို့ ထည့်ပေးလိုက်မိ၏။ 'ဘာတွေလဲ'ဟု သူ မမေး





။ သုတကိုဖြင့် ထီးလေးပဲ ခဏကိုင်ခိုင်းကြည့်၊ 'ရှုပ်လိုက်တာ'

ရေရွတ်တတ်တာလေ။

"အစ်ကို့ကားလား"

"အင်း"

"ခါတိုင်းတော့ Taxi စီးပြီး"

"ဟုတ်တယ်၊ အပြင်ကို ဒီလိုသွားစရာမျိုးရှိမှပဲ ယူလာ

တာ။ မလိုအပ်ရင် Taxi နဲ့ပဲ သွားဖြစ်တယ်"

စကားပြောရတာ ရင်းနှီးနွေးထွေးသလိုနှယ်။ ကားထဲ

ရောက်မှ မိုးက သဲသဲမဲမဲရွာချလေ၏။ ရုံးချိန်အတွင်းမို့ ယာဉ်

ကြောသိပ်မရှုပ်ပါချေ။ သုတကားမောင်းတိုင်း ဘေးကနေ ဘုရား

တ သတိပေးရလေ့ရှိပေမယ့် သူကဖြင့် ကျွမ်းကျွမ်းကျင်ကျင်။

အိုလေ! ကိုယ့်ချစ်သူမဟုတ်တဲ့ လူတစ်ယောက်အပေါ်

ဘာဖြစ်လို့များ သွန်း အကောင်းချည်းမြင်နေမိပါသလဲ။ သူ

တိုက်တွန်းလို့ ရွေးချယ်မိတာလည်းမဟုတ်၊ သွန်းကိုယ်

စိတ်လှုပ်ရှားရင်ခုန်ပြီး ခေါင်းညိတ်လက်ခံခဲ့တာပါလေ၊ သုံး

တဲ့ချစ်သူသက်တမ်းက သွန်းနှလုံးသားကို အေးစက်စေခဲ့

"သွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဘာလဲ"

"ဘာတွေတွေးနေလဲ၊ တစ်ခုခုစားမလားလို့မေးနေတာ

"တစ်ခုခု"

"အင်းလေ၊ ကျွန်တော် ဗိုက်ဆာနေလို့ မေးလိုက်တာ

စိတ်ထဲမှကျိတ်ပြုံးမိသည်အထိပါပဲ။ ဘယ်လိုများ
နေရတာပါလိမ့်။ အမှန်က သူ့ကို သွန်းကသာ တစ်ခုခုဝယ်ကျွေ
ပြီး ကျေးဇူးတုံ့ပြန်ရမှာပါ။ တကယ်လက်တွေ့မှာဖြင့် သွန်း
သူက ကျွေးဦးမတဲ့လေ။

"ဗိုက်ပြည့်တာထက် အဝတ်အမြန်လဲချင်နေတာ"

"လုံချည်ပဲ စိုသွားတာမဟုတ်လား၊ စကပ်ဖြစ်ဖြစ်
လိုက်မယ်လေ။ အဝတ်တစ်ခါတည်းလဲပြီးမှပဲ စားကြတာ
ဒီမှာပဲ ရပ်လိုက်ပြီ"

သူက စားသောက်ဆိုင်နှင့်နီးသည့် ဆိုင်တစ်ခုရှေ့
ကာ ကားကို Lock ချလိုက်ပါသည်။ ဆိုင်ထဲအရင်ဝင်ကာ
ရွေးတာကိုရော၊ Ready made အင်္ကျီအဖြူလေးနှင့် တွဲ
တာကအစ အကျွမ်းတကျင်။ သွန်းရဲ့ခါး Size ကို မမေး
မှန်းဝယ်ပေးတာမို့ အံ့ဩမိလေ၏။

အဝတ်လဲခန်းထဲမှာ အဝတ်အရင်လဲပြီးမှ ခပ်လှ





ရှိ စားသောက်ဆိုင်ထဲ လျှောက်လာခဲ့ကြပါသည်။ မိုးအေးအေး
နှင့် ကြေးအိုးဆီချက်စားရန် ဆုံးဖြတ်လိုက်ကြတာပင်။ သွန်းတော့
သူ့ဆီမှာ အကြွေးတွေ တော်တော်တင်နေပြီပဲ။

ဆိုင်ထဲ မှာစရာရှိတာမှာရင်း သူက သွန်းအင်္ကျီပေါ်မှာ
တံဆိပ်ကတ်ပြားလေး မဖြုတ်ရသေးတာကို မြင်သွားပြီး ရယ်
လေ၏။ နောက်ကျောဘက်ဖြစ်နေတာမို့ သူပင် ထရပ်လိုက်ပြီး
Plastic ကြိုးလေးကို ဆွဲဖြုတ်ပေးလိုက်လေသည်။ နှစ်ယောက်
သား ကြည်ကြည်နူးနူးလေး ရယ်လိုက်မိကြပါ၏။

ဆိုင်အပြင်ဘက် ကားတန်းကြပ်သွားစဉ် တန်းစီရပ်နေ
ရင်း လှမ်းမြင်သွားသည့် မျက်ဝန်းတစ်စုံကဖြင့် ဒေါသရိပ်တို့
အပြည့်နဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒါက ဘယ်လိုဖြစ်ရပြန်တာတုန်း"

ညည့်ခန်း Sofa ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်တာမို့ [illegible]မေက တအံ့တသြမေးချေပြီ။ ဖေဖေက Member ဦးအောင်[illegible]မင်္ဂလာနှစ်ပတ်လည် (စိန်ရတုဆိုလား) Dinner ကျွေးတာ[illegible] သွားတာမို့ အိမ်ကို သူပဲ ကားနဲ့ပြန်ခဲ့ရတာပါ။ စောစောပြန်[illegible]နေမှာပဲ ဒီလိုမြင်ကွင်းမျိုးကို နောက်ထပ်တစ်ကြိမ် တွေ့ခဲ့ရ[illegible]မဟုတ်လား။

"တောက်!"

"ဟဲ့! သြော်. . . လန့်လိုက်တာ၊ မေးတာဖြင့် မဖြေဘဲ [illegible]သာ ဖြစ်နေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဒင်းကြောင့်ဖြစ်ရတာ မေရဲ့၊ ဒင်းကြောင့်''

''ဘယ်က ဒင်းတုန်း၊ ရှိုင်းရှိုင်းစိုင်းစိုင်းပြောနေပြန်ပြီ။ သားနော်''

''ဘယ်သူရှိမလဲ၊ မေ့သမီး အလိမ္မာတုံးလေ''

''ကြည့်! မကောင်းကျောင်းပို့နဲ့ ပြောပြန်ပြီ။ အဲဒါ နင့်ဟာလေးပဲလေ။ အပြစ်ပုံစရာရှိတာနဲ့ ဘာ. . . မေ့သမီးလဲ။ သွန်းက ဘာဖြစ်နေလို့လဲ။ ပြောပါဦး''

''ခြေလှမ်းတွေ ပျက်နေတယ်''

''ဘယ်လို. . . ဟယ်! ဟုတ်ပုံမလား သားရယ်။ ပေါက်ပေါက်ရှာရှာတွေ''

''မယုံလို့ သေချာစောင့်ကြည့်နေတာပေါ့ မေရဲ့။ ဒီနေ့နဲ့ပါဆို အဲဒီကောင်နဲ့အတူတွဲတွေ့တာ နှစ်ကြိမ်ရှိနေပြီ''

''ဘာ. . . ဘယ်က ကောင်လဲ၊ ပြောပြန်ပြီ မိုက်မိုက်ရိုင်းရိုင်း''

ဘယ်ကကောင်လဲတဲ့။ ကုမ္ပဏီ Member ဦးမြင့်မိုရဲ့သားလို့ပြောရမှာလား။ အန်ကယ့်ကိုတော့ လေးစားတာမှန်ပေမယ့် အဲဒီကောင်ကိုဖြင့် နဂိုကတည်းက သူကြည့်မရဖြစ်နေတော့ ခက်သား။ ဘာ Report လေးပဲတင်တင်၊ 'မောင်နိုင်းသဘော





ဆိုပြီး ဖေဖေက ထောက်ခံလိုက်လေ့ရှိတာကို။

ပြီးတော့ ဒင်းတင်ပြတဲ့အချက်အလက်ကလည်း ကုမ္ပဏီနဲ့အံဝင်ခွင်ကျမို့ အရှုံးပေါ်သည်မရှိခဲ့။ အလုပ်လည်း တကယ်ကြိုးစားကာ လူကြီးတွေ၏မကြာခဏာချီးမွမ်းခြင်းကို ရရှိတဲ့သူလေ။ ဒီတော့ သူလို GM ရာထူးနေရာကို ကိုင်လှုပ်နေသလိုဖြစ်မနေဘူးလား။

ယောက်ျားချင်းလည်းဖြစ်၊ သက်တူရွယ်တူလည်းဖြစ်တာမို့ ဒင်းအပေါ် မရှုစိမ့်တဲ့စိတ်အစဉ်က သူ့ရင်ကို ပူလောင်ခြင်းရှုစေတာပါလေ။ ဒါနဲ့များတောင် ဒင်းက မရပ်သေးဘဲ သူ့ညီမလေးကို ဖြတ်ခုတ်ယူဖို့ ကြံနေတာ ကောင်းသလား။ ဒီလောက်အတန်တန်သတိပေးထားပါလျက်နဲ့ ဟိုဟာလေးကလည်း ဒင်းဘက်ကို (60%) လောက် ယိုင်ချင်ချင်လေ။

ငါနော်. . . ဒင်းတို့နှစ်ကောင်ကို ကြံရည်ကျိတ်စက်ထဲထည့်ကျိတ်လိုက်ချင်တော့တာပဲ။

''ကောင်လေးကို သိလို့လား''

''အင်း''

''သွန်းနဲ့သား စုံတွဲဆိုတာကို သူသိအောင် ပြောလိုက်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ သွန်းလုပ်ရမှာ မေရ။ သူ့မှာ ကျွန်တော်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ဒီလိုလုပ်စရာလား။ လူကိုတွေ့ရင် စကားသုံးလေးခွန်းပြောကြည့်၊ တစ်ခွန်းသာ အကောင်း။ ကျန်တာက ရန်လိုတဲ့စကားချည်းပဲ။ ကျွန်တော်ကတော့ သူ အူတိုတတ်လို့ပြောတာလို့ပဲ ထင်ထားတာ။ ခုတော့''

''သေချာမှပဲ ပြောပါလား သားရယ်''

''မသေချာဘဲ ပြောမလားမေရ၊ ဒီမျက်စိကြီးနဲ့တိုးတာမှ နှစ်ခါတောင်။ တွေ့လိုက်တိုင်းလည်း နှစ်ပါးကြည်ပြီး ပြုံးလို့ရွှင်လို့။ အား. . . ဒင်းတို့နှစ်ယောက်ကို အမှုန့်ကြိတ်လိုက်ချင်ပြီ။ တောက်! ''

မေမေက ရင်ဘတ်ကိုဖိကာ ရင်မောသွားပုံရပါ၏။ တော်ရုံကိစ္စမျိုးနဲ့ အိမ်ကို သူပြောပြလေ့မှမရှိတာ။ အထူးသဖြင့် သူ့အပေါ် သဘောထားသေးပြီး ဘာမဟုတ်တာလေးနဲ့ပဲ အထအန ကောက်ကာ စိတ်ကောက်လေ့ရှိသည့် သွန်းကိစ္စက ပိုပြီးနှုတ်ဆိတ်နေတာပါ။ အရေးမပါဘူးဟု သူယူဆထားသမျှအရာတိုင်းက သူ့ဘဝကို ဘာကြောင့်များ ကိုင်လှုပ်သလိုဖြစ်လာရတာပါလိမ့်။

အလုပ်မှာ Secretary လှလှလေး မထားရ၊ Staff





ကောင်မလေးတွေနဲ့ လိုတာထက် ပိုမရောရ။ မိန်းကလေးတွေနဲ့ စကားပြောရင် မျက်နှာကို မပြုံးရ။ တစ်ဖက်သား ကြေသွားမယ့် ဟန်ပန်အမူအရာမျိုးမလုပ်ရဆိုပြီး ပညတ်ချက်တွေ သတ်မှတ်ပေးထားခဲ့သမျှ သူ့ကိုချစ်လွန်းလွန်းလို့ဟုသာ တစိုက်မတ်မတ် ယုံကြည်ထားမိခဲ့တာပါ။

တစ်ယောက်အလိုက် တစ်ယောက်သိတတ်ပြီး ငယ်စဉ်ကတည်းက နားလည်မှုနဲ့တွဲခဲ့ကြသည့် အဖြူစင်ဆုံး သူငယ်ချင်းသည် ရင်ခုန်သံချင်း ဖလှယ်တတ်သည့်အရွယ် နှလုံးသားချင်း ဖလှယ်ခဲ့သည့်ချစ်သူအဖြစ်သို့ ရောက်ရှိခဲ့တာ နည်းတဲ့နှစ်တွေသွား။

လူကြီးတွေပါမက မိသားစုအကုန်လုံးသိကြတဲ့အထိ သူတို့နှစ်ဦး အကဲပိုခဲ့မိကြတာပါလေ။ Hand Phone မကိုင်ရခင်က ဘယ်အချိန်လာတဲ့ Phone ဆို မကိုင်နဲ့နော်ဆိုပြီး အိမ်က Phone တွေကို တစ်နာရီကျော် အပိုင်စီးပြီး စကားတွေ ပြောကုန်အောင် ဖြစ်ခဲ့ကြတာပါလေ။

အခုမှ အရွယ်ရောက်ပြီး အလုပ်ကိုယ်စီ လုပ်တော့မှပဲ ရင်ခုန်သံတွေ အေးစက်ကုန်တာတဲ့လား။ တွတ်တီးတွတ်တာ ပြောဖို့ အချိန်ဖဲ့မပေးနိုင်တာနဲ့ဘဲ ကိုယ့်ကို ဥပေက္ခာပြုထားရက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့။ ရက်စက်ပါ့ သွန်းရယ်။

"ငိုချတော့မှာလား"

"မငိုပါဘူး. . . ဘာလို့ငိုရမှာလဲ မေရဲ့။ မျက်ရည်တွေ နှမျောစရာ"

"ဖြစ်ရမယ်၊ ပုံစံကဖြင့် လိုချင်တာမရလို့ ချုံးပွဲချ ငိုချတော့မယ့်ကလေးလို ဖြစ်နေတာကိုများ. . . သားအမိချင်း ဖုံးရကွယ်ရန့်"

မေမေက သူ့ခံစားချက်ကို ပေါ့လိုပေါ့ငြား ဖော့ပေးရှာပါ၏။ ဟုတ်ပါတယ်၊ အမှန်တကယ်လည်း စိတ်ရှိတိုင်း ငိုချလိုက်ချင်တာပါပဲ။ ရင်ထဲမှာ ပြည့်သိပ်မွန်းကြပ်နေရတာကို။ ယောကျ်ား ဖြစ်ပြီး မငိုရဘူး၊ မျက်ရည်မကျရဘူးလို့ သတ်မှတ်ထားတာမျိုး မှမရှိတာလေ။

သို့သော် မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး မျက်ရည်ကျရမှာကိုတော့ သူရှက်မိပါ၏။ ကိုယ့်အပေါ်သစ္စာမရှိဘဲ ခြေလှမ်းပျက်နေတဲ့မိန်းမကို ချစ်သူအဖြစ် ထားရဦးမှာလား။ ထားရော ထားသင့်လို့လား။ ဒါကြောင့်လည်း နာတယ်လို့ပြောပြီး ဒေါသတွေနဲ့ ဖုံးကွယ်နေရတာပါလေ။ ရင်ထဲမှာ တကယ်နာကျင်ရတာပါ။





"မတန်ဘူး"

"ဟယ်. . . ဘာကိုလဲ"

"ဒင်းအတွက် ကျွန်တော်မျက်ရည်ကျဖို့ မတန်ဘူးလို့ ပြောတာလေ"

"သားနော်"

"ဟုတ်တာပဲဟာ၊ သူတောင် မိန်းကလေးဖြစ်ပြီးအသစ် ယ်ရှာသေးတာ. . . ကျွန်တော်က မရမက ဆွဲထားရမှာလား။ သေး"

"ဒါဖြင့် ဘာလုပ်မှာလဲ"

"ကျွန်တော်လည်း တွဲပြမယ်"

"မိုးသုတနော်. . . မဟုတ်တာတွေ လုပ်ပြမယ်မကြံနဲ့။ ဖေဖေသိရင် မိုးမီးလောင်လိမ့်မယ်။ ယဉ်ယဉ်နဲ့ အတော်ကြီး နီးလို့ သားတို့ကိစ္စကို အတည်ပဲဆိုပြီး လူကြီးတွေ သတ်မှတ် တာကို ဖျက်လိုဖျက်ဆီး မလုပ်ချင်ပါနဲ့"

သိတယ်လေ၊ သိနေတယ်။ ဒီလိုတွေ ရင်ဆိုင်ဖြေရှင်း ယ်ဆိုတာကို။ သူတို့နှစ်ယောက်ကိစ္စက ပြီးပြီးရောနဲ့ အပျော် သောထားခဲ့ကြတာမှမဟုတ်တာ။ ဒါကို ဒင်းလည်းသိပါလျက် ဒီလိုခြေပုန်းခုတ်တဲ့ဇာတ်လမ်းမျိုး ထွင်ပြရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံးရင်ဆိုင်ရမှာက မိသားစု၊ ပြီးရင် အနီးပတ်ဝန်းကျင်က မိတ်ဆွေအသိုင်းအဝိုင်း။ ပြီးတော့ ဆွေမျိုးတွေအထိ ပျံ့နှံ့ကုန်မှာ။ အားလုံးက ကလေးစုံတွဲဆိုပြီး သူနဲ့သွန်းကိုစောင့်ကြည့်နေကြတာမဟုတ်လား။ 'ချစ်လား . . . အင်း'ဆိုပြီး ကစ္စပြတ်ခဲ့ကြတာမှမဟုတ်ဘဲ။

ဘဝတစ်ခုအတူတည်ထောင်ဖို့ ဆုပ်ကိုင်ထားမိတဲ့လက်တွေကို ဖြည်လွှတ်ဖို့ မင်းမို့ကြံစည်ရက်တယ်။ ကိုယ်မဟုတ်တဲ့တခြားသူစိမ်းတစ်ဦးရဲ့ရင်ခွင်ကို မင်းမို့ ပြောင်းဝံ့ရဲတယ်။ ကိုယ့်ကို လိုလိုလားလားပေးခဲ့တဲ့ ချစ်ခြင်းမှန်သမျှကို မင်းမို့ ပြန်ယူရက်ရတယ်လို့။

''သူနဲ့ကျွန်တော်က ကာယကံရှင်တွေပါ မေရဲ့''

''အေးလေ. . . အဲဒါကြောင့်ပဲ ပြောနေရတာ။ နှစ်နာစရာရှိ နှစ်ဖက်စလုံး နှစ်နာမှာပဲမဟုတ်လား။ ဒီလောက် အကြာကြီးတွဲခိုင်းခဲ့တာကိုက မဟုတ်တာ။ ယဉ်ယဉ်က သမီးကြီးယွန်းကို အရင်ဆုံး အိမ်ထောင်ချပေးပါရစေဆိုတာနဲ့ စောင့်ခိုင်းတာဖြစ်ပြီး မင်းတို့နှစ်ယောက်ကို အရင်ပေးစားရမှာ''

''ဟာ! လာပြန်ပြီ၊ မယူပါဘူးဆိုနေမှ''

''မယူလို့ရမလား။ မိန်းကလေးတစ်ယောက်ကို နှစ်ရှည်





များတွဲခဲ့တာ ပတ်ဝန်းကျင်က မင်းတို့ကိုသိထားပြီးပြီ၊ မိတ်စာဘယ်တော့ဝေမလဲဆိုပြီး စောင့်နေကြတာပဲရှိတယ်''

''ကျွစ်! မယူတူးဆို မယူဘူးဗျာ။ အဲဒါ သူ စည်းစဖောက်လို့ ဖြစ်တာ''

''ဒီလိုချည်း တစ်ဖက်သတ်မပြောပါနဲ့သားရဲ့။ ဟိုအရင်အလို သူနဲ့တွေ့ကြဖို့၊ လည်ပတ်ကြဖို့အချိန်ကို သားပေးနိုင်လို့သား . . . ပြော''

''အခုက အလုပ်ဝင်နေပြီလေ မေရာ''

''အေးလေ . . . အလုပ်ကြောင့်ဆိုရင် ပိုပြီးတည်ငြိမ်အေးနက်ရမှာပေါ့။ သူ့အပေါ် ပိုနားလည်ပေးရမှာပေါ့။ လုပ်ငန်းနဲ့တက်ပြီး ယောကျ်ားလေးမိတ်ဆွေသူငယ်ချင်းမျိုး ထားတာမှုတာလည်းဖြစ်နိုင်တာပဲ။ ဘာမဆို ဆင်ဆင်ခြင်ခြင်လုပ်တတ်စမ်းပါ''

သူ စိတ်ရှိလက်ရှိ အော်ဟစ်လိုက်ချင်တော့တာပါလေ။ ဘာမိတ်ဆွေလဲ . . . ဘာသူငယ်ချင်းလဲ၊ ဘယ်လိုမှဆုံနိုင်စရာအကြောင်းမရှိ။ ဟိုကောင်က သူ့ကုမ္ပဏီမှာ လုပ်တဲ့လူ၊ သွန်းက Shopping Mall မှာ လုပ်နေတဲ့လူ။ ဒီလူနှစ်ယောက်က ဘယ်နေရာမှာများ ဆုံစရာရှိလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့များတောင်မှ ကြဲဖန်ဆုံစည်းပြီး တွဲနေကြတာလေ

တောက်! ဟိုတလောက အဲဒီကောင်စားပွဲမှာ သူဝယ်ထားပေးတဲ့ ထီးကိုတွေ့ကတည်းက သိသင့်တာ။ စိတ်ထဲထင့်သွားပေမယ့် ချစ်သူအပေါ် သံသယမဝင်သင့်ပါဘူးလေဆိုပြီး သူ့စိတ်ကို ဖြေခဲ့တာ။

နှစ်ဦးသားဆုံတော့လည်း ထီးဘယ်မှာလဲဟု မမေးဖြစ် တော်ကြာ ပြဿနာအစရှာတတ်သူလို့ စွပ်စွဲဦးမှာကိုး။ ဒါနဲ့တောင် မှ ရုပ်ရှင်ကြည့်ရင်း စကားများဖြစ်ခဲ့သေးတာ။ ချစ်သူသက်တမ်း သုံးနှစ်ပြည့်နေ့ကိုတောင် သူမ မေ့လျော့နေခဲ့တာပါလား။ တကယ် ဆို အဲဒီနေ့မှာ နှစ်ဦးသား ကြည်ကြည်နူးနူးနဲ့ အရင်ကအကြောင်း တွေ ပြန်ပြောရင်း ပျော်ခဲ့ရမှာပါ။

တကယ်လက်တွေ့မှာဖြင့် နှစ်ယောက်သား ကျောခိုင်း ပြီး အိမ်ပြန်ခဲ့ရတာလေ။ ခဏပါ . . . ခဏလေးပဲဆိုပြီး သဘော ထားမိခဲ့တာ အခုတော့ ထာဝရအဖြစ် ပြောင်းသွားပြီလား။ ငါ့ ကောင်က သူ့ထက် ဘာများပိုပြီးသာလွန်မြင့်မြတ်နေလို့ပါလဲ ရုပ်ရည်ကအစ ဘာတစ်ခုမှ သာတာမျိုးမရှိတဲ့လူကို ရွေးတာ လား။ မခံချင်စရာကောင်းလိုက်ပါဘိ။

''မိတ်ဆွေသူငယ်ချင်းက အကျိုးဝယ်ပေးတာမျိုးရှိမလား

ဆိုင်အတူထိုင်ပြီး မျက်နှာချင်းဆိုင် အပြုံးပြိုင်ရမှာလား မေရ''

''ဘယ်လို''

''အဲဒါတွေ မေ မသိပါဘူး။ ပြောရင်း ဒင်းကို တစ်စစီ ဆွဲဖြုတ်ချင်လာပါတယ်ဆိုနေမှပဲ''

''ဟုတ်ပါ့မလား သားရယ်၊ မေမေဖြင့် မယုံချင်ပါဘူး''

''ကျွန်တော်လည်း ဘယ်ယုံချင်ပါ့မလဲ။ သူများဆီက တစ်ဆင့်ကြားရရင်တောင် ယုံရခက်ခက်ဖြစ်ဦးမယ်။ အခုဟာက မျက်စိနဲ့တပ်အပ်ကြီးမြင်ခဲ့ရတာ။ မြင်တာကိုပဲ တစ်ဝက်ယုံဆို၊ ဒင်း . . . စည်းဖောက်သစ္စာမဲ့တာ ငါးဆယ်ရာခိုင်နှုန်း သေချာ နေပြီ''

''ခက်တာပဲ၊ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ဖြစ် ကုန်တော့မယ်။ ဒီကလေးတွေကတော့လေ''

''သူက တစ်ယောက်တွဲရင် ကျွန်တော်က နှစ်ယောက် ပြိုင်တွဲပြဦးမှာ . . . စောင့်ကြည့်နေ''

''ဟဲ့!''

ပြောပြီးတာနဲ့ ထရပ်ပြီး အပေါ်ထပ်ကိုတက်ခဲ့ပါလေ၏။ ဘကယ်ပါ သွန်းရွှေစင်။ မိန်းကလေးဖြစ်တဲ့မင်းကမှ သစ္စာမရှိ ရင် ငါဆိုတဲ့မိုးသုတက ဝမ်းနည်းစရာမှမလိုတာဘဲ။ ငိုတဲ့သူ







www.burmeseclassic.com

www.burmeseclassic.com



အရှုံးတဲ့။

အဲဒီမျက်ရည်တွေနေရာမှာ မင်းကိုမုန်းတီးနာကြည်းဖို့ ခွန်အားတွေအဖြစ်ပဲ မွေးဖြစ်တော့မှာ အမှန်ပါလေ။

♥♥♥



## အခန်း (၁၂)

Phone နားထောင်နေရင်း ဒေါ်ရွှေယဉ်တစ်ယောက် ရင်ဘတ်ဖိရင်း ဘုရား'တ'မိနေလေပြီ။ ဘယ်လိုဖြစ်ရတာလဲ၊ အိမ်ကသမီးငယ်က သမီးကြီးလို စိတ်မာမာနဲ့ သွေးအေးတဲ့လူမျိုးမဟုတ်တာ။ သွက်လက်ထက်မြက်တာ မှန်ပေမယ့် အတွင်းစိတ်ရင်းက အင်မတန်မှ သိမ်မွေ့နူးညံ့လွန်းတာပါလေ။

အပြစ်တင်စရာဆိုလို့ အိမ်မှာ အငယ်ဆုံးလည်းဖြစ်တာက တစ်ကြောင်း၊ ရာကြဲစိတ်ကောက်ကျင့်လေး တစ်ခုလောက်သာ ရှိတာပါ။ ဒါကလည်း ကြီးကြီးမားမားအပြစ်မဟုတ်။ အချိန်တန်ရင် ဘယ်သူမှ တီတီပပမချော့လိုက်ရပါဘဲ သူ့အလိုလိုစိတ်ပြေသွားတတ်တဲ့ကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုငယ်စဉ်ကတည်းက သိထားပါလျက် ဒီလိုကလေးကို အပြစ်မြင်တတ်နေပြီလား။ တစ်ဆင့်စကားဆိုပေမယ့် ကာယကံရှင်ဖြစ်တဲ့သားသုတတစ်ယောက် အဘယ်မျှ စိတ်ထိခိုက်နေမလဲဆိုတာကို ခန့်မှန်းသိနိုင်လေ၏။ သမီးငယ် ဘာတွေများလျှောက်လုပ်နေပါသလဲ။

"ဟုတ်ကဲ့ပါ မထက်၊ အခုလို အသိပေးတာကိုပဲ ယဉ်က ကျေးဇူးတင်တာပါ။ အခန့်မသင့်တာမျိုးပဲဖြစ်မှာပါ၊ ယဉ်တို့ရှေ့မှာတော့ သမီးငယ် ဘာတစ်ခုမှပြောင်းလဲတာမျိုးမရှိသလို အမှားလုပ်တာလည်း မတွေ့ရပါဘူး။ ဟုတ်ကဲ့. . . ယဉ်သမီးကို ယဉ် ဆုံးမပါ့မယ်"

Phone ကို နေရာတကျပြန်ထားလိုက်စဉ် အပေါ်ထပ်မှဆင်းလာသည့်သမီးငယ်ကို မြင်လိုက်ရပါသည်။ ပြင်ရိုးပြင်စဉ် အတိုင်းပါပဲ။ ဘာမှထူးထူးခြားခြားမရှိ၊ မျက်နှာကလည်း အမြဲတစေတည်တဲ့သူမဟုတ်ဘဲ မျက်နှာပြုံးလေးရှိတာမို့ မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့်ဆုမျိုးနဲ့ ပြည့်လာသူပါ။

ထူးထူးဆန်းဆန်း အူမြူးပျော်ရွှင်နေတာမျိုးလည်းမရှိ၊ အိမ်ကစကားပိုင်းမှာ တစ်ယောက်ယောက် ပါးစပ်မဟရင်တောင်မှ 'အဲဒီကောင် Phone. . . မဆက်တာ တစ်ပတ်ပြည့်ပြီ' ဆိုတဲ့





စကားလောက်တော့ ပြောဖော်ရတာပါ။ ဒီတော့ ဒီလိုရင်ထဲမှာ အမြဲရှိနေတဲ့ကောင်လေးကို မိမိသမီးက မေ့တတ်ပြယ် အချစ်လျော့ပြီး ရင်ခုန်သံပြောင်းနိုင်ပါ့မလား။

"ဟာ! မေမေ သမီးကိုမမြင်ဖူးလို့ ကြည့်နေတာလား။ ဘာလဲ. . . မျက်နှာမှာ အိုးမည်းပေလာလို့လား။ ခုနက မမ အာဘူးအချောင်းလိုက်ကြော်နေတာကို သွားနှိုက်စားမိသေးတယ်။ အဟင်း"

အပြစ်ကင်းစွာ ပြုံးလိုက်သည့် သမီးငယ်ကိုကြည့်ရင်း ဆက်ပြင်းရှိုက်လိုက်မိ၏။ နှစ်ဖက်မိဘတွေ သဘောတူတာရော အလေးနှစ်ယောက်ပါ တစ်သဘောတည်းမို့ ဒီကိစ္စကိုတော့ မပျက်စေလိုပါ။ အထူးသဖြင့် မိမိသမီးဘက်က ခြေလှမ်းစပျက်ပြီး ဒီကိစ္စကို ပျက်စီးစေတာမျိုး မဖြစ်စေချင်တာပါဘဲ။

"မေမေ"

"ခဏထိုင်ဦး"

"အာ. . . ဘာပြောဦးမှာလဲ၊ သွန်း အလုပ်သွားရတော့ မှာ နောက်ကျလိမ့်မယ်"

"လျှာမရှည်နဲ့၊ ထိုင်ဆိုထိုင်၊ ခဏပဲပြောမှာ"

'ခဏက ဘယ်နှမိနစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ပေါ့။ နင့်ကိုယ်နင် ကုလသမဂ္ဂအတွင်းရေးမှူးများ ထင်နေသလား။ သိပ်အလုပ်ရှုပ်ပြမနေနဲ့"

မမေ့စကားကြောင့် သွန်း တွန့်ခနဲဖြစ်သွားရပါ၏။ အိမ်မှာ ပွစိပွစိပြောတတ်တာက မမတစ်ဦးတည်းသာ ရှိတာပါ။ မမေက မလိုအပ်ဘဲနဲ့ တော်ရုံဘာမှမပြောပါချေ။ မျက်နှာပေါ်မှာ ထင်နေတဲ့ပုံရိပ်က ဝမ်းနည်းဟန်ဖြစ်သလို ဒေါသက တစ်ဝက်ဖြစ်နေတာမို့ ဆက်တီမှာ ထိုင်လိုက်ရပါ၏။ မမေ ဘာများဖြစ်လို့ပါလဲ။

"သားသုတနဲ့ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ မမေရဲ့ . . . ဘာလို့မေးတာလဲ။ ဘာလဲ Wedding လုပ်ချင်တယ်ပြောလို့လား။ မရဘူးနော်၊ အရှေ့မှာ မမတစ်ယောက်လုံးရှိနေသေးတာကို"

"မဆိုင်တာ မပြောစမ်းပါနဲ့။ အဲဒီကိစ္စကလည်း ဖြစ်ချင်မှဖြစ်တော့မှာ"

"ဟင်! မမေ့စကားက ဘာစကားကြီးလဲ"

ရင်ထဲ ဒိန်းခနဲမြည်ဟီးသွားသလို ခေါင်းနားပန်းပါ ကြီးသွားရပါ၏။ အလိုလေး! ဒီလိုအခြေအနေမျိုးဖြစ်လာအောင် ရှ





ဘာရက် ဘယ်သူကများ ဖန်တီးခဲ့ပါသလဲ။ မယုံနိုင်စရာ။

"သူတို့ဘက်က ပြောနေပြီ"

"ဘာကိုလဲ၊ ဘာကိုပြောတာလဲ မမေ"

"သမီးဘက်ကစပြီး သစ္စာမဲ့တာတဲ့"

"ရှင်! . . . သွန်းက"

"အေး"

"ကျွစ်! ဘာအဓိပ္ပာယ်လဲ၊ သွန်းက ဘာများအမှားလုပ်မိလို့ အခုလိုမျိုး စွပ်စွပ်စွဲစွဲပြောရတာလဲ။ သုတ ပြောတာလား"

"မထက် ပြောတာ"

"အန်တီက"

"အေး. . . သားသုတဘက်က ခါးခါးသီးသီးဖြစ်နေပေမယ့် သမီးတို့လူငယ်ချင်း ပြဿနာကို သမီးတို့ပဲ ကြည့်ရှင်းစေချင်တာပါတဲ့"

"တောက်!"

"ဟဲ့! လူကြီးကို တက်မခေါက်ရဘူးလေ"

"ဒီကိစ္စ သွန်းရှင်းလို့ရပါတယ်၊ လူကို ဘာအကြောင်းပြချက်မှမပေးဘဲ ဘလိုင်းကြီးဖြတ်ချလို့ရမလား။ သွန်းတို့ကိစ္စက လူသိရှင်ကြားကြီးကို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ပြောနေရတာပေါ့သမီးရဲ့၊ ပတ်ဝန်းကျင်က အသိဆုံးဖြစ်နေတာတောင် သမီးတို့နှစ်ယောက် ပြဿနာဖြစ်ပြီး၊ ပြတ်ရင် မေမေတို့မိဘတွေ ဘယ်လောက်မျက်နှာပျက်ရမလဲ။ ဘယ်လောက်အရှက်ရမလဲဆိုတာ စဉ်းစားကြည့်"

"သွန်းမှမလုပ်တာ"

"အဲဒါ မေမေ့ကိုမပြောနဲ့လေ သမီးရဲ့။ သားသုတတို့ကို ရှင်းပြမှဖြစ်မှာပေါ့"

"စိတ်ရှုပ်လိုက်တာနော်၊ ကိုယ့်အလုပ်နဲ့ကိုယ်တောင်မအားတဲ့လူကို ရှာကြံပြီး အပြစ်တင်ရတယ်လို့"

"အငယ်မ . . . ထမင်းချိုင့်ရပြီ"

အံကိုတင်းတင်းကျိတ်လိုက်မိစဉ် မမက ထမင်းချိုင့်ကိုကိုင်ပြီး နောက်ဖေးခန်းမှထွက်လာလေ၏။ စောစောစီးစီး အိမ်ကို မုန်တိုင်းဝင်တာကတော့ မကောင်းပါဘူး။ လူငယ်တွေကိစ္စကို လူကြီးတွေပါ,ပါလာရင် ပြတ်ဖို့က (80%)လောက်ဖြစ်တော့မှာလေ။ သုတ. . . နင် ဘာ Style ထွင်ပြီး၊ ဘာအချိုးနဲ့ ငါ့ကိုလာချိုးရတာလဲ။

"နောက်မှ သူနဲ့ Phone ဆက်ပြောမယ်။ သွန်း သွားမယ် မေမေ"





"အေးအေး"

"ဘာဖြစ်ကြပြန်ပြီလဲ. . . ဒီကလေးနှစ်ယောက်နဲ့တော့လေ"

မမ ရေရွတ်တာကိုကြားပေမယ့် ဘာမှမပြောချင်တာမို့ထွက်လာခဲ့ပါ၏။ လမ်းထိပ်ကိုလျှောက်လာသည့်ခြေလှမ်းတို့က ဒေါသတကြီးနှင့်မို့ ခြေသံခပ်ကျယ်ကျယ်ဖြစ်နေလေသည်။

တောက်! နေနှင့်ဦးပေါ့ သုတရယ်။ ငါ့ကို စိတ်ပျက်စိတ်ကုန်နေပြီဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါလား။

'ငါတို့မဖြစ်ဘူးထင်တယ်၊ လမ်းခွဲစို့'ဆိုပြီး ခပ်ပေါ့ပေါ့လေးနဲ့ ပြောလို့ရပါတယ်။ ရင်ထဲမှာ နင့်ခနဲဖြစ်ပြီး လေးလံတဲ့ခံစားချက်တွေတစ်ပုံကြီးနဲ့ ပြုလဲရမှာအမှန်ပါပဲ။ သို့သော် မိန်းမသားတစ်ဦးရဲ့သိက္ခာနဲ့ အရှက်တရားကြောင့် ဖုံးကွယ်သိုသိပ်ရဦးမှာပါလေ။

ပွင့်လင်းကြမယ်ဆို။ ထစ်ခနဲရှိ စိတ်ကောက်တတ်တာကြောင့်လား။ ကောင်မလေးတွေနဲ့ ရှာကြံအူတိုတတ်ကျင့်ရှိလို့များလား။ အဲဒါတွေဖြစ်ရတာက နင့်ကိုသိပ်ချစ်လို့ပါလေ။ နင့်အပေါ်မှာထားရှိတဲ့ချစ်ခြင်းနဲ့သစ္စာတရားကို နင်မှမယုံကြည်နိုင်ရင် နင်မဟုတ်တဲ့လူတွေက ဘယ်လိုယုံကြပါ့မလဲ။ ဒါကိုနင်



www.burmeseclassic.com

www.burmeseclassic.com



မတွေးမိဘူးတဲ့လား။

ပြောကြတာဖြင့် 'အချစ်ဆိုတာ ဝန်တိုခြင်း'ဆို။ ကိုယ်က ပိုချစ်ရင် ပိုင်ဆိုင်ချင်စိတ်က ပိုပြီးလောဘဖြစ်တတ်တယ်တဲ့။ ဟုတ်ပါတယ်၊ သွန်းက လောဘသိပ်ကြီးတဲ့ကောင်မလေး တစ်ယောက်ဖြစ်ကောင်းဖြစ်နေမှာပါ။ အဲဒါတွေအားလုံးဟာ သူ့အပေါ် ချစ်တဲ့စိတ်၊ သူ့အပေါ်ထားတဲ့အရင်းခံစေတနာ၊ သူ့အပေါ် ပုံထားမိတဲ့ လေးနက်တဲ့သစ္စာတရားတွေကြောင့်ဆိုတာကို သူသိအောင် ဘယ်လိုရှင်းပြရပါ့မလဲ။

မျက်ရည်က စို့ဝဲတက်လာလေ၏။ သွန်းကိုသွန်း အင်မတန် စိတ်ဓာတ်မာကျောလွန်းသူဟု ယူဆသတ်မှတ်ထားသော်ငြား၊ အင်မတန်မှစိတ်ပျော့သူဟု သူငယ်ချင်းဖြစ်တဲ့ပပက ထောက်ပြခဲ့တာ မှန်နေပါပေါ့လား။

အရင်လို မာနလေးနဲ့ ခပ်ထန်ထန်လေး တုံ့ပြန်ပါတော့လား။ အခုတော့ ရင်ထဲမှာ ဆုပ်ကိုင်ညှစ်ချေခြင်းခံရသလို နာ့ဆို့နင့်နင့်နဲ့ ခံစားနေရတာက ခံရခက်လွန်းနေတာပါလေ။ ရည်းစားဆိုတာကို အပျော်တမ်းထားခဲ့တာမျိုးမရှိခဲ့၊ ချစ်သူဆိုပြီး သတ်သတ်မှတ်မှတ်နဲ့ ဘဝလက်တွဲဖော်အဖြစ် သူတစ်ဦးတည်းကိုသာ ခေါင်းညိတ်လက်ခံခဲ့တာပါလေ။





အခုတော့ဖြင့် သွန်းအပေါ် ကံကြမ္မာက ရက်စက်လေ ဦး။

"တီ! . . ."

လိုင်းကားတွေ တစ်စီးပြီးတစ်စီး မောင်းသွားပေမယ့် တက်ဖြစ်။ Taxi တွေ တစ်စီးပြီးတစ်စီး ဖြတ်သွားသော်ငြား တားဖြစ်။ ဒီအတိုင်း တောင့်တောင့်ကြီးရပ်နေသည်က မိနစ် တော်တော်ကြာကြာပါပဲ။ သက်မဲ့အရုပ်လေး ထားထားသလိုမျိုး တွေတွေကြီး ရပ်နေမိလေ၏။

အချစ်က လူကို ဒီလိုပဲ အသိမဲ့စေလေသလား။ အသက် ကိုတောင် သေစေနိုင်သလားကွယ်။ ဝိညာဉ်မဲ့ငုက်တစ်ကောင် ထိ အဝေးဆုံးကို ထွက်ပြေးပျောက်ကွယ်သွားချင်ပါရဲ့။

ဘုရားရေ! သွန်း ဘာတွေများ တွေးနေမိတာလဲ။ နေ ဦး. . . အချိန်တွေ အများကြီးရှိပါသေးတယ်။ သူနဲ့ဆွေးနွေး စရာရှိသေးတာပဲ။ ဖြေရှင်းချက်တွေ အများကြီးရှာလို့ရသေးတယ် လေ။ နားလည်တဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြနိုင်ရင် သူ သိမှာပေါ့။ သွန်းတို့နှစ်ယောက် ပြေလည်သွားမှာပါနော်။

Phone ဖွင့်ရင်း နံပါတ်စဉ်(1)ကိုခေါ်လိုက်မိ၏။ Busy တဲ့။ ဒီလိုအစောကြီးမှာ အလုပ်မသွားရသေးပါဘဲ ဘာလို့မအား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရတာပါလဲ။ သို့တည်းမဟုတ် သွန်းရဲ့ Phone နံပါတ်ကိုပဲခေါ်လို့မရအောင် Lock ချထားလေသလား။ စိတ်ထဲမှာ ဇဝေဇဝါ

"တီ! တီ! . . ."

ရှေ့မှဖြတ်သွားသည့် Taxi ကို လက်လှမ်းတားလိုက်မိ၏။ အလုပ်ကိုခဏဝင်ပြီး အကျိုးအကြောင်းပြောပြီး ပြန်ထွက်မှပါပဲ။ သွန်းက စိတ်မြန်လက်မြန်ရှိသူမို့ ကိစ္စတစ်ခုဖြစ်ရင် ချက်ချင်းရှင်းတတ်လေ၏။ အဲဒီလိုမှမဟုတ်ရင် ဘာမှမလုပ်နိုင်ဘဲ ရင်ထဲမှာ တအုံ့နွေးနွေးကြီးဖြစ်နေတတ်လေသည်။

နောက်နစ်ဂိတ်မှာ ကားကိုလက်ပြတားနေသည့်လူကိုမြင်လိုက်တာမို့ မျက်နှာကို မနည်းကြီးပြင်လိုက်ရပါသည်။ ဟန်မဆောင်တတ်ပေမယ့် သွန်းအပေါ် ဖြူစင်စွာခင်နေတဲ့သူ့ကိုတော့ အပူတွေ မကူးစက်စေလိုပါလေ။

BURMESE CLASSIC .com

"ရပါတယ် ဦးလေး၊ တင်လိုက်ပါ"

Taxi က သူ့ရှေ့မှာရပ်သွားသဖြင့် နောက်ခန်းတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည့်သူက သွန်းကိုမြင်သွား၍ကာ အံ့ဩဝမ်းသာသွားလေ၏။ ဘယ်အချိန်ပဲမြင်ရမြင်ရ ကြည်လင်လွန်းသည့်မျက်နှာနှင့်လူငယ်လေးပါပဲ။

"ဟာ. . . ဘယ်သူများလဲလို့၊ သွန်းပါလား"





"အင်း"

"ဒီအကျီလေး ဝတ်ဖြစ်တာ ဝမ်းသာပါတယ်။ သွန်းနဲ့ အရမ်းကိုလိုက်တာပဲ"

"ကျေးဇူး"

သွန်း စကားသိပ်ပြောချင်ပုံမရမှန်း ရိပ်မိပုံဖြင့် သူနှုတ်ဆိတ်သွားပါ၏။ ဒီနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် သူဝယ်ပေးသည့် အကျီဖြူနှင့် စကပ်အနက်လေးကို တွဲဝတ်မိခဲ့တာကိုး။ ကံများနယ် ဆန်းပါရဲ့။

ဒီနေ့ သူတို့ကုမ္ပဏီကို သွန်း လာဖြစ်မည်ဆိုတာကိုတော့ ပြောဖြစ်တော့ပါချေ။ မြို့ထဲမှာ သွန်းက အရင်ဆင်းရတာမို့ သူ့ကိုတစ်ချက်ပြုံးပြခေါင်းညိတ်ကာ ကားပေါ်မှဆင်းခဲ့ပါ၏။ မျက်နှာအနည်းငယ်နွမ်းသလိုဖြစ်နေတာမို့ သွန်းကိုမေးချင်နေသည့် သူ့အရိပ်အကဲကိုသိနေပေမယ့် စကားလမ်းကြောင်း မပေးမိဘဲ ထုံထိုဘာဝေ နေဖြစ်ခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၃)

အလုပ်မှာ ဆိုင်စဖွင့်တာကို ခဏမျှစောင့်ကြည့်ပေးပါ၏။ ဟာမှာ ရောက်လာတော့ အကျိုးအကြောင်းပြောပြ ခွင့်တောင်း ဆိုက်ပါသည်။ ပပကိုတော့ နောက်မှသေချာရှင်းပြမည်ဟုသာ သိပေးပြီး ဆိုင်မှထွက်လာခဲ့ပါ၏။

Taxi လှမ်းတားစီးကာ Phone ခေါ်မိသော်ငြား နဂို တိုင်းပါပဲ။ ဟုတ်မှာပါ၊ တစ်ဖက်သတ်စွပ်စွဲပြီး မျက်မုန်းကျိုး တဲ့သူ့ကို သွန်းက မိန်းကလေးဖြစ်ပြီး ချော့ပြုရှင်းပြဖို့ လာရ တဲ့လား။ ဂုဏ်သိက္ခာတဲ့၊ ဟုတ်ပါတယ်။ မိန်းကလေးတစ် ာက်အတွက် မျက်နှာများရင်တော့ ဘယ်ယောကျ်ားလေးက န်ိုးထားပါ့မလဲ။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



တစ်ပွင့်တည်းသာ ပန်ချင်တာပါသုတရယ်။ နှင့်ကို ငယ်ငယ်လေးကတည်းက မုန့်ခွံ့ကျွေးပေးခဲ့တဲ့ကောင်မလေးပါ။ ပိစိလေးကတည်းက ချစ်ခဲ့တဲ့သူငယ်ချင်းမလေးပါပဲ။ အရွယ်ရောက်စဉ်မှာ ရင်ခုန်ဖက်အဖြစ်သတ်မှတ်ပြီး ချစ်သူဖြစ်ခဲ့ရတဲ့မိန်းကလေးဆိုတာကို နှင်မေ့သွားပြီလား။

"ရောက်ပါပြီ အစ်မလေး"

"ဩော်. . . ဟုတ်ကဲ့၊ ကျေးဇူးနော်"

ကားဆရာသတိပေးမှပင် အတွေးလွှန်နေတာ ရပ်သွားပါ၏။ ကားခလှမ်းပေးကာ ကားပေါ်မှဆင်းလိုက်ပါသည်။ ခပ်မြင့်မြင့်ဆောက်ထားသည့် အဆောက်အဦကိုမော့ကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိလေ၏။ 'ဆန်းသစ်စ' ဟူသည့်ဆိုင်းဘုတ်က နေရောင်အောက်မှာ ထွန်းလင်းတောက်ပနေတာပါလေ။

ဘဝအတွက် ရှေ့လမ်းက တားဆီးမယ့်အန္တရာယ် တစ်ခုမှမရှိတဲ့လူသားပါပဲ သုတရယ်၊ အဲဒီလမ်းမှာလျှောက်ဖို့ ငါ့လက်ကိုတောင် ဆွဲမကိုင်ထားချင်ဘူးတဲ့လား။ အတူတူဆို၊ ဘာမဆိုအတူတူစား၊ အတူသွား၊ အတူလုပ်ခဲ့ကြတာဖြစ်ပါလျက် ခုတော့ဖယ်ကျဉ်ချန်ထားခဲ့ချင်ပြီတဲ့လေ။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"





ရုံးခန်းထဲမဝင်ရသေးခင် မေးလိုက်သည့်မိန်းကလေးကို ချက်ချင်းပြန်မဖြေနိုင်သေးဘဲ ကြောင်ရပ်နေမိလေ၏။ ကုမ္ပဏီဆောင်စဉ်တုန်းကသာ တစ်ခါရောက်ဖူးတာမို့ ဝန်ထမ်းတွေနှင့်နှုန်းက စိမ်းသက်နေဦးမှာပါပဲ။ သူကသာ သွန်းရှိတဲ့ Shopping Mall ကို မကြာခဏဆိုသလို ရောက်လာတတ်တာလေ။

"ဒီမှာရှင့်"

"GM မိုးသုတနဲ့ တွေ့မလို့ပါ"

"ကြိုတင်ချိန်းဆိုထားတာမျိုးရှိပါသလားရှင်"

"ဟင့်အင်း. . . အဲဒီလိုမရှိပါဘူး"

"ဒါဖြင့် ဘာကိစ္စနဲ့လာတွေ့တာပါလဲ၊ ကြို Point ယူထားရင် ခဏစောင့်ရပါ့မယ်ရှင်"

ကိန်းဂဏန်းကြီးလှချည်လား။ အန်ကယ်မိုးသာ သွန်းကြိုဆိုလျှင် Welcome ဆိုပြီး ကြိုမှာ အသေအချာပါပဲ။ မရှိတော့ဘူးထင်ပါရဲ့။ လူကြီးတွေက ရုံးချိန်အတိုင်း နေ့စဉ်လာစရာ မလိုအပ်တာကိုး။ အားငယ်လိုက်ပါဘိ။ ကိုယ့်ချစ်သူရဲ့ဆီကိုလာတာတောင်မှ ခွင့်တောင်းရဦးမှာတဲ့လား။

"အဲဒါဆို သွားပြောပေးပါလားဟင်၊ သွန်း လာတယ်ဆိုရင် သူသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ခဏ ဒီမှာထိုင်စောင့်ပါနော်"

ဝန်ထမ်းကောင်မလေးက သွန်းကိုပြောပြီး မျက်စိရှေ့မှ ပျောက်သွားတော့၏။ အခြေအနေက အရင်နဲ့မတူတော့သလိုပါပဲလား။ စောင့်ပါတဲ့။ စောင့်ရမှာပေါ့။ ကိုယ်က တွေ့ချင်တဲ့သူကို။ အမြဲတမ်းစောင့်ဆိုင်းနေရတဲ့လူအတွက် စိတ်ရောလူပါ မော ပန်းနွမ်းနယ်ရတာပါ သုတရယ်။

စာနာစိတ်လေး နည်းနည်းပါးပါးတောင်မရှိဘူးလား။ သူရောက်လာရင် သွန်းလုပ်ချင်တဲ့အလုပ်မှန်သမျှ အကုန် ဘာမှ မလုပ်ရဘဲ ပစ်ထားပြီး သူ့သဘောကျ တကောက်ကောက် လိုက်ပါခဲ့ရတာပါ။ ပြောတော့ဖြင့် သွန်းက ရာကြဲစိတ်ကောင်း တတ်တယ်ဆိုပြီး အပြစ်တင်ခံရတာ မဟုတ်ပါလား။

တစ်အောင့်အကြာမှာ ထိုကောင်မလေး ပြန်ရောက်လာ လေ၏။ မျှော်လင့်တကြီးစောင့်နေသည့်သွန်းကို ပြုံးပြဖော်တောင် မရသလို ခပ်တည်တည်မျက်နှာဖြင့် လေသံပြတ်ပြတ် ပြောပြ လေသည်။ သူတို့ကုမ္ပဏီက မိန်းကလေးဝန်ထမ်းတွေအကုန် လိုချည်းပဲများလား။

"GM က ပြောလိုက်ပါတယ် အစ်မ။ အခုအလုပ်များ ပြီး မအားလို့ နောက်မှလာတွေ့ပါတဲ့"





"ဘာရယ်"

"ခြော်. . . ပြီးတော့ မှာလိုက်ပါသေးတယ်။ ကုမ္ပဏီ ကာ လာမတွေ့ပါနဲ့တဲ့"

ကြည့်စမ်း! ဒီလိုပဲလား။ အမောတကောရောက်လာရ တဲ့လူကို အားနာပါးနာလေးနဲ့ ဆယ့်ငါးမိနစ်လောက်တောင် တွေ့ ခွင့်မပေးဘူးတဲ့လေ။ ကြီးကျယ်ရန်ကော။ ကိုယ့်ဆီကိုလာတဲ့ ချစ်သည့်(ထားပါတော့လေ)ကို ဒီလိုပဲပြောရတယ်လို့။ အတော် လေး စိတ်ပျက်သွားရသလို ဒေါသက ထောင်းခနဲထွက်ရလေ ၏။

"သွန်းနာမည်ကို ပြောလိုက်ရဲ့လား"

"ဟုတ်ကဲ့"

"အဲဒါတောင်မှ တွေ့ခွင့်မပေးဘူးပေါ့"

"ဟုတ်ပါတယ်"

"တောက်!"

"အစ်မ. . . အစ်မ သွားလို့မရဘူးလေ၊ ဒုက္ခပါပဲ"

ခြေမြန်လက်မြန်ရှိသူမို့ ထိုကောင်မလေး တားနေသည့် ကြားမှ အတင်းတိုးလျှောက်လာခဲ့မိ၏။ သွန်းက ဒါခံဆိုဒါ ခုချက် ချလုပ်တတ်တဲ့သူမဟုတ်လား။ သူ့ရုံးခန်းတံခါးကို ဆွဲဖွင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ် ရုံးခန်းစားပွဲနောက်မှာ Phone ပြောရင်း အလုပ်ရှုပ်နေသည့်သူ့ကို အဆင်သင့်ပင် တွေ့လိုက်ရပါ၏။

"သုတ"

"GM… ကျွန်မ တားနေတဲ့ကြားက"

"နေနေ. . . ထားခဲ့လိုက် မိုးဝါ။ ရတယ်"

သူက ကောင်မလေးကို လက်ခါပြလိုက်ပြီး ပြန်သွားခိုင်းလေ၏။ စားပွဲရှေ့ပေါ် လက်စုံတင်ကာ ပြောရန်ပြင်လိုက်စဉ် သူက သွန်းကို လက်ဝါးထောင်ပြကာ Phone ပြောလက်စကို ပြီးအောင် ဆက်ပြောနေလေသည်။ ဘယ်လောက် ဒေါသထွက်စရာကောင်းလိုက်ပါသလဲ။ သွန်းကိုယ်တိုင်လည်း အလုပ်မအားတဲ့ကြားထဲက သူ့ဆီကို အခုလိုရောက်လာခဲ့ရတာလေ။

"ပြော"

သူက Phone ကို နေရာတကျပြန်ထားလိုက်ပြီး သွန်းကိုမေးဆတ်ပြကာ မေးလေ၏။ ကိုယ့်ချစ်သူတစ်ယောက်လုံးကို မြင်တာတောင်မှ ဝမ်းသာဟန်လေးတောင် မပြပါလား။ မျက်နှာတည်ကြီးနှင့် မေးလိုက်သည့်လေသံကလည်း သံတုံးထက်တောင်မှ မာနေသလိုပါလေ။

"ငါ ဒီလောက် Phone ဆက်နေတာတောင် ဘာလို့





Phone မကိုင်ရတာလဲ"

"ဒီမှာအလုပ်ရှုပ်နေတာ နင်မမြင်ဘူးလား။ အရေးမပါတဲ့ Phone တွေကိုကိုင်ဖို့ ငါအချိန်မပေးနိုင်ဘူး"

"ဘာ!"

ကြည့်စမ်း!. . . မောမောနဲ့ရောက်လာရတဲ့သူ့ရဲ့ရင်ဝကို ဆောင့်ကန်ခံလိုက်ရသလိုပါပဲလား။ ရက်စက်ပါ့ သုတရယ်။ ဘယ်အပြုံးနဲ့များ ငါ့ကို ဒီလိုစိမ်းကားပြတ်သားစွာ ဆက်ဆံရပါသလဲ။

"နင်. . . နင် ဘယ်လိုပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲလေ"

"သုတ!"

"ကျစ်! . . . ဒါ ကုမ္ပဏီနော် သွန်းရွှေစင်။ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဆွေးနွေးတိုင်ပင်ရမယ့်နေရာမဟုတ်ဘူး"

"ဒီမှာမှ လာမတွေ့ရင် ငါက ဘယ်နေရာကို လာတွေ့ရမှာလဲ။ လူငယ်ချင်းပြဿနာကို အကျယ်အကျယ်နဲ့ လူကြီးတွေ သိစေချင်ဘူး သုတရဲ့"

သူ မျက်နှာကိုမဲ့လိုက်မိပါ၏။ လူငယ်ချင်းပြဿနာတဲ့လား။ ဒီမီးကိုပျိုးတဲ့သူက နင်ပဲမဟုတ်လား သွန်း။ ကိုယ့်ဘာသာကိုယ် လူမသိအောင် ခြေပုန်းခုတ်နေပြီး အခုမှ ပြုံးပြုံးပျော



www.burmeseclassic.com

www.burmeseclassic.com



ပျာ လုပ်ပြနေတာ မှုပျက်လိုက်တာကွာ။

သူမ Phone နံပါတ်ကို Lock ချထားတာမှသိပ်မကြာ လိုက်။ လူကိုယ်တိုင် ပေါက်ချလာတော့တာပါလေ။ မှတ်ထား သွန်းရွှေစင်၊ ငါတို့ယောက်ျားလေးတွေက ဘာလုပ်လုပ် ပြတ်ပြတ်သားသားလုပ်တတ်တာမျိုးကွ။

"ဒါကတော့ မင်းဘက်က မရှင်းမရှင်းဖြစ်တာပဲဖြစ်မှာပေါ့။ အဲဒါ မင်းဘာသာမင်းရှင်းရမယ့်ကိစ္စ၊ ငါနဲ့မဆိုင်ဘူး"

"ဘာ! ဘယ်လိုပြောလိုက်တယ်"

"နားမလေးရင် မင်းကြားနိုင်မယ့်လေသံနဲ့ပဲ ငါပြောနေတာပါ သွန်းရွှေစင်"

"အဲဒါ နင်တစ်ဖက်သတ် ထင်နေတာတွေကိုပြောနေတာပဲ သုတရဲ့။ နင်သာမပြောရင် မေမေ့ဆီကို အန်တီထက် Phone ဆက်ပြောစရာမရှိဘူး"

သူ ဟက်ခနဲ တစ်ချက်ရယ်လိုက်မိ၏။ မေမေပြောလိုက်လို့တဲ့လား။ ငယ်စဉ်ကတည်းက နှောင်တွယ်လာခဲ့ရသည့် သံယောဇဉ်ကြိုးမျှင်လေးကို လွယ်လွယ်နဲ့တော့ မိဘတွေက ဘယ်ပြတ်စေချင်ပါ့မလဲ။ သူမကသာ. . .

"ထင်တာဟုတ်လား၊ မှားနေပြီ သွန်းရွှေစင်။ ထင်တာ





မဟုတ်ဘူး. . . ဒီမျက်စိနှစ်လုံးနဲ့ မြင်တာ။ မြင်တာတောင်မှ နှစ်ကြိမ်နှစ်ခါ။ (၁၂)ရက်နေ့က AROMA ဆိုင်ဝမှာ၊ (၁၃)ရက်နေ့က သမိုင်းလမ်းဆုံနားက စားသောက်ဆိုင်ထဲမှာ"

"ဟင်! . . ."

"ကြားတာကို ဘာတစ်ခုမှမယုံနဲ့ မြင်တာကိုပဲ တစ်ဝက်ယုံတဲ့။ ဒီတော့ ဒီလောက်နဲ့လုံလောက်နေပါပြီ"

"မဟုတ်ပါဘူး"

"ဘူးခံငြင်းနေလည်း အပိုပဲ သွန်းရွှေစင်။ မေမေတို့က ငါတို့နှစ်ယောက်ကို စေ့စပ်ကြဖို့ပြောတာကို ဆိုင်းထားခိုင်းတာ နင်သွားတာပဲ။ မမယွန်းကိုဦးစားပေးပြီး ငါတို့ကိစ္စကို နောက်ချန်ခိုင်းရဲ့ရလဒ်က ဒီလို နင်ခြေလှမ်းလွဲနေလိမ့်မယ်လို့ ထင်ကို မထင်ခဲ့ဘူး"

"မဟုတ်ဘူး သုတ၊ နင်မှားနေပြီ"

သူက မရယ်ချင်ပါဘဲ ဖျစ်ညှစ်ရယ်ဟန်ပြုလိုက်ပါ၏။ ငြင်းပယ်နေတုန်းပါပဲလား။ အခုတောင်မှ အဲဒီနေ့က ဝတ်ထားတဲ့ဝတ်စုံကို သက်သေအဖြစ် ဝတ်လာပြတာတောင်မှ ငါ့ကိုမှားဘယ်လို ပြောတုန်းပဲလား။ ရင်နာစရာကောင်းနေပြီ သွန်းရွှေစင်။

"မှားတယ်. . . ဟုတ်လား၊ ငါက ဘယ်လိုအမှားမျိုး



www.burmeseclassic.com

www.burmeseclassic.com



များ လုပ်နေမိလို့လဲ။ တောက်ပြစ်မိးပါဦး။ တစ်သက်တာအတွက် ရည်စူးထားတဲ့ချစ်သူရဲ့ မမြင်ကွယ်ရာမှာ တခြားသူစိမ်းတစ်ဦးနဲ့ ရယ်မောပျော်ရွှင်ပြီး ဖက်လှဲတကင်းများ လုပ်မိလို့လား''

''ငါ. . . ငါ''

''နှင့်ကို ငါအစောကြီးကတည်းက ပြောခဲ့ပြီးသားပါ။ ငါ့ကိုဖြတ်ရင် ငါနဲ့တကယ်လို့ ပြတ်သွားရင် ငါဝယ်ပေးထားတဲ့ ပစ္စည်းမှန်သမျှ အကုန်လုံး ငါ့ကိုပြန်ပေးရမယ်ဆိုတာ''

''သုတ''

''နှင်က ငါဝယ်ပေးတဲ့လက်ဆောင်ကိုတောင် တန်ဖိုးမထားဘဲ တခြားလူကိုပေးသုံးတဲ့အထိ လုပ်ရက်မှန်း သိလိုက်ကတည်းက ငါရိပ်မိဖို့ကောင်းတာ။ တောက်! ငါတော်တော်တုံးတဲ့ကောင်ပဲကွ''

သူက ထိုင်ရာမှ ထရပ်ကာ သွန်းကိုကျောပေးလျက် မှန်ချပ်များမှတစ်ဆင့် အပြင်ကို ခပ်ငေးငေးကြည့်နေလေး ကျောနိုင်းပြီတဲ့လား။ သွန်းကိုအထင်လွဲမှုက ဤမျှအထိ ကြီးမား လိမ့်မည်ဟု ထင်မထားမိပါလေ။ ငါ့ကိုမမြင်ချင်လောက်အောင် ကို တင်းမာနေပြီလား သုတရယ်။

''အစ်ကိုနဲ့ငါ ရိုးရိုးသားသားခင်တာကို နှင်အထင်လွဲ





နေတာပါ သုတ။ ငါဒီလောက်ပဲ ရှင်းပြနိုင်ပါတယ်။ နှင်ထင်သလို နင့်အပေါ် သစ္စာဖောက်တာမျိုး''

တုန်ယင်လာသည့်အသံကို မျိုချလိုက်ရပါ၏။ ဆက်ပြောရန် ခွန်အားတို့မရှိတော့ပြီ။ စို့ဝဲတက်လာသည့်မျက်ရည်တို့က ထိန်းချုပ်မရ ဒလဟောစီးကျလာတာမို့ အသံမထွက်အောင် ကိုက်ကာ ရုံးခန်းထဲမှ ပြေးထွက်ပြန်ခဲ့ရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အိပ်ရာထက် လူးလိမ့်နေသော်ငြား မေ့စက်မပျော်နိုင်ပါလေ။ နှလုံးသားဆီမှ တစစ်စစ် နာကျင်သည့်ဒဏ်က ရင်တစ်ခုလုံးကို ဆုပ်ညှစ်ချေနေသည့်နှယ် အခံရခက်စေလေသည်။ ရင်နာတယ်ဆိုတာ ဒါမျိုးကိုခေါ်တာများလား။

တစ်ညလုံး ငိုထားတာမို့ မျက်ခွံတွေ ဖောင်းနေသလို မျက်နှာတစ်ခုလုံး တင်းပြီး မျက်လုံးတွေ ကျိန်းစပ်နေ၏။ နောက်ထပ် ကျစရာမျက်ရည်တို့ ကုန်ခမ်းကုန်ပြီပဲ။ အသည်းကွဲတယ်ဆိုတာ ဒီလိုပဲလား။ လူကို နှံးခွေပြီး ခြေလက်တွေ မသယ်ချင်သလို မလုပ်ချင်မကိုင်ချင်နဲ့ အိပ်ရာထဲ ခွေနေမိတာမျိုးလေ။

ဖေဖေကတော့ ယောက်ျားသားမို့ ဘာမှမပြောလေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မေမေကတော့ ရှက်စရာဆိုပြီး သွန်းကို ဖိဆူတော့မှာပါပဲ။ အထူးသဖြင့် မမက တဇွတ်တောက်တောက်နဲ့ သွန်းကိုကျိန်းမောင်းတော့မှာ အသေအချာ။ သုတအပေါ်မှာ မောင်လေးလိုပဲ မမပါ ချစ်ခဲ့တာမဟုတ်လား။

"ဒေါက်! ဒေါက်!"

"အငယ်မ . . . ခုထိမထသေးဘူးလား၊ ရှစ်နာရီထိုးနေပြီနော်။ ဒီနေ့ OFF လား"

"ဟုတ်"

မမလာနှိုးတာကို အသံလှမ်းပြုလိုက်ရပါ၏။ နို့မို့ သွန်းတစ်ခုံတစ်ခုဖြစ်နေမှာ စိုးရိမ်မှာကြောင့်ပါပဲ။ နေမြင့်တဲ့အထိ အိပ်ကျင့်မရှိတာကြောင့် ဒီအချိန်ထိ အခန်းထဲက ထွက်မလာသေးတဲ့သွန်းကို လာသတိပေးတာဖြစ်မှာပင်။

"ဒါဆိုလည်း ထသင့်ပြီလေ၊ နေမြင့်တဲ့အထိ အကြာကြီးအိပ်ရင် တော်ကြာ ခေါင်းကိုက်နေဦးမယ်။ ထတော့"

"အင်းပါ"

နှုတ်က အင်းလိုက်မိပေမယ့် လူက လှဲနေရာက မထဘဲ တုပ်တုပ်မှုမလှုပ်ဖြစ်ပါချေ။ ငါနဲ့ပြတ်ရင်တဲ့. . . နိမိတ်များလား။ သုအူတိုပြီး ပြောသည်ဟုပင် ထင်ထားခဲ့တာ သွန်းအမှား





ပေါ့နော်။ အကုန်ပြန်ပေး . . . တဲ့။ ဘယ့်နှယ်လုပ်ရမှာလဲ။

ပစ္စည်းတွေကတော့ ထားပါတော့။ အကုန်ရှာကြဲ စုဆောင်းရင် ရနိုင်သေးတာ။ ဒါပေမဲ့ သွန်းလိမ်းတဲ့ Foundation Cream တွေ၊ Lotion တွေ၊ Roll on တွေ၊ Lip-stick တွေ၊ Shower Cream တွေကို သုံးပြီးနေမှ ဘယ်လိုပြန်ပေးလို့ရပါ့မလဲ။

အသစ်ပြန်ရှာပြီး ဝယ်ထည့်ပေးပြန်ရင်လည်း အပြစ်ကဆပ်တင်ခံရဦးမှာလေ။ သု ဘာပဲပေးပေး သူ့လက်မှတ်လေးနဲ့ Tape ကပ်ပြီး ပေးတတ်တာမို့ အသစ်ဖြစ်နေရင် သူ့ပစ္စည်းတွေမဟုတ်မှန်း သိတော့မှာကိုး။

ဘာမှမဖြစ်လောက်ပါဘူးဟု ပေါ့ပေါ့တွေးထားတဲ့အဖြစ်အပျက်က သွန်းရင်ကို နင့်နင့်သည်းသည်း ဝေဒနာတွေအဖြစ် လက်ဆောင်ပေးခဲ့တာပါလေ။ သံသယတဲ့ . . . ဖြေရှင်းခွင့်လေးဆောင် မပေးချင်လောက်အောင် ပြတ်သားတင်းမာလွန်းလှချည့်ရဲ့ သုတရယ်။

အရင်ဆုံး ကုတင်ပေါ်မှဆင်းကာ၊ ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်လိုက်ပါ၏။ စောစောစီးစီး ကောင်းကင်က ကြည်လင်တောက်ပခြင်းမရှိသလို သွန်းရဲ့စိတ်လိုပဲ ညို့မှောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။ အသည်းကွဲမိုးကြီး သဲကြီးမဲကြီးရွာဦးမှာထင်ပါရဲ့။ စိတ်ကြိုက်သာ ရွာချလိုက်ပါတော့။

အိပ်ရာသိမ်းတာကို မလုပ်ဖြစ်ဘဲ ခုံကိုဆွဲယူကာ ဗီရိုပေါ်မှာ ထပ်တင်ခေါက်ထားသည့်စက္ကူပုံးနှစ်ပုံးကို ခုံပေါ်တက်ကာ ယူလိုက်ပါ၏။ အနေတော်ပုံးမို့ သူဝယ်ပေးထားတဲ့ပစ္စည်းတွေ အကုန်ဆံ့လောက်ပါရဲ့။

"အမေ့!"

ခြေက ချော်ကျသွားတာမို့ ခုံက အလဲ၊ ဗီရိုကိုလှမ်းကိုင်လိုက်ပေမယ့် ခြေထောက်က ခုံနှင့်ပွတ်ဆောင့်မိသွားပါ၏။ စိတ်နဲ့လူနဲ့မကပ်ရင် ဒီလို Accident တွေ ဖြစ်တတ်တယ်ထင်ပါရဲ့။ ညအိပ်ဝတ်စုံဘောင်းဘီကို အသာ'မ'ကြည့်မိစဉ် ညို့သကျည်းနေရာမှာ ပွန်းရှရာ ရဲရဲနှင့်အတူ ဒူးခေါင်းနှင့်ရိုက်မိသည့်နေရာမှာက အညိုကွက်ကြီးက ထင်ထင်ရှားရှားပါလေ။

"ကျွတ်! ကျွတ်! . . ."

မျက်ရည်ဝဲ စုတ်သပ်လိုက်မိပေမယ့် နာကျင်တာကို မမှုအား။ လုပ်ရမည့်အလုပ်ကို အကြွေးထားလို့မှမဖြစ်တာကိုး။ စက္ကူချပ်တို့ကို ပုံးဖြစ်အောင် သူ့အချပ်နှင့်သူ ပြန်ထည့်ချိုးရင်း Tape ဖြင့်ပတ်ကာ ခိုင်အောင်လုပ်လိုက်ပါသည်။ နှစ်ပုံးစလုံး Ready





မှ လက်မှုဖုန်တို့ကို တဖြန်းဖြန်းရိုက်ခါလိုက်ပါ၏။

"ဟပ်ချိုး! . . ."

"သမီးငယ်. . . ဆင်းမလာသေးဘူးလား"

"Room Cleaning လုပ်နေတယ် မေမေရေ့"

"နောက်မှလုပ်လေ၊ မနက်စာ အရင်စားမှပေါ့။ အခုလော ဘာမှမစားဖြစ်တာ ကြာပြီနော် သမီးငယ်"

သက်ပြင်းကို ရှိုက်လိုက်မိပါ၏။ ဪ. . . မိဘ မိဘ၊ းသမီးကိုဘယ်လောက်ဆူဆူပြောပြော၊ စားချိန်တန်စားဖို့ကို ဘော့ သတိပေးနေဆဲပါလား။ ဒီသမီးမလိမ္မာလေးကဖြင့် ထင်လိုနေနေမိတာပါလေ။

ဗီရိုဖွင့်ကာ ချိတ်ဖြင့်ချိတ်ထားသည့်အင်္ကျီများထဲမှ ရွေးက်ပါ၏။ 'ဒီလက်မောင်းလေးနဲ့ အရမ်းလှတာ' 'ဒီဖဲကြိုးလေးကြောင့် ပိုချစ်စရာကောင်းတာ' 'လည်ပင်းပြူပြူ ပခုံးကျယ်ကျယ်တ်နဲ့နော်' 'ဝတ်ရင် တွေ့တဲ့နေရာမှာ အဲဒီအင်္ကျီကို ဆွဲအဖြဲ မလုပ်ဘူးမထင်နဲ့' 'စကတ်ကို ဒူးဖုံးတဲ့အရှည်လောက်ပဲဝတ်ဘောင်းဘီဝတ်ရင် ပေါင်လုံးပေါ်တဲ့အသားကပ်မျိုး မဝတ်နဲ့ နာယ်' 'လုံချည်ဝတ်ရင် နှင့်အရပ်ကြီး ပိုရှည်လာသလိုပဲ' နားထဲ သူ့ရယ်သံပင် ကြားလိုက်မိသလိုလို။ ဘာပဲလုပ်လုပ် သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့လွတ်တဲ့ပစ္စည်းရယ်လို့ မရှိပါလား။

ချိတ်တွေမှဖြုတ်ကာ အိပ်ရာထက် ပုံလိုက်ပါ၏။ တစ်ထည်၊ နှစ်ထည်၊ ရှစ်ထည်၊ စကတ်တွေဘောင်းဘီတွေပါ ပေါင်းရင် အထည်နှစ်ဆယ်ကျော်။ ဦးထုပ်တွေ၊ ခေါင်းစည်းကြိုး၊ ကလစ်တွေ၊ ပြီးတော့ ထီး၊ ထီးက သုံးလက်။ အင်း . . . ဖိနပ်တွေလည်း ကျန်သေးတယ်။

ဖိနပ်စင်မှ ဖိနပ်ငါးရံကို သွားယူစဉ် မျက်ရည်က ပေါက်ခနဲကျလေ၏။ တခြားပစ္စည်းတွေကို သိပ်အမက်မောကြီး မရှိပေမယ့် သွန်းက ဖိနပ်တွေကို သိပ် CRAZY ဖြစ်တာလေ။ သူကလည်း ရှာရှာဖွေဖွေ ရှာဝယ်ပေးတာကြောင့် အပြင်မှာ ဆင်တူတောင်မရှိတဲ့ ဖိနပ်လေးတွေ မဟုတ်လား။

Phone မြည်သံကြောင့် မျှော်လင့်တကြီးယူလိုက်ပေမယ့် Phone နံပါတ်ကြောင့် မောသွားရပါ၏။ သူမဟုတ်ပေမယ့် သူ့ဘေးအိမ်က ပပဖြစ်နေပါရဲ့။

"ဟဲလို"

"မိန်းမ! OFF ရက်ဆိုပြီး Lazy bone လုပ်နေပြီလား"

"အင်း"

"ညနေဘက် အိမ်ကိုလာခဲ့ဦးလေ၊ မေမေက ငါးချဉ်





ဘယ်ဆိုလို့ ရှောက်သီးသုပ်နဲ့ကြာဆံဟင်းခါး ချက်ပေးမယ်တဲ့။ ဆာငတ်ချင်ရင် လာခဲ့"

ပပက ရယ်ချင်အောင် ပြောနေပေမယ့် ပြုံးပင်မပြုံးမိ။ ရှောက်သီးသုပ်တဲ့။ ရှောက်သီးစိမ်းတွေရော၊ ရှောက်သီးမှည့်နှင့်ချင်းနဲ့ သုပ်ထားတာကို စားတာမြင်တာနဲ့ 'နင်မြန်မြန်သေချင်ပြီလား' ဆိုပြီး သူဆူဦးမှာလေ။ သွန်းက မကြာမကြာ ဗိုက်အောင့်တတ်သူမို့ အစာစားတိုင်း မမှားရအောင် သူဂရုစိုက်ပေးတတ်ပါ၏။

ကြည့်စမ်း! သွန်းကဖြင့် ကိုယ်ကချည်း အလျှော့ပေးခဲ့ရတာ၊ သွန်းကချည်း သူ့အပေါ် အလိုလိုက် အချစ်ပိုခဲ့ရတာလို့ တစ်သမတ်တည်းတွေးမိခဲ့ပေမယ့် သွန်းအပေါ် သူကောင်းခဲ့တာတွေလည်း အများကြီးမှ တကယ့်အများကြီးရှိနေပါလား။

"ငါမလာတော့ပါဘူး ပပရယ်"

"ဘာဖြစ်ရပြန်တာတုန်း"

"ဒီလိုပါပဲ၊ မလာချင်လို့ပါ"

အမှန်က သူတို့အိမ်ကို မကြည့်ရဲတာပါလေ။ အနောက်ဘက်က ခြံထဲမှာ အပင်တွေကိုလိုက်ကြည့်ပြီး ဆေးဖျန်းတာမျိုး လုပ်တတ်တာမို့ သံဇကာသာ ခြားထားသည့်ပပတို့ခြံထဲကို မြင်နိုင်သည်လေ။ အဲဒီအခါ သားဖြစ်သူနဲ့ပြတ်တဲ့သွန်းက အသည်း



www.burmeseclassic.com

www.burmeseclassic.com



မကွဲဘဲ သူငယ်ချင်းဖြစ်သူဆီ လည်ပတ်စားနေသောက်နေတာမျိုး မြင်တော့မပေါ့။ မဖြစ်လို့ပါ ပပရယ်။

“နင် နေရောကောင်းရဲ့လား”

“အင်း”

“လေသံကလည်း အိပ်ရာထဲ တစ်ပတ်လောက် လဲနေတဲ့လူမမာသံ ပေါက်နေပြီ။ ဘယ်လိုလဲ”

“လူက နေကောင်းပါတယ်”

“သြော် . . . လူက ကောင်းတယ်၊ ဒါဖြင့် စိတ်ကတော့ မကောင်းဘူးပေါ့လေ။ ပြောစမ်း! ဘယ်မြက်ခင်းကို ရောက်နေသလဲဆိုတာ”

“နင် အလုပ်ကအပြန် ဝင်လာခဲ့ပါလား ပပ။ ငါလူကြုံ ပေးစရာရှိလို့”

ပပ အသံတိတ်သွားပါ၏။ နောက်မှပြောမည်ဟုပြောထားတဲ့စကားက သိပ်မှမကြာသေးတာကိုး။ ဒါကိုဆက်စပ်တွေးတတ်ရင် အခြေအနေကို ပပရိပ်မိလောက်ပါရဲ့။

“နင်တို့ ပြဿနာတက်တာများလား”

“အင်း”

“ဒါကြောင့်ထင်တယ်၊ ခုတလော သူတို့အိမ်မှာ သူ့





အသံချည်းပဲ။ တော်တော်ပေါက်ကွဲနေသလိုဖြစ်နေတာ။ ဘယ်လိုဖြစ်ကြပြန်တာလဲ”

“နင်လာတော့ ငါပြောပြမယ်လေ။ ဒါပဲနော် ပပ”

“အေးအေး . . . ငါ ညနေလာခဲ့မယ်”

Phone ကိုပိတ်လိုက်ပြီး ပုံးနှစ်ပုံးအလယ်မှာ ထိုင်ချလိုက်မိ၏။ အဝတ်တွေ မညစ်ပတ်အောင် Plastic အခင်းကြီး သေချာခင်းကာ အဝတ်တွေကို တစ်ထည်ချင်း ထုပ်ပိုးလိုက်ပါသည်။ ပစ္စည်းတွေအကုန်ထုပ်ပြီး နားနေစဉ် မိုးက ဝေါခနဲရွာချလိုက်လေ၏။ မေမေ FM လိုင်းဖွင့်သံက အပေါ်ထပ်အထိ လွင့်လာလေသည်။

*“လာချင်ရင် အနီးလေး ဆက်ဆက်ပြုံးမယ်ရှင် × × × လာချင်ရင် စရိုးလေး သက်သက်ပြုံးတယ်ထင် × × × မျှော်မျှော်သူ စိတ်ညစ်အောင် × × × ခေါ်ခေါ်သူ သိပ်ချစ်တောင် × × × ပေါ်တော့မှ တဆိတ်လောက် ကြွစေချင် × × ×*

*သူမလာတာ သုံးလေးငါးရက် ကြာပြီရှင် × × × ဒါကို ...င် သိန်းသန်းနှစ်မက တာရှည်ထင် × × × အဖြေရှာကာ စိတ် (ခြောက်?)မရှင် × × × အနေကြာတာ သိပ်ခက်သရှင် × × × ရွှေရင် (ကွ?)န် ဝင့်သက်ချမ်းမိအစဉ် × × ×*



www.burmeseclassic.com

www.burmeseclassic.com



တွေ့တုန်းခဏတွင် × × × တမင်ပြုံးပြသရှင် × × × လုံးဝအသက်တမျှ သူခင်မင် × × × ယှဉ်ပြောပြရင် × × × အစဉ်စောဒကဝင် × × × ဩချုရမလောက် ကြောက်စရာဝင် × × ×

လာချင်ရင် အနီးလေး ဆက်ဆက်ကြိုမယ်ရှင် × × × မလာချင်ရင် ခရီးဝေး သက်သက်ပြိုတယ်ထင် × × × မျှော်မျှော်သူ စိတ်ညစ်အောင် × × × ခေါ်ခေါ်သူ သိပ်ချစ်တောင် × × × ပေါ်တော်မူ တဆိတ်လောက် ကြွခဲ့ရှင် × × ×

လာချင်ရင် အနီးလေး ဆက်ဆက်ကြိုမယ်ရှင် × × × မလာချင်ရင် ခရီးဝေး သက်သက်ပြိုတယ်ထင် × × × မျှော်မျှော်သူ စိတ်ညစ်အောင် × × × ခေါ်ခေါ်သူ သိပ်ချစ်တောင် × × × ပေါ်တော်မူ တဆိတ်လောက် ကြွစေချင် × × ×

သူမလာတာ သုံးလေးငါးရက် ကြာပြီရှင် × × × ဒါတိုပင် သိန်းသန်းနှစ်မက တာရှည်ထင် × × × အဖြေရှာကာ စိတ်လက်မရွှင် × × × အနေကြာတာ သိပ်ခက်သရှင် × × × ရွှေရင်ခုန် ပင့်သက်ချမိအစဉ် × × ×

တွေ့တုန်းခဏတွင် × × × တမင်ပြုံးပြသရှင် × × × လုံးဝအသက်တမျှ သူခင်မင် × × × ယှဉ်ပြောပြရင် × × × အစဉ်စောဒကဝင် × × × ဩချုရမလောက် ကြောက်စရာပင် × × ×





လာချင်ရင် အနီးလေး ဆက်ဆက်ကြိုမယ်ရှင် × × × မလာချင်ရင် ခရီးဝေး သက်သက်ပြိုတယ်ထင် × × × မျှော်မျှော်သူ စိတ်ညစ်အောင် × × × ခေါ်ခေါ်သူ သိပ်ချစ်တောင် × × × ပေါ်တော်မူ တဆိတ်လောက် ကြွခဲ့ရှင် × × ×

L ဆိုင်းဗီ၏ စွဲစွဲနင့်နင့်အသံက၊ လွမ်းနေသူကို ပို၍ဝေဒနာတိုးစေသလိုနှယ်။ တဖွဲဖွဲကျနေသည့်မိုးစက်တို့ကို ကြည့်နေရင်း အချိန်အတန်ကြာ ရပ်ငေးနေမိ၏။ ဒီမိုးရေတွေအောက်မှာ နှစ်ယောက်အတူဆောင်းခဲ့တဲ့ ထီးကလေးလည်း မျက်ရည်မြစ်ထဲ စီးမျောသွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

''အငယ်မ! သူငယ်ချင်းလာတယ်''

''တစ်နေ့လုံး အခန်းထဲကကို မထွက်ဘူးသမီးရေ့။ ဘာ
နေလဲမေးတော့ ခေါင်းချည်းခါပြပြန်ရော''

''သမီးသွားကြည့်လိုက်ပါဦးမယ် မမနဲ့ အန်တီ''

''အေးအေး. . . သမီးလေး''

အောက်ထပ်မှာ မေမေနှင့်မမ တီးတိုးတိုင်တောသံသဲ
တို ကြားလိုက်ရပါ၏။ တံခါးကို LOCK ချထားတာမို့ ကုတင်
ာ်မှထကာ သွားဖွင့်ရလေသည်။ လှေကားတက်လာသည့်
ခြေသံက အလောတကြီးနိုင်လှပါ၏။ ပြောစရာရှိသည်ဟုဆို
တို သိချင်စိတ် များနေတာထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ပုံစံက စိတ်ဆင်းရဲနေတဲ့ ကြက်မုဆိုးမ မျက်နှာ ဖြစ်နေပါလား။ ဘာဖြစ်ရတာတုန်း"

"အထဲဝင်"

"အေးပါ. . . ဝင်မှာပါ၊ ရောက်သီးသုပ်သရဲက အိမ် လိုက်မစားနိုင်ဘူးပြောကတည်းက ငါရိပ်မိသလောက်ရှိနေပါပြီ"

ရိပ်မိတယ်တဲ့လား။ 'ကာယကံရှင်ထက် ဘေးကလူက ပိုမြင်တယ်' ဆိုတဲ့စကားက အမှန်ဖြစ်နေပြီထင်ပါရဲ့။ ပပက အခန်း ထဲဝင်လိုက်ပြီး သေချာပိတ်ထားသည့်စက္ကူပုံးသုံးပုံးကို တအံ့တဩ ကြည့်လိုက်လေ၏။ ပထမနှစ်ပုံးနှင့်ဆန့်မယ်ထင်ထားတာ၊ သုံး ပုံးထည့်မှပဲ အဆင်ပြေသွားရတာမို့ပါလေ။

"ဒါက ဘာတွေလဲ"

"လက်ကျန်သံယောဇဉ်တွေ"

"အမယ်လေးဟဲ့. . . နင့်ပုံစံမြင်ရုံနဲ့ အပူရုပ်မှန်း သိပါ တယ်။ မဏ္ဍာပ်တိုင် သိပ်မတက်ပြချင်စမ်းပါနဲ့။ ငါထိုင်ပြီ"

ပပက သွန်း လူးလိမ့်ထားသည့်အိပ်ရာထက်မှာပင် ထိုင် ချလိုက်ပါ၏။ စကားပြောအတော်ကြာမည့်မှန်း သိနေပုံပင်။ ငယ် သူငယ်ချင်းမို့ အကြောင်းသိတွေပဲမဟုတ်ပါလား။ တစ်အောင့် အကြာမှာ မမက ပပအမောပြေစေရန် သံပုရာရည်အေးအေးလေး





တစ်ခွက်ဖျော်ကာ လာပို့ပေးသွားလေ၏။

မှန်တင်ခုံရှေ့ရှိခုံကို ဆွဲယူကာ သွန်း ထိုင်ချလိုက်ပါ၏။ တစ်နေ့လုံး တလှုပ်လှုပ်နှင့် လုပ်နေရတာမို့ ပင်ပန်းတာပါပဲလေ။ ရောက်လာရင် ညစ်ညစ်ပတ်ပတ်ပုံစံကို မမြင်စေချင်တာမို့ ရေ ချိုးလိုက်ပေမယ့် သနပ်ခါးမလူးဖြစ်သည့်မျက်နှာက ခပ်ပြောင် ပြောင်ရယ်ပါလေ။

"ပြောတော့"

ပပက သံပုရာရည်ကို ကုန်အောင်သောက်ပြီးမှ မေးငေါ့ ကာ ပြောခိုင်းလေ၏။ ပြတင်းပေါက်မှ အပြင်ကိုခပ်ငေးငေးကြည့် နေသည့်သွန်းပုံစံက စိတ်နှင့်လူ မကပ်သလိုဖြစ်နေမှန်း သိသာ နေမှာပါလေ။ ပြောတဲ့. . .။ နင်နဲ့ငါပြတ်တယ်ဆိုတာက အပြော လွယ်သလောက် လက်တွေ့ခံစားချက်က နာနာကျင်ကျင်နဲ့ ခံရ ခက်တာကို နင်သိပါရဲ့လား။

"ငါနဲ့သူ ပြတ်ပြီ"

"ဟဲ့. . . တကယ်ကြီးလား"

"အင်း"

"ဘယ်လိုဖြစ်ရတာတုန်း၊ ဖြုန်းစားကြီး မယုံနိုင်စရာ"

"ဒီလိုပဲဖြစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အပေါ် ဒီလောက်အရူပုပ်တဲ့ကောင်က အရင်ဖြတ်တာတဲ့လား"

မျက်ရည် ဝဲခနဲဖြစ်သွားရပါ၏။ သူအရင်ဖြတ်တာလားတဲ့။ မေးနေပြီကော။ ဟုတ်ပါတယ် . . . သွန်းမှာ ဘာအပြစ်မှမရှိပါဘဲ သူကစ, ပြဿနာရှာခဲ့တာပါလေ။ ပွင့်ပွင့်လင်းလင်းပြောရရင် မိန်းကလေးဖြစ်တဲ့သွန်းဘက်ကသာ စဖျက်ရမှာမဟုတ်လား။ နည်းနည်းတော့ ပဲ့သလိုနှယ်ပါလေ။

"ဟုတ်တယ်"

"ဘာကြောင့်လဲ"

"ဟိုတလောကလေ"

ပြောလက်စ စကားက လည်ချောင်းဝမှာ နင့်သွားရပါ၏။ သူဝယ်ပေးတဲ့ထီးကနေ အစပျိုးခဲ့တာပဲ။ တကယ်ဆို သေချာမေးပါတော့လား။ အကြောင်းပြချက်ခိုင်ခိုင်လုံလုံနဲ့ သွန်း ရှင်းပြမှာပေါ့။ အခုတော့ သူပဲ မျက်မြင်သက်သေ၊ သူပဲ တရားသူပဲ စီရင်ချက်ချပြီး သွန်းက တရားခံလုံးလုံးဖြစ်ခဲ့ရတာလေ။

"ဆက်ပြောလေ"

"ဟိုတလောက ငါထီးပျောက်သွားတာလေ"

"အေးလေ၊ အဲဒါပြန်ရတယ်မဟုတ်လား"





"အေး. . . အဲဒီကနေ မီးစလောင်တာပဲ"

"ဘယ်လို"

ပပက အံ့သြသွားသလို သွန်းအူးနှင့် ဒူးချင်းလာတိုက်
ည်အထိ ရှေ့ကိုတိုးထိုင်လိုက်လေ၏။ ထီးကိစ္စကို ပပသိနေ
လို ထိုနေ့က အစ်ကိုကိုတောင် ဖျတ်ခနဲမြင်သွားပြီး ချောလိုက်
ာလို့တောင်မှ ပြောခဲ့သေးတာလေ။ သူနဲ့ယှဉ်ကြည့်ရင် အစ်ကို
သိမ်မွေ့ယဉ်ကျေးပြီး သဘောကောင်းတဲ့ပုံစံက အပြည့်ပဲ
ဟုတ်လား။

"အစ်ကိုလာသွားတာကို သူမြင်သွားတာ"

"ဘာ! သူက ဘယ်လိုမြင်တာလဲ"

"Perincess Spa မှာ သူရှိနေတာ"

"အဲဒါဘာဖြစ်လဲ၊ ဟိုက ထီးပေးပြီး ချက်ချင်းလှည့်
ခဲ့တာကို။ အဲဒီလောက်တောင် သဘောထားသေးသိမ်ရလား။
ယောကျ်ားမဟုတ်တဲ့အတိုင်း"

အဲဒီလောက်လေးနဲ့ မဟုတ်လို့ပေါ့ ပပရယ်။ အစ်ကိုနဲ့
ာက်ဆက်တွဲတွေဖြစ်တဲ့ကိစ္စကို ကြံဖန်တိုက်ဆိုင်ပြီး သူမြင်ခဲ့
အခုလိုတွေဖြစ်ကုန်ရတာပါ။ ဒီလိုမှန်းသာသိခဲ့ရင် အစ်ကိုနဲ့
တူ ဆိုင်မထိုင်ခဲ့ပါဘူး။ ပြီးတော့ အစ်ကိုဝယ်ပေးတဲ့ အကျီနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကတ်ကိုလည်း မဝတ်ခဲ့မိပါဘူးကွယ်။

"အဲဒါမက နောက်ထပ်ရှိသေးတယ်"

"လုပ်ပြန်ပြီ"

"ငါ စက်မှုဇုံဘက်က Shopping Centre ကို သွားတဲ့နေ့ကလေ"

"အင်း"

"အဲဒီမှာ မိုးမိတယ်၊ ကားငှားစီးဖို့ပြင်ပေမယ့် လက်ထဲမှာ သိန်းနှစ်ဆယ်ထုပ်ကြီး ပိုက်ထားရတာမို့ လူက လန့်နေတုန်း အစ်ကိုနဲ့ထပ်တွေ့ပါလေရော"

"အဲဒီတော့"

"ကားကြုံစီးဖြစ်ပြီး ဆိုင်တစ်ဆိုင်မှာ မိုးလည်းခိုရင်းနဲ့ ဝင်စားဖြစ်တာ"

"အဲဒါကို ဟိုကောင်မြင်ပြန်ရောလား"

"အေး. . . မြင်တာထက် အစ်ကိုဝယ်ပေးတဲ့အင်္ကျီ ငါ ဝတ်ထားတာကို သိသွားတာက ပိုဆိုးတာ"

"နင့်အင်္ကျီအသစ်မှန်း သူက ဘယ်လိုသိရတာလဲ"

သက်ပြင်းကို ချမိပြန်ပါ၏။ အဲဒီနေ့က ဝတ်မိခဲ့သည့် အင်္ကျီနှင့်စကတ်ကိုမှ သူ့ကုမ္ပဏီကိုသွားသည့်နေ့မှာမှ ထပ်ဝတ်





မိရတယ်လို့။ ကံဆိုးတယ်ဆိုတာ ရထားတွေလိုမျိုး အတွဲလိုက်ပဲ နောက်ကလိုက်တတ်တယ်ဆိုတာ မှန်နေပါရောလား။ အပြစ်ရှိတဲ့ကံကို ပုံချမိရင် သွန်းက တရားပါ့မလားလေ။

"အစ်ကိုဝယ်ပေးတာကို ငါဝတ်တော့ တံဆိပ်မဖြုတ်မိတာမို့ အစ်ကိုကရယ်ရင်း ဖြုတ်ပေးခဲ့တာကို သူတွေ့ခဲ့တာလေ"

"ဖြစ်ရလေ"

"ဒီထက်ပိုဆိုးသွားတာက သူ့ကုမ္ပဏီကို ငါလိုက်သွားတုန်းက ဝတ်သွားမိတာပဲ"

"သွန်းရယ်. . . နင်လုပ်လိုက်မှဖြင့် သူစိမ်းတစ်ယောက် ဝယ်ပေးတာကို နင်လက်ခံခဲ့တာကိုက မှားတာ"

"ဟုတ်ပါတယ်"

"အဲဒီတော့ သူက ဘာတဲ့လဲ"

"သူက. . ."

လေသံထဲမှာ ငိုသံစွက်သွားတာမို့ စကားကို ခဏရပ်ထိုက်ရပါ၏။ သွန်းက မျက်ရည်လွယ်တဲ့မိန်းကလေးမှ မဟုတ်ဘဲ။ တစ်ကြိမ်တစ်ခါမှ အသည်းမကွဲဖူးသူမို့ ထူးထူးခြားခြားခံစားနေရတာပါ။ ပပလည်းပြောဖူးပါရဲ့။ သွန်းက မာမယောင်နဲ့ ခပ်ပျော့ပျော့အသည်းနဲ့ မိန်းကလေးတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"သူက. . . သူက ငါ့ကို အစ်ကိုနဲ့အတင်းစွပ်စွဲပြီး ငါက သစ္စာဖောက်တာတဲ့လေ"

"ဟဲ့! မဟုတ်ဘူးလို့ နင်က ရှင်းမပြဘူးလား သွန်းရဲ့"

"မပြောဘဲရှိမလား. . . ပြောတာပေါ့ ပပရယ်။ ဒါပေမဲ့ ဒါပေမဲ့. . . သူက ငါပြောသမျှ ဘာမှမယုံတော့ဘူး။ ခါးခါးသီးသီးငြင်းဆန်ပြီး လှောင်တောင်မှ ရယ်လိုက်သေးတယ်လေ"

"ကျစ်! ဒီကောင် အတော်သဘောထားသေးသိမ်တာပဲ"

"ပြီးတော့ ငါ့ Phone နံပါတ်ကိုလည်း ငါခေါ်လို့မရအောင် Save လုပ်ပြီး Lock ချထားတာ ပပရဲ့"

"ဘာ. . . အောင်မာ! ကြီးကြီးကျယ်ကျယ်နဲ့ ဒင်းကများ ဒီလောက်တောင်ဖြစ်လှတာ အိမ် Phone နဲ့ပြောဟာ"

သွန်း ခေါင်းခါပြလိုက်မိ၏။ ဘယ်ဖြစ်ပါ့မလဲ။ လူကြီးတွေတောင် သိနေကာမှ သွန်းဘက်က အသံထွက်နေရင် ငပြူးကပဲ ပြုပြတယ်လို့ပဲ စွပ်စွဲကြဦးမှာလေ။ တကယ်သာဆို လူငယ်ချင်း ပြဿနာကို တိုးတိုးတိတ်တိတ်လေး ဖြေရှင်းရင် ဖြစ်သင့်တာပေါ့နော်။ အခုတော့ လူကြီးတွေအထိ တိုင်တောပြီး သွန်းအပေါ်ပုံချတာကြောင့် အိမ်မှာတောင် ဖယ်ကျဉ်ထားကြသလို မခေါ်မပြော





ဖြစ်နေကြပြီလေ။ သူရော သိပါရဲ့လား။ သွန်းက လူဆိုးမကြီးဖြစ်ပြီး ချစ်သူအပေါ်မှာ သစ္စာဖောက်တဲ့နာမည်ပျက်နဲ့ ဒီဘဝလမ်းကို ဘယ်လိုဆက်လျှောက်ရတော့ပါ့မလဲ။

ကိုယ်ချင်းစာနာစိတ်ကလေး ပါးပါးလေးတောင်မှမရှိပါလား သူတရယ်။ 'မိန်းမကောင်းပန်းပန် တစ်ပွင့်တန်'ဆိုတဲ့ ဆိုရိုးအတိုင်း သူ့တစ်ယောက်တည်းကိုသာ မျက်စိမှိတ် ခေါင်းညိတ်ခဲ့သလို သူတစ်ဦးတည်းကိုပဲ လက်ထပ်မယ်လို့ရည်စူးပြီး လက်ခံခဲ့တာကို အသိဆုံးဖြစ်တာတောင်မှ သွန်းကို ဥပေက္ခာပြုရက်ရတယ်လို့။

"ဘာမှမပြောချင်တော့ပါဘူး ပပရယ်"

"နင်ကလည်းဟယ်၊ စိတ်ဓာတ်ကျတာက လွယ်လိုက်တာ။ တကယ်ပဲ"

"စိတ်ဓာတ်ကျတာတော့ မဟုတ်ပါဘူး။ ငါတို့ ရေစက်ဟာ ဒီလောက်ပဲ ပါတယ်လို့ယူဆမိပြီး စိတ်မကောင်းဖြစ်နေမိတာပါ။ ငါ့ကုသိုလ်ပဲပေါ့လေ"

"အားတင်းစမ်းပါ သွန်းရာ၊ သူမကြင်နာလို့ စွန့်လွှတ်ထိုက်တာပဲဟာ။ ချဉ်းစိမ်းနဲ့မိသလင် သူကြင်မှကိုယ်ကြင်ပေါ့"

ပြောတတ်ပါပေ့။ နင်က ချစ်ဖူးတဲ့သူမှမဟုတ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပြောအားရှိပေမပေါ့။ သွန်းမှာသာ. . . သွန်းမှာသာ အလွမ်းတွေ ကုဋေ ကုဋာနဲ့ မျက်ရည်ပင်လယ်ဝေနေရတာလေ။ ပြောတော့ ဖြင့် ချစ်တယ်ဆိုပြီး မျက်ကွယ်ပြု ကျောပေးလိုက်တာက လွယ် လွယ်လေးပါပဲလား။

''နင်တကယ်ပြတ်နိုင်လို့လား''

''ဘယ်တတ်နိုင်ပါ့မလဲ''

''အဲဒီတော့ ဒီပုံးသုံးပုံးကို ငါသယ်သွားပြီး သူ့အိမ်ကို သွားပို့ပေးရမယ်. . . ဒီလိုလား''

''အင်း''

''ပြီးရင် ဘာပြောပေးရဦးမလဲ''

''မပြောနဲ့ နင်ပြောလည်း သူက နားထောင်မှာမဟုတ် ဘူး။ ငါသိတယ်''

''နင်တို့ကလည်းဟာ. . . တောက်! ငါ အဲဒီကောင်ကို ရေတစ်ခုံထဲ ထည့်ထောင်းလိုက်ချင်လိုက်တာ တကယ်ပါပဲ။ ငယ် သံယောဇဉ်ကိုမှမထောက်''

''တော်ပါပြီ ပပရယ်၊ ငါတစ်ခုတော့ ကြိုပြောပါရစေ''

''ဘာကိုလဲ''

''ငါတို့ကြားထဲဝင်ပါပြီး အမုန်းမခံချင်ပါနဲ့။ ဘယ်လို





ဖြေရှင်းချက်မျိုးနဲ့မှ မစေ့စပ်ချင်ပါနဲ့ ပပရယ်။ ပြီးပါစေတော့''

အခန်းထဲမှ စကားသံတို့ တိတ်သွားလေပြီ။ မမကတော့ ဖါကျွတ်တာနဲ့ ကိုကိုအောင်နဲ့လက်ထပ်ဖို့ပြင်ဆင်နေတာမို့ အလုပ် ရှုပ်နေပါ၏။ ဘာရောင်ဝတ်မလဲ၊ ထိုင်မသိမ်းဝတ်စုံလှလှလေး လား။ ဆံထုံးကို ဘယ်လိုပုံထုံးမည်ကအစ စပ်စုကျင့်ရှိတဲ့သွန်း က တစ်ခွန်းမှမဟသလို အခန်းအောင်းပြီး အိမ်တွင်းပုန်းလုပ်နေ မိတာလေ။

တို့တော့ တကယ်လမ်းခွဲပြီပဲ မိုးသုတရယ်. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ခြံထဲကို Taxi မောင်းဝင်လာတာမို့ တစ်မိသားစုလုံး ...ညြသွားရပါ၏။ ဘယ်ကာဧည့်သည်များပါလိမ့်။ ကားပေါ်မှဆင်း ...သည့်သူကိုတွေ့မှ ဟိုတက်ခြံက မိပပမှန်း သိလိုက်ရပါသည်။ ...အကြောင်းကြီးငယ်များရှိနေလို့ ခြေထောက်နဲ့မလာဘဲ Taxi ...နဲ့ လာရတာပါလိမ့်။

"ဒီမှာပဲ ချပေးပါ ဦးလေး။ ကျေးဇူးပါပဲနော်"

Taxi က Back ဆုတ်ကာ ခြံထဲမှပြန်ထွက်သွားလေ... တိုက်ရှေ့မှာ စီထပ်ထားသည့်စက္ကူကတ်ထူပုံးသုံးပုံးက ငြိမ် ...တ်လို့ပါလေ။ မေမေက ညနေစာစားရန် ပြင်ဆင်ပြီး သူတို့ ...အဖေကို လာခေါ်နေတာမို့ မိပပ Taxi နဲ့လာတာကိုမြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာမဟုတ်လား။ သူက တိုက်ဝမှာရပ်ကာ တအံ့တဩဟန်ဖြင့် ပပကို မေးလိုက်ပါ၏။

“ဒါက ဘာတွေလဲ”

“သံယောဇဉ်အကြွင်းအကျန်တွေ”

“ဘာ!”

သူမျက်လုံးပြူးသွားရပါ၏။ ပပက သူ့ကိုမျက်မုန်းကျိုး နေသလိုမျိုး မျက်စောင်းခဲလိုက်ပြီး စက္ကူပုံးတွေကို တဘုတ်ဘုတ် ဖြင့် ပုတ်ပြလိုက်လေသည်။ သံယောဇဉ်အကြွင်းအကျန်တွေတဲ့ ဘာသဘောများလဲ။

“ဘာလဲဟ၊ အရင်းမရှိအဖျားမရှိ”

“နင်လိုချင်တယ်ဆိုလို့ ငါ့ကို သွန်းက ပို့ပေးခိုင်းလိုက် တာလေ။ ငါ့တာဝန်ပြီးပြီ”

“ဘာ!”

သူဆောင့်အော်လိုက်တာမို့ ပပက တွန့်ခနဲဖြစ်သွားလေ ၏။ ကြည့်စမ်း! သွန်းပို့ခိုင်းလိုက်လို့ လာပို့ပေးတာတဲ့။ ဒါ ရွဲ့တာ ပေါ့လေ။

ပြဿနာကိုဖြေရှင်းပြီး ကြေလည်မယ်မရှိ၊ သူပေးထား တဲ့ပစ္စည်းတွေကို တစ်ခုမကျန် အကုန်ပြန်ပေးသတဲ့။ အသည်း





မာတယ်ဆိုတဲ့သဘောနဲ့ပေါ့လေ။

“တောက်! ဘယ်သူကတောင်းလို့ ဒါတွေ လာပြန်ပို့ရ တာလဲ။ မယူဘူး. . . အကုန်ပြန်ယူသွား”

“ဒုန်း!”

ခြေထောက်ဖြင့် ကန်လိုက်တာမို့ အပေါ်ဆုံးထပ်မှ ပေါ့ သည်ထင်ရသည့်ပုံးက သံမံတလင်းထက် ဘုတ်ခနဲပြုတ်ကျလေ ၏။ ပပက စိတ်ရှည်သလိုနှယ် ထိုပုံးကိုပြန်ကောက်ကာ တင်ပေး ပြန်လေသည်။ အဘယ်မျှစိတ်တိုစရာကောင်းလိုက်ပါသလဲ။

“နင်မလိုချင်ရင် လွှင့်ပဲပစ်ပစ်၊ မီးပဲပုံရှို့ရှို့၊ နင့်သဘော ပေါ့”

“ပပ!”

“ဟဲ့! ဟဲ့! ဘာဖြစ်ကြပြန်တာတုန်း၊ သမီးပပ. . . အိမ် ထဲဝင်လေ”

မေမေက သူ့အသံပြုကြီးကြောင့် အိမ်ထဲမှပြေးထွက် လာပါ၏။ နှစ်ယောက်သား ပုံမှန်လေသံနဲ့ပြောနေရာမှ သူ့အသံ ဟာ စူးခနဲထွက်လာတာကိုး။ မေမေ့အမြင်မှာ ပပက အေးအေး သူလုပ်ပုံစံဖြင့် ဘာမှထူးခြားမနေပါဘဲ သူကတော့ မျက်နှာရဲရဲနီ တာ ဒေါသတွေ အိုင်ဖွဲ့နေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"မဝင်တော့ပါဘူး အန်တီထက်ရယ်"

"ဘာလို့လဲ သမီးရယ်"

"ပဝကို သွန်းက ဒီဟာတွေကို လမ်းကြုံလာပို့ခိုင်းလို့ လာတာပါ အန်တီ"

"ဒါတွေ. . . ဒါက ဘာတွေတုန်း သမီးရဲ့"

"အန်တို့သားက သွန်းဆီကနေ သူပေးထားသမျှ ဘာ တစ်ခုမှမကျန်အောင် အကုန်တောင်းလို့ ဟိုကပြန်ပေးလိုက်တာ ပါ"

"ဘယ်လို"

"ကျစ်. . . အဲဒါ သူနဲ့ငါပြတ်မှ ပေးရမှာလို့ ပြောထား တာဟ"

"ဩော. . . အခုကော နင်တို့နှစ်ယောက်က ပြတ်တာ မဟုတ်လို့ ဘာလဲ"

"ဟ! သူပြဿနာရှာထားတာကို သူကိုယ်တိုင်ဖြေရှင်း ရမှာပေါ့။ ဘာကြောင့် ကြားလူနဲ့လိုက်ရှင်းခိုင်းရတာလဲ။ အရေး မပါတာတွေ. . . တောက်! "

"ဒီမှာ ငါက နင်တို့နှစ်ယောက်ကြားမှာ ညှိနှိုင်းပေးမယ့် ပွဲစားလည်းမဟုတ်ဘူး. . . ရှေ့နေလည်းမဟုတ်ဘူးဟဲ့။ ကိုယ်





သမိုင်းကိုယ် ရေးကြပေတော့။ ဘာမဆိုင်ညာမဆိုင်နဲ့ ငါ့ကိုလာ ဆွဲမထည့်ချင်နဲ့"

"အေးပါ. . . နင်က ငါနဲ့သွန်း ချစ်သူစဖြစ်ကတည်း က လိုက်ဖျက်ချင်နေတဲ့ ဖျက်မြင်းပဲဟာ။ အခုလို ခွာပြတာမြင် ရင် လက်ခုပ်တီးမှာ အသေအချာပဲ"

"ဘာ! "

"ဟယ်. . . တိုးတိုးလုပ်ကြလေ၊ အထဲမှာ သားဖေဖေ ရှိတဲ့ဟာ။ ဒီကလေးတွေနဲ့တော့ ခက်တော့တာပဲ"

ပပက သူ့ကိုအတော်မုန်းတီးနေမှန်း အသိသာကြီးပါ။ မျက်ဝန်းကိုကြည့်ရုံမျှဖြင့် မီးဝင်းဝင်း ထတောက်တော့မလိုပါပဲ။ ဘယ်လိုလဲ. . .မိန်းကလေးတွေက ယောကျာ်းလေးတွေနဲ့ပတ် သက်လာရင် သွေးစည်းကြတယ်ဆိုတာ အမှန်ပဲလား။ ဝင်ရိုး စွန်း တောင်နဲ့မြောက်လို တစ်ဖက်မှာပဲ ရပ်တတ်တယ်ဆိုတာ မှန်ပြီထင်ပါရဲ့။

"နင့်ကို သူ ဘာတွေစည်းရုံးလိုက်လို့ ငါ့ကို ရန်သူလို ရန်စွယ်ငေါငေါနဲ့ လာရန်လုပ်နေရတာလဲ ပပရဲ့"

"ဟွန်း! သွန်းက ဘာမှစည်းရုံးစရာမလိုဘူး။ သူဘာဖြစ် တယ်၊ ဘယ်လိုနေတယ်၊ ဘယ်ပုံခံစားရတယ်ဆိုတာကို ငါ နို



www.burmeseclassic.com

www.burmeseclassic.com



ရှူဝ မြင်တွေ့နေရတာ။ ပြောမှသိရတာမျိုးမဟုတ်ဘူး''

''အေးပေါ့၊ နှင်တို့မိန်းကလေးတွေက ဒီပုပ်ထဲက ဒီပဲတွေပဲဟာ။ ဘာများထူးလို့လဲ''

''သားနော်. . . သုတ''

''မေမေ မြင်ပြီမဟုတ်လား။ သူစည်းရုံးလွှတ်လိုက်လို့ မိပပ, ကျွန်တော့်ကို လာရန်တွေ့နေတာ''

''အံမာ! ပြေူးကများ ပြုပြရသေးတယ်။ နှင်သာ သွန်းကို မဟုတ်တမ်းတရားတွေ စွပ်စွဲပြောနေတာဟဲ့''

''ဩော . . . ငါပြောတာမဟုတ်လို့လား။ နှင့်သူငယ်ချင်းက ယောက်ျားနှစ်ယောက်ကို နွားချည်သလိုမျိုး ကြိုးနဲ့ချည်ပြီး လှည်းမောင်းချင်တဲ့မိန်းမ။ လှေနံနှစ်ဖက်နင်းတဲ့မိန်းမ''

''ဟဲ့! ဒီလောက်ပြောနေတဲ့ကြားက ခက်တော့တာပဲ မိုး သုတရယ်''

ပပက သူပြောချလိုက်တာကို ခွေ့ခွေ့ခုန် စိတ်ဆိုးပြလေ၏။ ဆိုးပေမပေါ့၊ စကားတတ်တယ်ဆိုတာ မိန်းမတွေရဲ့ ကျွမ်းကျင်လှတဲ့ဘာသာရပ်ပဲ မဟုတ်လား။ အခုတော့ဖြင့် သူက ယောက်ျားလေးဖြစ်ပြီး ဘုကျကျ ခပ်စွာစွာနဲ့ ပြောတတ်နေတာလေ။





''နှင်! နှင်! . . . သွန်းကိုအဲဒီလိုပြောတယ်၊ ဟုတ်လား''

''အေး. . . ဟုတ်တယ်၊ ပြောတော့ဘာဖြစ်လဲ။ ငါပြောဘာအမှန်တွေပဲဟာ''

''တောက်! နှင် အတော်မိုက်ရိုင်းတဲ့ကောင်။ ငါ ဒီတိုင်းသွန်းကို တစ်လုံးမကျန်ပြန်ပြောမှာ။ သိရဲ့လား''

''ပြောလေ. . . ပြောပေါ့. . . ငါက ဂရုစိုက်ရမှာလား။ Don't care! ''

ပပက လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ကာ နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားလေ၏။ သူတို့နှစ်ယောက်ကြားမှာ ပုံးတွေဘာရှိမနေရင် သူ့ဆီရောက်လာပြီး ထုတော့မလိုပါပဲ။ သိတယ်မဟုတ်လား. . . မိန်းမတွေဆိုတာ နှုတ်နဲ့အနိုင်မရရင် လက်ခံတတ်ကြတာလေ။

''စိတ်ပုပ်ကောင်''

''နှင်တို့လည်း စိတ်ပုပ်မတွေပဲ''

''ဟဲ့! ဩော်. . . ဒီကလေးတွေကတော့လေ၊ ပိစိညှောင့်ဆောင့် မူကြိုတန်းလည်းမဟုတ်တော့ပါဘဲ။ ပြောပြန်ပြီ ပေါက်ဆိုက်ရှာရှာ''

''နှင်နဲ့သွန်းကို ရည်းစားဖြစ်ကတည်းက ငါကန့်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မှန်နေတာပဲ''

''နင်စိတ်ပုပ်တာ ခုမှသိရတာပေါ့လေ''

''ငါ့သူငယ်ချင်းက ဘာလေးပဲဖြစ်ဖြစ် နင့်အပေါ် စေတနာထားပြီး ငွဲညှာထောက်ထားခဲ့သလောက် နင့်ဘက်က တုံ့ပြန်မှုက နတ္ထိပဲ မိုးသုတ''

''အံမာ! အားအားရှိ သူ ရှာကြံစိတ်ကောက်တာကိုကျ မပြောဘူးလား''

''အဲဒါ နင့်ကို သူပိုချစ်လို့ အူတိုရတာ၊ ပူလောင်နေရတာဟဲ့။ ငါတားမိတိုင်း ငါ့ကို နင်မချစ်ဖူးသေးလို့ပါ ပပရယ်ဆိုတဲ့စကားနဲ့ပဲ အဆုံးသတ်တိုင်း ပြောချင်သမျှစကားအကုန် ငါမျိုချခဲ့ရပေါင်းမနည်းတော့ဘူး''

'ဘာ!''

''နင်က အတော့်ကို အတ္တကြီးတဲ့ကောင်ပဲ မိုးသုတ''

''မိပပ. . . နင်နော်၊ ငါ့ယ်သူငယ်ချင်းမို့ သည်းခံပေးနေတာ''

''တော်စမ်းပါ. . . ဘာသည်းခံစိတ်များ နင့်မှာရှိလို့လဲ။ သွန်းအပေါ် နိုင့်ထက်စီးနင်း ပြုမူပြောဆိုပြီးတိုင်း၊ နင် မသိချင်ယောင်ဆောင်ခဲ့တာ ဘယ်နှကြိမ်လဲ။ ဟိုကချည်း သူ့အလိုလို





စိတ်ပြေပြီး နင့်ကိုစခေါ်ခဲ့တာ။ အဲဒီလိုအမှတ်သည်းခြေ သူ့မှာမရှိလို့ နင်ရောင့်တက်နေတာ၊ နိုင်ထက်ကလူပြုနေတာ ငါအသိဆုံး''

''နင်နော်. . . နင့်စကားတွေ အတော်လွန်နေပြီ မိပပ''

မေမေက သူနှင့်ပပကို ပြောမနိုင်ပုံဖြင့် ခေါင်းခါကာ အိမ်ထဲဝင်သွားလေတော့၏။ သူတို့စစ်ပွဲကဖြင့် တိုက်ကောင်းတုန်းပါပေ။ မိပပတစ်ယောက်ကဖြင့် ဘာမဆိုင်ညာမဆိုင်နဲ့ ပဲကြားက ဆားလို သူနဲ့သွန်းကို လိုက်ခွဲနေပြီမဟုတ်ပါလား။

''ဟုတ်တာပြောတော့ နင်နာမှာပေါ့။ လက်သည်းဆိတ်ရင် လက်ထိပ်တော့ နာတတ်တာပဲဟာ''

''နင်ပြောလို့ပြီးပြီလား၊ ပြီးရင် ပြန်တော့''

''ပြန်မှာပါ၊ နင် နှင်ထုတ် မောင်းထုတ်စရာမလိုပါဘူး။ နင့်အကျင့်ကို ကြိုသိနေလို့လည်း ဟိုကပြောလိုက်တာ''

''ဘာပြောလိုက်တာလဲ''

''ငါ့ကို ကြားထဲကနေ မဖျန်ဖြေနဲ့တဲ့''

သူ မျက်နှာကို ရှုံ့မဲ့လိုက်ပါ၏။ ထင်သားပဲ၊ ဒင်းက စိတ်ကောင်းရှိတဲ့မိန်းမမှမဟုတ်တာ။ သူများသမီးရည်းစား မကွဲကွဲအောင်ကို ဖျက်မယ့် ဖျက်မြင်းပဲလေ။ တကယ်သာ ကွဲဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရင် လက်ခုပ်လက်ဝါးတီးမလားတောင် မသိ။ မိပဲပက ယုံရတာ မှမဟုတ်ဘဲ။

"နင်ဖျန်ဖြေလည်း ငါက အလွယ်တကူ စိတ်ပျော့တဲ့ ကောင်မှမဟုတ်တာ"

"အေးပါ. . . အခုတော့ လက်ခမောင်းခတ်ထားဦးပေါ့။ နောက်မှ အသည်းကွဲပါပြီ ကူပါဦး ပပရယ်ဆိုပြီး ငါ့ကိုလာမပြောနဲ့"

"ဝေးသေး"

"တောက်!"

ပပက အံကိုတင်းတင်းကျိတ်ကာ သူ့ကိုစူးစူးရဲရဲကြည့် လိုက်တာမို့ ခြေတစ်လှမ်း နောက်ဆုတ်ရပ်လိုက်မိ၏။ အားပါ လိုက်တာနော်။ ဘယ်တုန်းကတည်းက အငြိုးတွေနဲ့ စုပေါင်းပြီး မုန်းတီးစက်ဆုပ်နေရတာပါလိမ့်။

"ငါ့သူငယ်ချင်းကို ငါရအောင်ကိုပြောဦးမှာ။ နင့်လို စိတ်ဓာတ်ညံ့ဖျင်းတဲ့ကောင်မျိုးကို လက်တွဲဖြုတ်ပြီး သဘောဖြူ အရူစင်းယောကျ်ားမျိုးနဲ့ လက်ဆက်ဖို့"

"ဘာ!"

"သိပ်မကြာခင် ခပ်မြန်မြန်လေး နင့်ဆီကို ဖိတ်စာပို့





ဖြစ်အောင် ပြောဦးမယ် မိုးသုတ၊ နင်တို့မီးစက သေးသေးလေး ဖြစ်ပေမယ့် ငါက ဓာတ်ဆီလောင်းရင် ပွဲသိမ်းပြီပေါ့။ ဒါပဲ"

"မိပပ! . . ."

သူ့အော်သံကို ဂရုမစိုက်ပါဘဲ ပပက ကျောပေးထွက် သွားလေတော့၏။ မီးစက သေးလို့ ဓာတ်ဆီလောင်းပေးမတဲ့ သွန်းရွှေစင်။ ကိုယ်တို့ ဘာလုပ်ကြမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

# အဆုံး



More than I can say.

ပြောတာထက်ကို ပိုပါတယ်...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခြံထဲဝင်လာသည့်ကားကို မေမေရော ဖေဖေပါ အိမ်ရှေ့ထွက်ကာ ဆီးကြိုနေလေ၏။ ကားပေါ်မှဆင်းလာသည့်မိသားစုတွေက အပြုံးတွေအပြည့်နှင့်ပါပဲ။ လေးယောက်ဆိုတော့ ဘယ်ကသည့်သည်တွေကိုများ မေမေ ထမင်းစားဖိတ်ထားတာပါလိမ့်။

"မဆုံရတာ နှစ်တော်တော်ကြာပြီမို့ ယေရုပ်ကို မနည်းကြီးဖမ်းရတယ် မျိုးသိုက်ရေ။ ဟာ! မင်းက သမီးရော သားရော နှစ်ယောက်တောင် ရှိတာလား။ ငါ့ထက် Power ကြီးသွားတာပေါ့လေ"

"ဟုတ်တယ် မိုးယံရေ၊ သမီးအဖော်ရအောင်ဆိုပြီး ယဉ်ယဉ်က နောက်ထပ်သားလေး မွေးပေးတာ။ ကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က လေးနှစ်ကျော်တယ်”

“ငါ့မှာတော့ ဥတစ်လုံး အဆံချောင်သားတစ်ယောက်ပဲရှိသဟ။ တစ်ယောက်ဆိုတစ်ယောက် ပြောမရဟေ့”

ရယ်ကြလေ၏။ အိမ်လာတာနှင့် ဧည့်သည်တွေကို သူ့အတင်းအုပ်စရာလား။ ဖေဖေ့စကားကြောင့် မကျေမနပ်ဖြစ်သွားပြီး အိမ်ပေါ်မှ တေပေမနေချင်တော့တဲ လှေကားမှဆင်းလာခဲ့၏။ ဧည့်ခန်းဆက်တီမှာ အသီးသီးထိုင်နေသည့်ဧည့်သည်တွေကို ဖျတ်ခနဲအကဲခတ်ကြည့်မိစဉ် သူ့မျက်ဝန်းထဲ တန်းမြင်လိုက်သည်က မည်းနက်တောက်ပသည့် ကျစ်ဆံမြီးဆံနွယ်တွေကိုပါပဲ။

“ဟော. . . လာပါပြီ သားတော်မောင်။ ကျွန်တော့်သားလေ၊ မိုးသုတတဲ့”

“ဩော်”

“ယဉ်ယဉ်တို့သားအမိနဲ့က Plaza မှာ တစ်ခါဆုံဖူးတယ်လေ။ သားငယ်လေးတို့သားအဖနဲ့သာ မမြင်ဖူးတာ။ လာလေသား၊ ခင်နန်းလေးကို မှတ်မိတယ်မဟုတ်လား”

“ဟုတ်”

မဖြေချင့်ဖြေချင်ဖြင့် ပြန်ပြောလိုက်ပြီး မေမေ့ဘေးနှိုင်မှာ သူဝင်ထိုင်လိုက်ပါ၏။ သူ့ဘေးခုံမှာ ထိုင်နေသည့်ချာတိတ်





က ခင်မင်နှစ်လိုစွာဖြင့် သူ့ကိုပြုံးပြလိုက်ပါသည်။ ချာတိတ်ကသယ်ရှယ်ပြီး ဖော်ရွေဟန်အပြည့်နှင့်ပါပဲ။

“မင်းမင်းသိုက်ပါ အစ်ကို”

“ဩော်. . . ဆေးကျောင်းတက်နေတယ်ဆိုတာ”

“ဟုတ်ပါတယ်ခင်ဗျာ”

ရှိသေလိုက်တာနော်။ သူနဲ့များ ကွာပါ့။ သူကဖြင့် လူတာကို ဗိုလ်ခပ်ကျကျဖြင့် ခပ်ရင့်ရင့်ပြောမိသလိုပါပဲ။ ဟုတ်ခဲ့၊ ပပပြောခဲ့တာ အမှန်ပါပဲ။ သွန်းနဲ့လမ်းခွဲခဲ့ရတဲ့ကာလကလကျော်မို့ နေ့စဉ်နေ့တိုင်း သူ့ကိုယ်သူ သုံးသပ်နေမိပြီလေ။

“မင်းတို့ကလေးတွေက လိမ္မာပုံပါ မျိုးသိုက်ရာ”

“ဒါပေမဲ့ မိတာကို အားကိုးနေရတုန်းလေ မိုးယံရဲ့။ သမီးမိန်းကလေးဆိုပြီး အပြင်ထွက် အလုပ်မလုပ်စေချင်ဘူး။ ဘွဲ့ပြီး အိမ်အလုပ်တွေနဲ့ မိန်းကလေးတွေလုပ်ရတဲ့ အချုပ်အလုပ်ပြုတ်တာတွေကိုပဲ ယဉ်ယဉ်က သင်ပေးထားတာ။ သားလေးသည်း ခုထိ ကျောင်းနေရတုန်းလေ။ မင်းရဲ့သားက အားကိုးပြီမဟုတ်လား”

“မထင်လေနဲ့ မျိုးသိုက်ရေ၊ အခုတလောမှာ ငါ့သားအလုပ်ကို သိပ်စိတ်မဝင်စားလို့ Project case က Foul



www.burmeseclassic.com

www.burmeseclassic.com



တာ တော်တော်များနေပြီ။ ဒါနဲ့ပဲ Company member က General manager ကို စိတ်ကြိုက်မဲပေးစနစ်နဲ့ ရွေးဖို့ တင်ပြထားတယ်လေ''

''ဟုတ်လား''

သူ အရှိုက်အောင့်သွားရပါ၏။ လူရွေ့သူရွေ့ကြီး ဖြစ်သူကို ဒေါက်ဖြုတ်ရတယ်လို့။ လူကြီးတွေက နားလည် ပြုံးကြပေမယ့် ညည့်သည်မောင်နှမကဖြင့် မသိသလို ငြိမ် နေကြပါသည်။ ဘယ်လိုလဲ. . . စကားနည်းတာကတော့ ပါတော့၊ ဘာပဲဖြစ်ဖြစ် စကားဝိုင်းထဲမှာ ရေလိုက်ငါးလိုက် ပြောတတ်ဖို့တော့ လိုတာပေါ့လေ။

''သားကို မကြိုက်ကြတာများလား''

''ဆိုပါတော့၊ အဓိက အရေးကြီးတာက ကုမ္ပဏီ တက်ဖို့ ဆိုတော့လေ၊ စွမ်းဆောင်ပံ့ပိုးမှုပိုရှိတဲ့ဝန်ထမ်းမျိုးပဲ လားကြတာပေါ့''

''အစ်ကိုပြောလို့ ထက်လည်းသိရတာ ယဉ်ယဉ်ရဲ့။ သားနေရာကို ထက်တို့ Class mate ထားရဲ့သားလေး ချေများတယ်တဲ့''

''ထက်ရဲ့သား''





''အင်းလေ . . . မှတ်မိတယ်မဟုတ်လား။ ထက်တို့နဲ့ Major တူပဲဟာ''

''ဒါဖြင့် နှိုင်းလေးပေါ့''

''ဟုတ်ပါ့ဗျာ၊ နှိုင်းမြင့်မိုရ်ပါပဲ။ မယဉ်တို့ သိထားလို့ လား''

''သိဆို သမီးနဲ့လူကြီးချင်း သဘောတူထားတဲ့ကလေး ဖြစ်နေတာကိုး မိုးယံရ''

''မှာတ်လား. . . ဒီကလေး အတော် Lucky ကောင်း တာပဲ''

ရယ်သံ ခပ်အုပ်အုပ်ထွက်လာလေ၏။ ဘုရားရေ! နှိုင်း မြင့်မိုရ်တဲ့လား။ ဒီမိန်းမချောလေးနဲ့ သဘောတူထားတာတဲ့။ ဒါ နဲ့များတောင်မှ သူချစ်ရတဲ့သွန်းကို မျက်စိရှေ့ တွဲခုတ်ရဲတာလေ။ တောက်! ဒင်း အတော်လွန်နေပြီပဲ။ သူ့နေရာကို လုယူရုံမျှမက သူ့ချစ်သူကိုပါ မျက်နှာပြောင်တိုက်ပြီး လုရဲရတယ်လို့။

မိဘတွေသဘောတူထားတဲ့ မိန်းမလှလေး ရှိနေပါလျက် နဲ့ သွန်းလက်ကိုပါ ဆွဲရသလား။ ဘယ်ညာလက်မောင်းနှစ်ဖက် ချိတ်ပြီး မိန်းမနှစ်ယောက်နဲ့ မင်္ဂလာဆောင်လို့မှမရတာ၊ အတော် လောဘကြီးတဲ့ကောင်ပါလား။ သူ့မှာဖြင့် သွန်းကိုချည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်သတ် စွပ်စွဲပြီး စိတ်ထဲကနေ ပြောမိနေတုန်းပါလေ။

ဒင်းကမှ မျက်နှာများတဲ့ကောင်၊ ငါးရံ့နှစ်ကောင် တင်ပြိုင်တည်းဖမ်းချင်တဲ့ကောင်။ ငါးစိမ်းရော ငါးကြော်ရော ဝါးမယ့်ကြောင်လိုကောင်။ နောက်ထပ် ဘယ်လိုစကားပုံမျိုးနဲ့ နှိုင်းပြရဦးမလဲ။ တောက်! ယှဉ်တွဲပြရမှာတောင် ဒင်းနာမည်က ပါနေသေးရတယ်လို့။

"နေ့လယ်စာ သုံးဆောင်ကြရအောင်၊ ကြွကြပါရှင်"

မေမေ့အသံကြောင့် သူ့အတွေးတွေ ရုတ်တရက် ရပ်သွားရပါ၏။ ဟုတ်သားပဲ၊ ညှော်သည်တွေကို ထမင်းစားဖိတ်ထားတာလေ။ အားလုံးထရပ်လိုက်ပေမယ့် သူက ခုံမှပင် ပေကပ်ထိုင်နေမိလေ၏။ သူရောသွန်းပါ လူအများကြီးနှင့်အတူ ထမင်းမစားတတ်ကြတာ အတူတူပါလေ။ ဟော. . . မေ့ပစ်မယ်ဆိုပြီး သတိက ရနေပြန်ပြီ။

"အစ်ကိုရော မစားဘူးလား"

ချာတိတ် လှည့်ခေါ်လိုက်တာမို့ အံ့သြသွားရပါ၏။ လူကြီးတွေက အမှုမဲ့အမှတ်မဲ့ထားခဲ့ကြပေမယ့် ဒီချာတိတ်ကမှ သူ့ကိုခေါ်ဖော်ရသေးတာလေ။ သူခေါင်းခါပြလိုက်ပါ၏။

"ဟင့်အင်း. . . နောက်မှ"





"ဘာဖြစ်လို့လဲ အစ်ကိုရဲ့၊ စိတ်ရှုပ်လို့လား"

"ဟုတ်တယ်"

"ကျွန်တော်နဲ့ တူလိုက်တာ"

"ဘယ်လို"

"ကျွန်တော်လည်း အိမ်မှာဆို လူအကုန် ထမင်းစားပြီးမှ တစ်ယောက်တည်း စားကျင့်ရှိလို့လေ"

ဘယ်ဖြစ်ပါ့မလဲ။ တစ်ယောက်တည်းစားရင် ပျင်းစရာကြီး။ ထမင်းတစ်ပန်းကန်ကို မနည်းကြီးမျိုချတာတောင်မှ မကုန်တာလေ။ ဘယ်သူ့မျက်နှာကိုမှမကြည့်ချင်လို့ တစ်ယောက်တည်းစားမိတိုင်း အထီးကျန်ပြီး မျက်ရည်ဝဲမိတဲ့ဝေဒနာကို ဒီချာတိတ်မှ မခံစားတတ်တာကိုး။

"သားရေ. . . သုတ"

"လာပြီ မေ"

သူထရပ်လိုက်ရတော့၏။ ညှော်သည်တွေကိုရှောင်မိရင် ဖေဖေ ဒေါပွတော့မှာကိုး။ ထမင်းစားပွဲက စကားတစ်ခွန်းတလေ ပြောပြီး အတော်လေး တိတ်ဆိတ်လွန်းပါ၏။ ဟင်းရည်ပန်းကန်ကို သူလှမ်းယူလိုက်စဉ် မမီသဖြင့် သူ့ဘေးမှာရှိနေသည့် ခင်နှန်းသိုက်က မတ်တပ်ထရပ်ကာ ဟင်းချိုပန်းကန်ကို သူ့ထက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမီစေရန် ရွှေ့ပေးလိုက်လေသည်။

ချလွှင်ခနဲ မြည်သွားပါသည့် ရွှေလက်ကောက်လေးငါး ကွင်းဝတ်သည့် လက်တံလှလှလေးနှင့် လက်ခုံဖွေးဖွေးလေးကို သူသတိထားကြည့်မိသွားရပါ၏။ လက်သည်းမဆိုးတာလည်း သွန်းနဲ့တူတာပါပဲ။ လက်သည်းအရှည် မထားတာကိုကအစ သူ သဘောကျခဲ့တာပင်။

"ယဉ်ယဉ်ရော ပန်းတွေဘာတွေ စိုက်လား၊ စိုက်ရင် မျိုးတွေ ထက် ပေးလိုက်မယ်လေ"

"ယဉ်တို့က ကွန်ဒိုမှာနေရတာမို့ ထက်တို့လို ခြံနဲ့ဝင်း နဲ့ စိုက်လို့မရဘူး ထက်ရဲ့။ ဝရံတာမှာ နှင်းဆီလေးသစ်ခွလေး နည်းနည်းပဲစိုက်ရတာ။ သမီးက ပန်းကြိုက်တယ်"

"ဟုတ်လား၊ သစ်ခွက အိုးနဲ့ချိတ်ပြီး ဆွဲထားလို့ရတာ ပဲ။ အန်တီနဲ့ ပြီးရင်လိုက်ကြည့်ပေါ့ သမီးရဲ့"

"ဟုတ်ကဲ့ပါ အန်တီ"

အန်တီတဲ့။ သွန်းလာရင်ဖြင့် 'အန်တီထက်ရေ'ဆိုပြီး ခေါ်တတ်သလို တစ်ခါတစ်ခါ 'မေထက်'ဆိုပြီး မေမေ့ကို ချစ်စနိုး ခေါ်လေ့ရှိတာပါ။ နှစ်အိမ့်တစ်အိမ် ဝင်ထွက်ခဲ့တဲ့ရင်းနှီးမှုတွေက အခုတော့ဖြင့် လူမပြောပါနှင့်၊ အရိပ်သော်မျှ မမြင်ရတော့ပြီ။





"သားရော. . . စေ့စပ်ပြီးပြီလား"

"စေ့စပ်ဖို့ရည်ရွယ်ပြီး ပျက်သွားတာ ယဉ်ယဉ်ရေ့။ သိ ယ်မဟုတ်လား. . . ဒင်းက အခု ခေါက်ဆွဲကြော်၊ တော်ကြာ ပေါက်ဆိုပြီး စိတ်ကပြောင်းတာ ခပ်မြန်မြန်ရယ်"

"ဩော်"

မေမေက ခပ်ပေါ့ပေါ့လေးပဲ ပြောတာဖြစ်မှာပင်။ ခြံထဲ ဟိုဒီလျှောက်ကြည့်စဉ် အဖေနှစ်ဦးက စီးပွားရေးကိစ္စတွေပဲ နေကြလေ၏။ ဟိုချာတိတ်လေးလည်း အမေဖြစ်သူနောက် ာတာမို့ သူပါလိုက်ထွက်ဖြစ်ခဲ့တာလေ။

"သမီး ပန်ဦးမလား၊ လှတာလေး အန်တီရွေးပေးမယ်

"

"နေပါစေ အန်တီ၊ မခူးပါနဲ့။ နှမြောစရာကြီး"

"သမီးက ပန်းဆိုရင် ဘုရားတင်ဖို့နဲ့ အပင်ပေါ်မှာပဲထား ကိုပဲ နှစ်သက်တာ ထက်ရဲ့။ ခေါင်းမှာပန်လိုက်ရင် အမြန် သွားလို့တဲ့"

တူပြန်ပြီ။ တူလိုက်တာနော်။ သွန်းဆိုလည်း ခေါင်းမှာ တော့မှ ပန်းမပန်တာလေ။ ဘာလို့များ ဒီမိန်းကလေးနှစ် က် လာတူနေရတာလဲ။ ကွာခြားတာဆိုလို့ သွန်းက သူ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက် ထက်မြက်ပြီး ဖော်ရွေတတ်သည့်သူ။ ဒါကလည်း အဖြင့် အလုပ်ထွက်လုပ်တာကြောင့်လည်း ဖြစ်မှာပေါ့။ သူမကဖြင့် ကျေး ရှိပြီး စကာနည်းသည့်သူ။ အနေအေးဆေးတည်ငြိမ်သည့်ပုံစံ လေ။

''နှိုင်းနဲ့သမီးရော လူငယ်ချင်းအဆင်ပြေရဲ့လား''

''ဒီလိုပါပဲ အန်တီ''

''သမီးကလည်း ခပ်အေးအေး၊ ဟိုကလေးကလည်း နှုတ်နည်းတာဆိုတော့ သူတို့နှစ်ယောက်ကြားမှာ ရေခဲမြစ်ပဲ စီး နေတာ ထက်ရေ။ ဘာပဲဖြစ်ဖြစ် စေ့စပ်ဖို့ကို ယဉ်တို့လူကြီးတွေ ပဲ လုပ်ပေးကြရမှာ။ သူတို့အပြောကိုသာ စောင့်နေရင် ဘိုးသွား ရိပ်သာရောက်မှပဲ ဖြစ်လိမ့်မယ်''

စေ့စပ်ပေးမှာတဲ့. . . လူကြီးတွေစိတ်ကြိုက် စေ့စပ်ပေး တော့မှာကို သိပါရဲ့လား သွန်းရွှေစင်။ မင်းရဲ့လူနဲ့ ဘာများဆက် လုပ်ကြမှာလဲ။ စိတ်မောရပါ့။

# အခန်း (၁၈)

''ဘာရယ်''

''ချလွင်! . . .''

ပပစကားကြောင့် စတိုသော့တွဲက လက်ထဲမှ သံမံ တလင်းထက် ပြုတ်ကျသွားရပါ၏။ အံ့ဩသွားတာထက် ထိတ် လန့်မှုက သွန်းရင်ကိုတုန်လှုပ်သွားစေတာ အမှန်ပါ။ သူက. . . သူက အိမ်မှာဝင်ထွက်စေပြီး မိသားစုတွေနဲ့တောင် ဆက်နွယ် နေပြီတဲ့လေ။

''ကောင်မလေးက ငါတို့နဲ့ရွယ်တူလောက်ပဲ။ ယဉ်တာ တော့ အရမ်းကိုယဉ်ပြီး ချောတာ''

''မိသားစုလိုက်''

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ထမင်းစားဖိတ်တာမျိုးဟဲ့ တစ်နေ့ကုန် အေးဆေးဆေးဆေးနေကြတာ ငါ့မျက်မြင်ပဲ။ ကောင်မလေးက မောင်လေးရှိတယ်၊ ကောင်လေးလည်း ချောချောလေးနဲ့ ချစ်စရာလေး"

ခါတိုင်း ဒီလိုပြောရင် ပဟိုမျက်စောင်းခဲမိမှာ မုန်ပေမယ့် အခုတော့ မခဲဖြစ်။ တခြားမိသားစုကိုမှ ထမင်းစားဖို့ဖိတ်ခေါ်ပြီး ကျွေးကြတယ်တဲ့။ ဦးဦးမိုးရော အန်တီထက်ပါ သွန်းနဲ့ သွန်းမိသားစုကို မေ့လိုက်ကြပြီလား။ သို့တည်းမဟုတ် နှုတ်နဲ့ပဲ ပြောခဲ့တဲ့ သွန်းနဲ့သုတကိစ္စက ခပ်လွယ်လွယ်နဲ့ပဲ ပြီးပြတ်သွားတာပေါ့လေ။ ဒီလိုပဲ ယူဆလိုက်ကြတယ်ထင်ပါရဲ့။

"သွန်း"

"ဟင်"

"နင်ဘာဆက်လုပ်မလဲ"

ဘာဆက်လုပ်ရမှာလဲ။ ကိစ္စက ပြီးပြတ်နေပြီမို့ သွန်းဘက်က ဘာများဆက်လုပ်ရတော့မှာလဲလေ။ တစ်ဖက်သတ်ဆုံးဖြတ်ချက်အောက်မှာ ကျခဲ့ရတဲ့မိန်းမတစ်ယောက်ရဲ့ အရှက်တရားနဲ့ ဂုဏ်သိက္ခာကို ဘယ်လို အဖတ်ပြန်ဆယ်လို့ရပါ့မလဲ။ အိမ်ထောင်ကွဲတာမျိုး မဟုတ်ပေမယ့် နာမည်မှာ အမည်းစက်စွန်းထင်သွားရတာမို့ ခုဆို အိမ်မှာ သွန်းက မိသားစုဝင်မဟုတ်





တော့သလိုမျိုး မျက်နှာငယ်နဲ့အတူနေရတာပါလေ။

သိပ်မကြာခင်မှာ မမတောင် မင်္ဂလာဆောင်ဖြစ်တော့ ည်။ အပျိုရိုးလုပ်ဖို့ သွန်းကိုပြောပေမယ့် ခေါင်းကိုသာ ခါပြမိ ၏။

တကယ်ချစ်ခဲ့ရင်၊ မေတ္တာသာ စစ်မှန်ရင် လူနှစ်ယောက် အတွက် ဘဝတစ်ခုအဖြစ် ပေါင်းဖက်ရပြီး အိပ်မက်အတူ မက် ရတာဆို။ သွန်းလည်း တကယ်ချစ်ခဲ့ပါလျက် သွန်းရဲ့မေတ္တာ လည်း စစ်မှန်ခဲ့ပါလျက်နဲ့ အဘယ်ကြောင့် သူနဲ့လက်ထပ်ခွင့်မရ ပါသလဲ။

"သွန်း. . . ဟဲ့!"

"ဟင်. . . အင်း"

"လုပ်ပြန်ပြီ. . . စိတ်နဲ့လူမကပ်တဲ့ပုံစံ။ နင် ဒီပုံစံနဲ့ဆိုင် တွေ သွားလို့ဖြစ်ပါ့မလား"

"ရပါတယ်. . . ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘူးသာဆိုတယ်၊ နင့်မျက်နှာက တဖြည်းဖြည်း သွေးမရှိတော့သလိုဖြစ်နေတဲ့ လူမမာလိုဖြစ်နေပြီ"

လက်ထဲမှ Note book လေးကို တစ်ချက်ဖွင့်ကြည့် ပြီး Code number တပ်ထားသည့်စက္ကူပုံးတွေကို ရွေး



www.burmeseclassic.com

www.burmeseclassic.com



နေမိပါ၏။ အနေဝေးရင် သွေးအေးတတ်ပါတယ်ဆို။ သူ့အတွက်မှာတော့ ဒီစကားက အမှန်ပဲထင်ပါရဲ့။ သွန်းမှာသာ . . .

"မမတို့ ယူဖြစ်တော့မှာဆို"

"အင်း . . . နောက်လကုန်ပတ်ထဲမှာ"

"ဖိတ်စာရိုက်နေပြီပေါ့လေ"

"ပြီးပြီထင်တာပဲ"

"မမက ကိုကိုအောင်တို့အိမ် လိုက်နေမှာမဟုတ်လား"

"အင်း"

"နင်တော့ ပျင်းကျန်ခဲ့တော့မှာပဲ သွန်းရယ်"

ပျင်းကျန်ခဲ့ရတာက အဲဒီတော့မှမဟုတ်တာ ပပရယ်။ ကျန်ခဲ့တဲ့ ငါးလကျော်ကတည်းကပါ။ သွန်းရဲ့နှလုံးသားကို ဖေ ခဲ့တဲ့ချစ်သူရဲ့ ချန်ရစ်ခံခဲ့ရပြီး အလွမ်းတွေ အသင်္ချေနဲ့ လွမ်းနေ ကျခဲ့ရတဲ့ သစ်ခြောက်ပင်လို စိမ်းလန်းစိုပြည်မှု တစ်စက်မှမရှိ တော့ဘဲ ကန္တာရသဲပြင်လို ခြောက်ကပ်ကပ်ကြီးဖြစ်နေတာ နင် အသိဆုံးပါလေ။

"နင် သူ့ကိုမေ့နိုင်ပြီလား"

အရှိုက်ကို လာထိုးနှက်လိုက်သည့်နှယ် အခံရခက်ခဲ ပါ၏။ ပြောရက်ပါပေ့။ မေ့တယ်ဆိုတာ အပြောလွယ်သလောက်





လိုက်လုပ်ရခက်မှန်း နင်မသိလို့လား သူငယ်ချင်းရယ်။ အထူး သဖြင့် လည်ပင်းဖက်ပြီး ကြီးပြင်းပေါင်းသင်းလာခဲ့တဲ့ သံယော ဇဉ်က ဘယ်လိုလွယ်လွယ်နဲ့ပြတ်မှာတဲ့လဲ။

"ငါကတော့ မေ့စေချင်တာအမှန်ပဲ သွန်း။ သူ့ကိုချစ် လက်စနဲ့ နင် ဆက်သာလွမ်းနေရင် ကြာလာတာနဲ့အမျှ လုံးပါးပါး သွားလိမ့်မယ်။ အခုတောင် နင့်ကိုယ်လုံးလေးက လေတိုက်ရုံ နဲ့ ပါတော့မလိုပဲ"

— နဂိုကတည်းက အသားရှိတဲ့ခန္ဓာကိုယ်မှ မဟုတ်တာဘဲ လေ။ တကယ့်ကို ပိန်ပိန်ပါးပါးလေးမို့ သူဆတ်ခနဲဆွဲလိုက်ရုံနဲ့ သူ့ရင်ခွင်ထဲ ထွေးခနဲရောက်ခဲ့ရတာမဟုတ်လား။ အခုတော့ သွန်း ခိုနားခဲ့ဖူးတဲ့ရင်ခွင်က တစ်ပါးသူ မှီခိုနားနေစရာနေရာလေး ဖြစ် သွားရပြီပေါ့လေ။

"တောက်! စေ့စေ့တွေးလေ ရေးရေးပေါ်တာတောင် မဟုတ်ဘူး . . . ကွက်ကွက်ကွင်းကွင်းကြီးကိုမြင်ရတာ။ ဒင်းကမှ သစ္စာဖောက်၊ အရှက်မရှိတဲ့ကောင်"

"တော်ပါတော့ ပပရယ်၊ ဘာမဆိုင်ညာမဆိုင်နဲ့ ကြား ထဲကနေ နင်ပဲပူလောင်ပါတယ်။ ရှိပါစေတော့၊ လူဆိုတာ ကိုယ့် သမိုင်းကိုယ်ရေးကြရတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဒါဖြင့် နင် သူ့ကို ဘာမှမတွဲပြန်ဘူးလား"

"ဘာကိုလုပ်ရမှာလဲ"

"ဟဲ့! သူတောင်မှ နောက်တစ်ယောက်ပြောင်းတွဲပြနေတာ။ နင်လည်း လက်မနေးဘဲ ပြန်တွဲပြရမှာပေါ့ဟဲ့။ ဒါမှ သူ ရင်ထဲ ကလိကလိဖြစ်မှာ"

ပပစကားကြောင့် မျက်ရည်ဝဲနေရာမှ ပြုံးဖြစ်သေး၏။ ဟိုကတွဲပြတာနဲ့ ကိုယ်လည်း တွဲပြစရာလား။ ဒီလောက် ကလေးဆန်တဲ့အတွေးမျိုး သူမှ တွေးတတ်ပါရဲ့။

"ဘာပြုံးနေတာလဲ"

"ငါက မိန်းကလေးလေ ပပရဲ့။ အဲဒီလိုလုပ်ပြလိုက်မှ ငါပဲ ပိုနစ်နာမှာ။ ပြီးတော့ သူထင်နေတဲ့သံသယတာ အဲဒီတော့မှ ပိုခိုင်လုံသလိုဖြစ်သွားမှာပေါ့"

"ဘာလဲ. . . နင်က နင့်စိတ်ဖြူစင်ကြောင့် သူ့ကိုသက်သေပြချင်သေးလို့လား။ မိန်းမဈေးကျလိုက်တာ"

"မဟုတ်ရပါဘူး. . . ကိုယ့်ကိုမယုံတဲ့လူတစ်ယောက်ကို အချိန်ကုန်ခံပြီး ရှင်းပြဖို့မလိုအပ်ပါဘူး ပပရယ်။ အမှန်တရားဆိုတာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အလိုလိုပေါ်လာတတ်တာမျိုးပါ"





"ဘာလဲ. . . ဒင်း မင်္ဂလာဆောင်ပြီးမှလား။ ကျစ်! အဲဒီတော့မှ ဘာလုပ်လို့ရမှာလဲ။ နောင်တတွေမွေ့ပိုက်ပြီး လက်ဖွဲ့လို့လည်းမရ. . . ရှူးပါ့ သွန်းရွှေစင်"

ပပက ကရုဏာဒေါသောဖြင့် သွန်းကိုပြောလေ၏။ Marker Pen အဖုံးကိုဖွင့်ကာ ပုံးတွေကို ဆိုင်ခွဲနာမည်တွေရေးပြီးပြီမို့ ယူသွားရန် စီချလိုက်ပါသည်။ ကားပေါ်တင်မှသာ ဝန်ထမ်းကောင်လေးတွေကို သယ်ခိုင်းပါ၏။ ပစ္စည်းပျောက်ရှမှာစိုးတာမို့ စတိုထဲကို တာဝန်ရှိသူသာ ဝင်ခိုင်းရလေသည်။

"ဟိုအစ်ကိုနဲ့ ဆုံဖြစ်သေးလား"

"ဟင့်အင်း"

"လွမ်းစရာကြီးဟယ်"

မတော်တဆလေး သုံးလေးငါးခါ ကြုံတွေ့ရတဲ့လူတစ်ယောက်ကိုမှ တိုက်တိုက်ဆိုင်ဆိုင်တွေ့ပြီး စွပ်စွဲခံရတဲ့အဖြစ်ပါပဲ။ ကံကြမ္မာနှယ် ကြံဖန်ဖြစ်စေရတယ်လို့။ အစ်ကိုသာ ဒီကိစ္စကိုသိရင် စိတ်မကောင်းဖြစ်လေမလား။ ဒါမှမဟုတ် သူ့ကို ကလေးဆန်လိုက်တာလို့ ဝေဖန်လေမလားမသိ။

"ငါသာဆို အဲဒီအစ်ကိုလက်ကိုချိတ်ပြီး ဒင်းနဲ့ကို မိတ်ဆက်ပေးလိုက်မှာ။ ဟိုက သူ့ထက် အပုံကြီးချောပြီး တည်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို''

''ပြောတတ်ပ့ါ၊ ဟိုက မိန်းမရှိနေတော့ ဘယ့်နှယ်လုပ်မလဲ''

''မိန်းမတော့ ရှိပုံမရပါဘူးဟယ်၊ သူ့ပုံက လူပျိုပုံပါဟဲ့။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း တည်တည်ကြည်ကြည်လေးကို''

''မိန်းမမရှိပေမယ့် စေ့စပ်ထားတာမျိုးရှိရင် သူ့ကောင်မလေးက ငါ့ကို ပြဿနာလာရှာမှာပေါ့ ပပရဲ့''

''နင်ကလည်းလေ၊ လုပ်ဖြင့်မလုပ်ရသေးဘူး၊ အပျက်က အရင်ပြောနေပြီ။ အရင်လို တုံးတိုက်တိုက် ကျားကိုက်ကိုက် သွန်းရွှေစင် ဘယ်ရောက်သွားပြီလဲ''

မခံချိမခံသာဖြစ်သွားရပေမယ့် ဣန္ဒြေဆယ်လိုက်ရပါ၏။ ဟုတ်ပါတယ်၊ အရင်က ဘာမဆို နှုတ်ပါမက ခြေမြန်လက်မြန်နဲ့ ဆုံးဖြတ်တတ်ခဲ့တဲ့ကောင်မလေးပါ။ အခုတော့ ရှုံးရှုံးဒိုင်းဒိုင်း မလုပ်ဖြစ်တော့ဘဲ ဘာမဆို တွေဝေလေးလံနေမိတော့တာလေး အဲဒီလိုမှိုင်တွေ ငေးမောနေတတ်အောင် ဘယ်အရာက ပြုစားထားခဲ့ပါသလဲ။

''ငါက ငါပါပဲ ပပရယ်''

ရွှေပဒေသာစာပေ



''တူကိုမတူတော့တာပါ သွန်းရယ်''

''အသက်လည်း ကြီးလာပြီလေဟယ်''

''အမယ်လေး! ရာကြဲပြောနေပြန်ပါပြီ. . . တကတည်း အသက်လေးဆယ်ကျော် အဖိုးကြီးလေသံနဲ့''

''ကဲပါ၊ လေကြောရှည်မနေနဲ့၊ ဖိုးကျော်တို့ကို ပစ္စည်းတွေ ကားပေါ်တင်ဖို့လွှတ်လိုက်ဦး။ သွားသွား. . .''

ပပက သွန်းကိုမျက်စောင်းခဲလိုက်ပြီး ဂိုဒေါင်ထဲမှထွက်သွားလေတော့၏။ ပင်ရင်းဆိုင်အတွက် ခြောက်ပုံးကို အပေါ်အရင်ချိန်းပြီးမှ ဆိုင်ခွဲတင်ရမည့်ပုံးတွေကို ကားပေါ်တင်နိုင်းလိုက်ပါသည်။ လွှမ်းနေရုံနဲ့ အလုပ်က ဘယ်ပြီးပါ့မလဲ။

အချစ်သစ်ရှာဖွေတွေ့ပြီတဲ့လား၊ တွေ့ပေါ့လေ။ ဘာများ တတ်နိုင်ပါ့မလဲ။ နဖူးစာမင်ရည်ကျဲလို့ လွဲခဲ့ပါပြီဆိုမှ ငါမခွဲနိုင်ဘူးဆိုပြီး သူ့လက်ကိုပြေးဆွဲလို့မှမရတာ။

''မသွန်း. . . မန်နေဂျာမမက အပေါ်ကို ခဏတက်လာပါဦးတဲ့''

''အေးအေး. . . အဲဒါတွေအကုန်တင်ပြီးရင် ကားတံခါးပိတ်ပြီးစောင့်နေ။ ငါပြန်ဆင်းလာခဲ့မယ်''

''ဟုတ်ကဲ့''

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ကို အမြန်တက်ခဲ့ရပါ၏။ မန်နေဂျာမဟေမာမှာစရာရှိလို့ခေါ်မှန်းသိတာမို့ ရုံးခန်းထဲ ပြန်ဝင်ခဲ့ရလေသည်။

မဟေမာက Phone ပြောနေရင်း သွန်းကိုမြင်တော့ လက်ပြကာ လှမ်းခေါ်လိုက်ပါ၏။

''ဘာပြောစရာရှိသေးလို့လဲ မဟေမာ''

''နေ့လယ်နှစ်နာရီ ကွန်တိန်နာ ချမယ်တဲ့ သွန်းရေ''

''ဟင်! ဒါနဲ့ပဲ မနက်ဖြန်မှဆို၊ အဲဒါမို့ သွန်းက ဂိုထောင်ရှင်းပြီး လက်ကျန်ပစ္စည်းတွေ သွားပို့ဖို့ပြင်နေတာ''

''အဲဒါတွေပို့ပြီးတာနဲ့ တန်းပြီးသွားလိုက်လေ သွန်းရဲ့စာရင်းတွေငွေတွေ ကောက်နေနဲ့တော့''

''ဟုတ်''

''Phone ဆက်တာ ရုံးခန်းထဲ ကျန်ခဲ့လို့ လှမ်းလွှတ်ခေါ်ရတာပဲ''

''ဟုတ်သားပဲ၊ သွန်းသွားပြီ မမ''

''အေး''

မန်နေဂျာက ကိုယ့်ကိုသတိပြန်ပေးနေရတာမို့ မျက်နှာပူသွားရပါ၏။ စားပွဲပေါ်တင်လျက်သားလေး ရှိနေသည့် Hand Phone ကိုကောက်ယူကာ ဆိုင်ထဲမှထွက်လာခဲ့ရသည်။





ဒီနေ့လည်း အသက်ဝဝပင်မရှူရဘဲ မောဦးမယ်ထင်ပါရဲ့၊ Container ချတဲ့နေ့ဆို အစ်ကိုနဲ့ဆုံတတ်တာမို့ မျှော်လင့်ထားပေမယ့် စိတ်ထဲမှာတော့ သတိရသွားသလိုပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

Meeting က စောစောစီးစီးခေါ်တာမို့ လူက ညစ်သွားချေပါ၏။ တက်ဖို့လိုလို့လား။ အမှန်က သူ့ကို ဒီနေရာကနေ ဖယ်ချလိုက်တာပဲလေ။ ဒါကိုပဲ လူကြားကောင်းအောင်လို့ Member လူကြီးတွေ မဲပေးတယ်ဘာတယ်နဲ့ ညာနေကြသေး။

ဖေဖေကတော့ သူ့ကိုအားပေးပါ၏။ GM ရာထူးမဟုတ်ပေမယ့် Assistance manager ရာထူးနဲ့ဆက်နေပါတဲ့လေ။ ဘာထူးလဲ . . . ဟိုကောင့်နေရာနဲ့ Change ပေးလိုက်ရတာမှတ်လား။ ဘယ်လောက်ပဲ့လိုက်ပါသလဲ။

ရာထူးကျသွားရတဲ့မျက်နှာနဲ့ ကုမ္ပဏီမှာ ဘယ်လိုဆက်ဆံရမှာလဲဆိုတော့ ဖေဖေက ခုံမှထပြီး ထိုင်ခုံကို လက်နဲ့ပုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတော့တာပါလေ။ ခုမှပဲ ဘုရားလောင်းမဟောသဓာ သားအဖ လို ဖအေကို နေရာဖယ်ခိုင်းသလိုဖြစ်တော့မပေါ့။

ကံများနယ် ဆိုးပါ့။ အဆင်မပြေဘူးဆိုရင် တစ်ချိုး တစ်ခု ဆက်တိုက်ကို ဖြစ်နေတော့ အခက်သား။ လူလည်း ဘော လုံးလို ဟိုဒီလိုမ့်ပြီး လုံးလည်ချာလည်လိုက်နေပြီလေ။ ဖေဖော သူ့ အစည်းအဝေးမတက်မှာစိုးတာကြောင့် သူ့အခန်းဝအထိ လာ ရပ်ကာ ခေါ်လေ၏။

''မိုးသုတ''

“လာပါပြီ ဖေဖေရာ''

“ကိုယ်က လူငယ်ဆိုတော့ လူကြီးဘွဲ့ထက် အရင်ကြို ရောက်သင့်တာပေါ့''

လုပ်လက်စအလုပ်ကိုရပ်ကာ ခုံမှထရပ်လိုက်ရပါသည်။ ဖေဖေနှင့်အတူထွက်လာစဉ် Hall ခန်းထဲမှာ အလုပ်ရှုပ်နေရာက ကပျာကယာထလာသည့် နှိုင်းမြင့်မိုရ်နှင့် Lift အဝင်မှာ ဆုံလေ ၏။

''ဩော်. . . အန်ကယ်''

“မြည်းမြည်းပေါ့ နှိုင်းရဲ့၊ Meeting က စောတော့စော ပါသေးတယ်''





လူငယ်လေးက အပြုံးဖြင့် ဦးညွှတ် နှုတ်ဆက်ပြကာ သွားရမည့်အထပ်နံပါတ်ကို နှိပ်လိုက်ပါ၏။ ဝတ်ထားသည့် Shirt အဖြူက ဒီနေ့မှ ပိုပြီးဖြူဆွတ်နေသလိုပင်။ အောက်က ပုဆိုးနီ ဒီကလည်း ခပ်ရဲရဲ၊ စီးထားသည့်ကတ္တီပါဖိနပ်ကလည်း ခပ်မည်း ညည်းမို့ ဒီကောင့်အသားဖြူပုံက ပိုထင်းပြီး သိသာနေစေသလို ဖြစ်နေလေ၏။

တောက်! မနာလို မရှုစိမ့်လိုက်တာနော်. . .

''သားဖေဖေရော''

''လာနေပါပြီ အန်ကယ်၊ အနုလေးတင်ပဲ Phone ဝင် လာတာပါ''

''စိတ်လှုပ်ရှားနေပြီလား''

“အဲဒီလိုလည်းမဟုတ်ပါဘူး၊ ဘာရာထူးပဲရရ ဒီကုမ္ပဏီ ရဲ့အလုပ်တွေပဲဟာ။ ရာထူးပိုကြီးလေ ယူရတဲ့တာဝန်က ပိုကြီး လေလို့ပဲ ကျွန်တော်မြင်ပါတယ်''

''ကြိုးစား သား. . . ကြိုးစား''

ဖေဖေက နှိုင်းမြင့်မိုရ်ပခုံးကို နှစ်ချက်မျှအသာပုတ်လိုက် ပါသည်။ ဟိုကောင်ကတော့ မျက်လွှာအသာချကာ ပြုံးနေပါသည်။ စိတ်ထဲမှာတော့ ငါ့ကိုကန်ထုတ်နိုင်ပြီဆိုပြီး ကြုံးဝါးနေတာမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



လား နှိုင်းမြင့်မိုရ်။

"ခြော်. . . ဒါနဲ့ ဒီနေ့နေ့လယ် သဘော်ဆိုက်မယ်ပြော

သလားလို့"

"ဟုတ်ပါတယ် အန်ကယ်၊ ကွန်တိန်နာချလို့ ပစ္စည်း

သွားသယ်ရမှာပါ"

"သား ရာထူးကြီးသွားရင်၊ သားကိုယ်စား သုတက

သွားပေးရမှာပေါ့"

"ရပါတယ် အန်ကယ်၊ လောလောဆယ် လုပ်လက်စ

အလုပ်တွေကို ကျွန်တော်ပဲ ပြီးပြတ်အောင်လုပ်လိုက်ပါ့မယ်။ သု

သွားနေကျ လုပ်နေကျ မဟုတ်ရင် ကမောက်ကမဖြစ်ကုန်မှာစိုး

လို့ပါခင်ဗျာ"

"ဘယ်ဖြစ်မလဲ. . . သူမတတ်ရင် တတ်အောင်လို့ သား

က တွဲခေါ်သင်ပေးမှရမှာပေါ့။ သူ့ကိုပါခေါ်သွားချေ။ ကြားလား

သုတ၊ နေ့လယ်ကျရင် နှိုင်းနဲ့ ဆိပ်ကမ်းကိုလိုက်သွား"

"ဟုတ်"

တောက်! ဖွဲ့ပြန်ပြီ။ အဲဒီဖေဖေကလည်းနော်၊ ဒီကောင့်

ရှေ့မှာမှ သူ့ရဲ့ရှိစုမဲ့စုသိက္ခာကို ချရတယ်လို့။ ပုံစံကတော့ ခပ်

အေးအေးပေါ့လေ။ လူကြီးတွေရှေ့ မခုတ်တတ်တဲ့ကြောင်လို့





လက်သည်းဝှက်ထားပြီး ကွယ်ရာမှာ ငါ့ကိုနိုပ်ကွပ်ပြတော့မှာပဲ

မဟုတ်လား။ နေနှင့်ဦးပေါ့ နှိုင်းမြင့်မိုရ်ရာ။

Meeting room ထဲရောက်တော့ သူက ဖေဖေ့အနီး

နှိုခုံမှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်ပေမယ့် နှိုင်းမြင့်မိုရ်ကဖြင့်

ညှော်သည်စာရင်းစစ်ကာ စာရေးမလေးနှစ်ဦးနှင့်အတူ စားပွဲထက်

နေရာတွေမှာ ရေသန့်ဘူးနှင့်ဖန်ခွက် လိုက်ထားတာ၊ ဒီနေ့ပြော

ညှော်ကဏ္ဍအတွက် စာရွက်တွေ လိုက်ချတာတို့ကို စိတ်ရှည်လက်

ရှည် လုပ်ပေးနေလေသည်။

ဖားထား. . . ဖားထား နှိုင်းမြင့်မိုရ်ရေ။ ဒါမှ မင်းနေရာ

ကောင်းရမှာ။ နေပါဦး. . . သူက အမြဲတမ်း ဖေဖေ့နောက်မှ

ရောက်လာတတ်သူမို့ အခုလို နှိုင်းမြင့်မိုရ် ကြိုရောက်ပြီး စီစဉ်

တတ်တာကို တစ်ကြိမ်မှမတွေ့ခဲ့ဖူးတာများလား။ ဒီကောင့်ပုံစံက

စိတ်လှုပ်ရှားတာမျိုးမရှိဘဲ လုပ်ရိုးလုပ်စဉ်အလုပ်ကို လုပ်နေသလို

အေးအေးဆေးဆေးပါလေ။

"ရောက်လာပြီလား"

ညှော်သည်တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာတော့ ဖေ

ဖေက လက်ဆွဲနှုတ်ဆက်ကာ ကြိုဆိုလေ၏။ အသီးသီးနေရာ

ယူလိုက်ကြပေမယ့် သူ့ဘေးကခုံမှာ လွတ်နေပြီး နှိုင်းမြင့်မိုရ်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြန်တာလေ။ ဒီကောင် ဘယ်ရောက်သွားပြန်ပါလိမ့်။

"စကြတော့မလား"

"ခဏလေး. . . နှိုင်းလာမှ စမယ်၊ ကိုမြင့်မိုရ်"

"ကိုမိုးယံ နားတော့မယ်ဆိုတာ ဟုတ်လား"

"အင်း. . . လောလောဆယ်တော့ မဟုတ်သေးပါဘူး သားကို အတော်သင်ပေးရဦးမှာ။ သိပ်တော့မကြာတော့ဘူးဆိုပါတော့"

"ဒါရိုက်တာပြောင်းသွားလည်း ကိစ္စမရှိပါဘူး၊ တစ်ချိန်ချိန်တော့ လူငယ်တွေလက်ထဲ လွှဲပေးကြရမှာပဲဟာ"

"ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့"

လူကြီးတွေ တီးတိုးပြောနေကြစဉ် ဘေးတံခါး ချပ်ခနဲ ပွင့်လာပြီး နှိုင်းမြင့်မိုရ် ဝင်လာပါ၏။ စာရေးမလေးကို ခပ်တိုးတိုးမှာနေတာမို့ သူလှည့်ကြည့်လိုက်မိပါသည်။

"မှာတာမမေ့နဲ့နော်၊ သေချာလုပ်ဦး"

"ဟုတ်ကဲ့ပါ ကိုနှိုင်း"

"Sorry... တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို ပြန်စောင့်သလိုဖြစ်သွားသလား"

"ရပါတယ် နှိုင်းရဲ့၊ ကဲကဲ. . . စရအောင်၊ ဒီလ စာရင်း





ပိတ်တာက စတာပေါ့"

ဖေဖေပြောလိုက်သည်နှင့် မန်နေဂျာကစပြီး တာဝန်ရှိသူအသီးသီးက လုပ်ငန်းစဉ်တို့ကို သေချာရှင်းလင်းပြကြလေ၏။ သူတစ်ဦးတည်းသာ နှုတ်ဆိတ်နေပြီး အရုပ်တစ်ရုပ်လို ထိုင်နေဖြစ်တာပင်။ နှိုင်းမြင့်မိုရ်က အစီအစဉ်တကျ ဆွဲထားသည့် Plan ဖြင့် လုပ်ငန်းအခြေအနေကို ရှင်းပြတာများ အကျွမ်းတကျင်ပါလေ။

ဘုရားရေ! နောက်ဆိုရင် ဒီနေရာကနေ ဖေဖေ့ MD နေရာကိုတောင် ဒီကောင် ယူတော့မှာပါလား။ တအောင့်အကြာမှာ စာရေးမလေးနှစ်ဦးက လင်ဗန်းတွေဖြင့်ဝင်လာပြီး သူတို့ရှေ့မှာ ကော်ဖီခွက်တို့ စီချပေးသွားပါသည်။ အလုပ်လည်း မပြတ်၊ လူကြီးတွေကို ညှော်ခံသည့်အလုပ်ကိုပါ သေချာအကွက်ချလုပ်သွားပုံပါလား။

"မဆိုးပါဘူး၊ ဒီပုံအတိုင်းဆက်သွားရင် ကျွန်တော်တို့ကုမ္ပဏီ ဆုတ်ယုတ်စရာမှမရှိတာ"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကျန်ခဲ့တဲ့လက ပေးခဲ့တဲ့ GM ရွေးချယ်တဲ့ကိစ္စ ရေတွက်ပြီးပြီလား မောင်မျိုးဇော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ပြီးပါပြီ အန်ကယ်"

"ဒါဖြင့် ဘယ်သူရသလဲ ကြည့်ကြရအောင်"

လက်ရှိနှိုင်းမြင့်မိုရ်နှင့်အတူတွဲလုပ်နေသည့် စာရေးလေး မောင်မျိုးဇော်က Memory stick ကို Computer မှာတပ်ကာ Projecter Scream ပြောင်းထုတ်ပေးလေ၏။ သူတို့လူငယ် ငါးဦး၏နာမည်အသီးသီးက အပိုင်းထက်မှာ ပေါ်လာလေ၏။ တစ်ဦးက 5%, နောက်တစ်ဦးက 15%, တခြားတစ်ဦးက 20%, ပြီးနောက် သူ့နာမည်အောက်မှာ ပေါ်လာတာက 26%, သူ့ ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားစဉ်၊ နှိုင်းမြင့်မိုရ်နာမည်အောက်မှာ ပေါ်လာသည်က 34% တဲ့။

လက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပါ၏။ ဒီ လောက်တောင်မှ ကွာသတဲ့လား။ အောက်ကလူတွေ ကွာတာ တောင်မှ 5% သာလေ။ သူနဲ့နှိုင်းမြင့်မိုရ် ကွာခြားချက်က 6% တဲ့။ ဘာမှ သိပ်ကြီးမသိသာလွန်းပေမယ့် သူ့အတွက်ကဖြင့် အရှိုက်ကို လာစိုက်တဲ့ဓားတစ်လက်လို ခံရခက်စေတာပါလေ။

"ဒါဖြင့် လာမယ့်လကစပြီး GM အသစ်အဖြစ် မောင် နှိုင်းမြင့်မိုရ်ကို ရွေးချယ်တင်မြှောက်လိုက်ပါတယ်"

လက်ခုပ်သံတွေ ထွက်လာပါ၏။ ဒင်းကိုချီးမြှောက်တဲ့





အသံတို့က သူ့ကိုလှောင်ပြောင်နေသလိုပါလေ။

နှိုင်းမြင့်မိုရ်. . . မိုးကောင်းတုန်း ရွာနေပေဦးတော့ပေါ့ လေ။ အလှည့်ဆိုတာ ရှိစမြဲမို့ အခုငါခံရသလို၊ ငါ့ရင်ထဲ တစစ် စစ်နာကျင်ရသလို ဝေဒနာမျိုးနဲ့ထပ်တူ မင်းလည်းခံစားစေရမယ် မှတ်. . . တောက်!

"ရာထူးသာ ပြောင်းသွားတာပါ၊ လုပ်လက်စအလုပ်တွေ ကတော့ နဂိုအတိုင်းပဲဖြစ်မှာပါ။ ဘာပြောစရာများ ရှိပါသေးလဲ။ မရှိရင် အစည်းအဝေးသိမ်းလို့ရပါပြီ"

Meeting ပြီးပြီမို့ လူကြီးတွေပြန်သွားပြီးမှ သူတို့လူ ငယ်တွေ ထွက်ရမှာပါ။ အပြင်မထွက်ခင်မှာ နှိုင်းမြင့်မိုရ်ဆီသွား ပြီး ဂုဏ်ပြုလက်ဆွဲနှုတ်ဆက်ကြတာက လူတိုင်းလိုလိုပါပဲ။ အန် ကယ်ဦးမြင့်မိုရ်မျက်နှာက ခပ်ပြုံးပြုံး။ ဖေဖေကလည်း ပြုံးနေ တာပါပဲ။

သူတစ်ယောက်တည်းသာ ထုံးစံအတိုင်း မှုန်ကုပ်ကုပ် ဖြစ်နေတာလေ။

"ဒါက ဘယ်လဲ"

"ထမင်းသွားစားမလို့ပေါ့ ဖေဖေရဲ့ ဗိုက်ဆာနေပြီ"

"မင်းဗိုက်ဆာတာက အရေးကြီးလား၊ အလုပ်က ပို



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလား။ ဟိုမှာ နှိုင်းမြင့်မိုရ် ဆိပ်ကမ်းသွားတော့မှာ။ လိုက်သွား. . ."

"ကျစ်!"

"မဟုတ်တာ လိုက်ဂျစ်မနေနဲ့ မိုးသုတ။ နှိုင်းမြင့်မိုရ် လုပ်သွားသမျှ မြင်တယ်မဟုတ်လား။ ကိုယ်က မတတ်ရင် တတ်တဲ့လူကို ဆရာတင်ပြီး သင်ယူတတ်ရတယ်"

ရုံးခန်းထဲ အခုပဲပြန်ရောက်တယ်၊ ဖေဖေက Lesson စပေးချေပြီ။ ထိုင်ခုံမှာ ထိုင်ရာက မထ၊ ဟိုဒီအမိန့်ပေး၊ လက်မှတ်လာထိုးခိုင်းသည့်ဝန်ထမ်းတွေကို ဘာမှမပြောဘဲ Phone ဆက်တာကိုသာ အာရုံစိုက်ကာ ဒီတိုင်းရပ်ခိုင်းထားတာမျိုးတွေ၊ GM ပဲဆိုပြီး Power အာဏာပြလုပ်ခဲ့သမျှ ဝဋ်တွေကို နှိုင်းမြင့်မိုရ်ထံမှာ ကောင်းကောင်းကြီးခံရတော့မှာလေ။

"နှိုင်းရေ"

"ဗျာ. . . အန်ကယ်"

"သုတကိုခေါ်သွားဦး"

"ဩော်. . . ဟုတ်ကဲ့ပါ အန်ကယ်"

သူလစ်သွားမှာစိုးပြီး Hall ထဲထွက်ကာ ဟိုကောင့်ကိုတောင် မှာလိုက်သေးတာပါလေ။ သေစမ်း! မိုးသုတ၊ တူဘ၀





မှာ နှံသမျှ ပေဖြစ်မှ ခံပေဦးတော့။ နှိုင်းမြင့်မိုရ်က လက်အောက်ဝန်ထမ်းတွေကို ဟိုဒီမှာစရာရှိတာတွေကို မှာနေလေ၏။

ပြောတာပြီး၍ သွားဟန်ပြင်တော့ သူလိုက်လျှောက်ခဲ့ရသည့် တုံ့ခနဲရပ်ကာ လှည့်ပြန်လေသည်။ ဘယ်လိုလဲ၊ မှာတာတွေ မပြီးပြတ်နိုင်သေးဘူးလား။ ပြီးပဲမပြီးနိုင်ဘူး။ သူ့ ဂျစ်ကန်ကန်ကြည့်နေမိစဉ် အံဆွဲထဲ ဘာတွေပြန်ရှာမှန်းမသိ အလုပ်ရှုပ်ပြပြန်လေ၏။

လုပ်ထား နှိုင်းမြင့်မိုရ်ရေ့. . . လုပ်သာလုပ်ထား။ မင်းညာပြသမျှ သည်းခံနိုင်အောင် ငါအတတ်နိုင်ဆုံးကြိုးစားပါ့မယ်။ ဒါပေမဲ့ ဖေဖေ့နေရာကိုတော့ မင်းရမယ်ဆိုပြီး မမှန်းလေနဲ့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ငါ့ကားနဲ့ပဲ သွားမယ်"

"ဝင်းထဲမှာ ကားနှစ်စီးရပ်စရာနေရာ မဆံ့ဘူး GM ၊ ကျွန်တော့်ကားနဲ့ပဲလိုက်ခဲ့ပါ။ ကျွန်တော်မောင်းပါ့မယ်"

GM တဲ့၊ တရိုတသေခေါ်တုန်းပါပဲလား။ နှုတ်ပဲ ကျိုးနေလို့များလား။ ရွဲ့ခေါ်ပုံတော့ မရပါချေ။ ဒေါ်သစ္စာကြောင့် ဆာနေသည့်စိတ်ပင် ဘယ်ပျောက်သွားသည်မသိ။ သူ့ကားကို ကုမ္ပဏီမှာ ဒီတိုင်းထားခဲ့ပြီး နိုင်းမြင့်မိုရ်ကားပေါ် တက်လိုက်ခဲ့ရပါ၏။

"နေတော့ ပူမှာနော်"

"ရတယ်"

နေပူထဲလျှောက်ရမှာကို သတိပေးလေ၏။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ. . . လူကို ခပ်နုနုဆိုပြီး အထင်သေးတဲ့သဘော များလား။ ကားကို ဂရုစိုက်မောင်းနေသည့်လူကို ငဲ့ကြည့်လိုက်မိပါ၏။ မိန်းကလေးတွေ သဘောကျမယ်ဆိုလည်း ကျလောက်ပါရဲ့။ ဒီကောင့်ပုံစံက ဖြူနုနေပြီး သဘောကောင်းသည့်ဟန်က အထင်းသားမြင်နေရတာကိုး။ ဒါကိုပဲ သူ့ရဲ့သွန်းက တစ်ချီတည်းနဲ့ အသည်းတွေကြွေကျသွားခဲ့ရတာပဲ ထင်ပါရဲ့။

"တောက်!"

"ဘာဖြစ်လို့ပါလဲ GM"

"ဘာမှမဖြစ်ပါဘူး။ နေပါဦး. . . မင်း ငါ့ကို ဘယ်အချိန်ထိ GM လို့ခေါ်နေမှာလဲ"

"ဪ. . . ခေါ်နေကျမို့ အကျင့်ပါနေလို့ပါ ကိုမိုးသုတ"

"မခေါ်ပါနဲ့၊ မင်းကို ငါကမှ GM လို့ပြောင်းခေါ်ရမှာ"

"ရပါတယ် ကိုမိုးသုတရဲ့၊ ကျွန်တော်က အသက်လည်း ပိုငယ်တဲ့သူပဲဟာ"

သူနှုတ်ဆိတ်နေမိ၏။ အငယ်မို့တဲ့။ အလျှော့ပေးလေသလား။ သူ့ကို ငယ်စဉ်ကတည်းက အလျှော့ပေးခဲ့သည့်သွန်းကို သတိရလိုက်ပါ၏။ ကိုယ့်ဝေစုကိုစားပြီးပါလျက် စိတ်က မတင်းတိမ်သေးတာမို့ သွန်းဆီက Cake တို့၊ ချောကလက်တို့ကိုသွား





တောင်းတိုင်း လိုလိုချင်ချင် လက်ထဲထည့်ပေးခဲ့သည့်ကောင်မလေး။ အဲဒီကောင်မလေးက ရင်ထဲကအချစ်တွေကို ဒီလူတောင်းတာနဲ့ သဘောမနောကောင်းပြီး 'ရော့! အင့်'ဆိုပြီး ပေးလိုက်လေသလား။ ရင်မောရပါဘိ။

မေးလိုက်ရမလား။ 'မင်းနဲ့သဘောတူထားတာ ရှိတယ်ဆို' ပြီးတော့လေ။ မဟုတ်သေးပါဘူး. . . သူနဲ့နှိုင်းမြင့်မိုရ်က ဒီလောက်ထိ အတွင်းရေးဆွေးနွေးဖို့မှ မရှိတာဘဲ။ စကားမရှိစကားရှာပြောတယ်ထင်သွားမှ ဒုက္ခ။ 'မင်းတွဲနေတာ ငါ့ကောင်မလေးကွ'ဆိုပြီးတော့လည်း ရန်မရှာရဲပြန်။

အခုမှ ကိုယ့်လက်ထဲက အရုပ်လေးကို သူများလုသွားတာမြင်နေပါလျက် ပြန်မလုရဲတဲ့ကလေးလိုမျိုး ဖြစ်နေတာလေ။ ပြန်တောင်းပါပြီတဲ့၊ ကာယကံရှင်ဖြစ်တဲ့သွန်းကိုယ်တိုင်က လိုလိုချင်ချင်နဲ့ ပြန်လိုက်မှပဲ ကောင်းမှာလေ။ ဒီလိုမှမဟုတ်ဘဲ သူ့ကို ပြုံးတစ်ချက်နဲ့ ကျောပေးရပ်လိုက်ရင်ဖြင့် အရှက်လုံးလုံးကွဲရသည့်အဖြစ်ပါပဲ။

"ကိုမိုးသုတ"

"ဟင်"

"ရောက်ပြီ၊ ကားကို ဒီမှာပဲထားခဲ့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့်လမ်းလျှောက်ရမှာပေါ့။ ကားပေါ်မှဆင်းလိုက်သည်နှင့် နေခြင်းနေခပ်ပြင်းပြင်းက ခေါင်းထက် ထိုးကျလာလေ၏။ ပူပြင်းလိုက်တာနော်။ နေပူတာကိုပင် အမှုမထားဘဲ သူ့ရှေ့မှခပ်သွက်သွက်လျှောက်သွားသည့် နှိုင်းမြင့်မိုရ်နောက်ကျောကို သူဘုကြည့်ကြည့်လိုက်မိသည်။ ဒီကောင် ဒီလိုပဲလုပ်နေကျမို့ နေလောင်မှာကို မစိုးရိမ်လေသလား။

အရိပ်ထဲမှာနေ၊ Air-con room ထဲကခုံမှာ သက်သတ်သာသာထိုင်ပြီး ဘောပင်လေးနဲ့ လက်မှတ်ထိုးပေးရတာကိုတောင် စိတ်ရှုပ်ပင်ပန်းလိုက်တာဆိုပြီး ညည်းခဲ့မိတဲ့သူ။ လက်အောက်က ဝန်ထမ်းတွေ တပင်တပန်းနဲ့ စီစဉ်တင်ပြသမျှ ဟိုဟာဒီဟာဆိုပြီး ခပ်ပေါ့ပေါ့ဖယ်ချခဲ့တဲ့သူ။ အထက်စီးကနေ အာဏာတစ်ခွဲသားနဲ့ တခြားလူတွေအပေါ် ဖိနှိပ်ငေါက်ငမ်းမိသမျှ သူဘာတွေပြန်ရမှာပါလိမ့်။

'အောက်သက်ကျေအောင်'ဆိုပြီး ဖေဖေ သင်ယူခိုင်းခဲ့ပေမယ့် တခြားလူကိုဆရာတင်ပြီး သင်ယူရမှာလောက် အောက်ကျတာမရှိ၊ သိက္ခာကျသည်ဆိုပြီး ဘာကိုမှဖြစ်ဖြစ်မြောက်မြောက်သင်ခဲ့တာမျိုးလည်း ဟုတ်တိပတ်တိမရှိခဲ့ပါလေ။ အခုလို သူရာထူးကျသွားသည့်အတွက် သူ့အပေါ်က ရာထူးကြီးတဲ့လူတွေ

ကရော သူ့ကို ဘယ်လိုများ သဘောထားဆက်ဆံကြမှာပါလဲ။

"ကိုနှိုင်း ရောက်လာပြီလား"

"သဘော်ဘယ်အချိန်ဆိုက်တာလဲ"

"မနက်စောစောပဲ"

"ဒါဖြင့် ကုန်တိန်နာတွေ ချပြီးနေပြီပေါ့"

'ဟုတ်တယ်"

"ကြာတော့မှာပဲ"

"နည်းနည်းပေါ့ဗျာ"

တာဝန်ရှိသူနှင့်စကားပြောတော့လည်း နှိုင်းမြင့်မိုရ်ပါပဲ။ စာရွက်စာတမ်းတွေရော File တွေပါ ဟိုဒီလှန်လျော၊ အလုပ်ရှုပ်နေပြန်တာမို့ သူ အတော်လေးကို စိတ်ပျက်နေမိလေသည်။ တစ်ချိန်ကဖြင့် 'နှိုင်းမြင့်မိုရ် ဆိပ်ကမ်းသွား'ဆိုပြီး တစ်ချက်လွှတ်အမိန့်နဲ့ စေခိုင်းခဲ့တာမဟုတ်လား။

အခုမှ နေပူမိုးရွာထဲမှာ မညည်းမညူ ခိုင်းသမျှ ပေါ့ပေါ့ပါးပါးသွားခဲ့တဲ့ နှိုင်းမြင့်မိုရ် အဘယ်မျှပင်ပန်းသလဲဆိုတာကို သူနားလည်စပြုလာမိတာပင်။ တကယ်တမ်း အောက်သက်ကျေတဲ့လူက နှိုင်းမြင့်မိုရ်ကမှ အစစ်အမှန်ဖြစ်နေပါရောလား။

"ကိုမိုးသုတ"







www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အရိပ်မှာစောင့်လိုက်ပါလား။ ကွန်တိန်နာက ပတ်ရှာ ရဦးမှာ"

"ရတယ်"

ဘယ်အရိပ်မှာ သွားခိုရမှာလဲ။ အားလုံး ဒီလိုပဲသွားလာ နေတာလေ။ လက်ရှည်ကိုခေါက်ဝတ်ထားသည့်နှင်းမြင့်မိုရ်က သိပ် မသိသာပေမယ့် Sport shirt လက်တိုဝတ်လာသည့် သူ့အသား တို့က နေရောင်ကြောင့် ချက်ချင်းရဲတက်ကုန်တာလေ။ သွားပါ ပြီ သူတော့ ဒီအတိုင်းသာ ဆက်သွားရရင် အသားမည်းဖြစ်တော့ မှာပါပဲလား။ သေလိုက်ပါတော့ မိုးသုတရယ်. . .

"ဟော!"

ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ ရင်ထဲထိတ်ပေမယ့် ကိုဒေါင်တစ်ခုထဲမှ မိန်းကလေးတစ်ဦး ထွက်လာတာလေ။ ဘေး ဘီကို ဂရုမထားဘဲ အလုပ်ကိုသာ အာရုံစိုက်နေ၏။ ဆံပင်တွေ ထပ်တိုသွားသလိုပါလား။ လည်တိုင်သွယ်သွယ်က ခပ်ပါးပါးခန္ဓာ ကိုယ်ကို ခါးတိုင်းထက် ပိုပိန်သွားသလို ထင်ဟပ်နေစေလေ၏။

စိတ်မချမ်းသာဘူးလား သွန်းရွှေစင် . . .

"မှားနေပြီ၊ ဒီမှာမမြင်ဘူးလား"





"အ! . . ."

"သွားပြောလေ၊ မဖြစ်ပါဘူး . . . ငါပါလိုက်မှာပါပဲ"

ဘေးမှပါလာသည့် ဝန်ထမ်းကောင်လေး၏ခေါင်းကို ဘောပင်ဖြင့် ဆတ်ခနဲခေါက်လိုက်ပုံက တရင်းတနှီးရှိလှပါ၏။ ဟိုကောင်လေးက သွန်းလက်ထဲမှစာရွက်ကိုကိုင်ကာ ပြန်ဝင်သွား ပြီ နောက်မှပါသွားပြန်လေသည်။

ပစ္စည်းလာယူကြတာပေါ့။ ဒါဖြင့် သွန်းနဲ့နှင်းမြင့်မိုရ်က မကြာခဏဆုံကြမှာပေါ့။ သူနဲ့သာမတွေ့ဖြစ်ကြပေမယ့် သူမ တို့နှစ်ဦးက လစဉ်တိုက်ဆိုင်ပြီး မကြာမကြာတွေ့ဖြစ်နေတာကို သူသာကြောင့် မတွေးမိတာပါလိမ့်။

အဲဒီကာလတွေကို ပေါင်းစုပြီး ခင်မင်လက်စကနေ သံ သယောဇဉ်တွေ တွယ်သွားနိုင်တာလေ။ ငါတော်တော်တုံးတဲ့ကောင် ပါလား။ ဟိုကောင့်ကို 'သွား' ဆိုပြီး ခိုင်းရင် သူ့ကောင်မလေး ဒီလိုဒီလိုဆုံနိုင်တာကိုမသိဘဲ လွှတ်ချင်သလိုလွှတ်နိုင်းခဲ့မိတာ ပဲ။

"ပါကင်တစ်ပုံးပျောက်တာနဲ့ သိန်းချီလျော်ရမှာ ဖိုးကျော် ရဲ့ နမော်နမဲ့နဲ့. . . တကယ်ပါပဲ"

"ကျွန်တော်က ပြည့်ပြီထင်လိုက်လို့ပါ မသွန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါကြောင့် မဟေမာက နင့်ကိုချည်းစိတ်မချတာနဲ့ ငါ့ကိုပဲလွှတ်ခိုင်းတော့တာ မောတယ်ဟဲ့. . . သိရဲ့လား ငါ့ဆယ်ကိုယ်လောက် ခွဲလို့ရရင် ခွဲထားလိုက်ချင်ပါရဲ့။ သွားကြမယ်"

"ဟုတ်ကဲ့"

ဘောက်ဆတ်ဘောက်ဆတ်ဖြင့်လျှောက်လာရင်း နှိုင်းမြင့်မိုရ်ကို လှမ်းမြင်သွားလေ၏။ သူကြည့်နေစဉ်မှာပင် သူမ ခြေလှမ်းတို့က တုံ့ခနဲရပ်သွားပြီး နှိုင်းမြင့်မိုရ်လျှောက်လာတာကိုစောင့်လိုက်လေသည်။

ကြည့်စမ်း! ဒီလောက်အလုပ်ရှုပ်နေတာတောင်မှ စကားပြောချိန်ရကြသေးတယ်လို့။

"အစ်ကိုလို့ ထင်လိုက်သားပဲ"

"သွန်းက ပစ္စည်းထုတ်တာ ပြီးပြီလား"

"ပြီးပြီ. . . အစ်ကိုရော"

"အခုလေးတင်ပဲ ကိုယ်တို့ကွန်တိန်နာတွေကို တွေ့တာ သွန်းရဲ့။ ရှာလိုက်ရတာ မူးနေတာပဲ"

"ဒါဖြင့်အခုမပြန်ရသေးဘူးပေါ့"

"အင်းပေါ့"





နှစ်ဦးသား နူတ်ဆက်နေတာ ပတ်ဝန်းကျင်ကိုမေ့နေသလိုပါပဲလား။ ရင်ထဲမှ မုန်တိုင်းစိတ်တို့က အုံကြွလာသလို မနာလိုခံရခက်မှုက သူ့ရင်ကို မီးလိုပူလောင်စေသလိုနှယ်။ ရယ်ရယ်မောမောပြောနေရာမှ လေအဝေ့ကြောင့် သွန်းဆံပင်လေးတွေ လွင့်ပြီး နဖူးထက်ဖုံးသလိုဖြစ်သွားစဉ် နှိုင်းမြင့်မိုရ်က အသာဖယ်ပေးလိုက်လေ၏။

ကြည့်စမ်း! ဒါ တမင်သက်သက်လုပ်ပြတာပဲဖြစ်မှာ။ သူကြည့်နေမှန်းသိလို့ တမင်ကလိုပြတာမဟုတ်လား။ အချစ်ဦးရှေ့မှာ နောက်ရည်းစားကိုအရွဲ့တိုက်တွဲပြပြီး ရင်ကွဲအောင်လုပ်ပြရတယ်လို့။

ခပ်တိုးတိုးရယ်သံက သူ့နှလုံးသားကို ဆွဲညှစ်ချေလိုက်သည့်နှယ် အခံရခက်စေပါသည်။ ပျော်တယ်ပေါ့လေ။ အသည်းကွဲတဲ့မိန်းကလေးဆိုတာ မျက်ရည်စက်လက်နဲ့ အိပ်ရာထဲ လူးလိမ့်ငိုကျွေးနေသင့်တာမဟုတ်လား။ အခုတော့ဖြင့် လုပ်နေတဲ့ အလုပ်လည်းမပျက်၊ တွဲတဲ့လက်ကလည်း မပျက်သလိုနှယ်။

အသည်းက မာပါ့ သွန်းရွှေစင်. . .

"ဒါဆို သွန်းသွားတော့မယ်နော်"

"ကောင်းပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်း အစ်ကိုတစ်ယောက်တည်းပဲ လာတာလား"

"အင်း. . . မဟုတ်ပါဘူး၊ အဖော်ပါလာတယ်"

"အဖော်. . . ကောင်မလေးလား"

"မဟုတ်ပါဘူး သွန်းရာ"

တဟားဟားရယ်ပြန့်ချေပြီ၊ အတော်လေကြောရှည်ကြတာပါလား။ ပြောစရာတွေက ကုန်ပဲမကုန်နိုင်ဘူး။ မြင်ပြင်းကပ်လိုက်တာနော်။ စိတ်ရှိလက်ရှိသာ ပိတ်အော်ပစ်လိုက်ချင်တော့တာပါပဲ၊ လူတွေအလုပ်ရှုပ်နေကြတဲ့ လူမြင်ကွင်းကြီးမှာမို့ သူ့စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်ရတာပါလေ့။

"ဘယ်မှာလဲ"

"ဟိုမှာ"

သူရှိနေရာဆီ နှိုင်းမြင့်မိုရ်က မေးဆတ်ပြလိုက်လေ၏။ လည်တိုင်နွဲ့နွဲ့က ငဲ့ကြည့်လိုက်စဉ် ပြုံးနေသည့်အပြုံးက ချက်ချင်းပျောက်သွားသလို တည်တင်းနေသည့်ဟန်က ပေါ်လာလေသည်၊ အချစ်ဟောင်းနဲ့ အချစ်သစ်ရဲ့ခံစားချက်တွေက ဤမျှအထိကွာခြားနေပါရောလား။

စူးခနဲကြည့်နေသည့်မျက်ဝန်းအစုံက အစိမ်းသက်သတ်





သာလေ။ ဟိုတုန်းကလို ချစ်ရည်တို့ ရွှန်းလဲ့နေတဲ့ တောက်ပသည့်မျက်ဝန်းအစုံတို့ ဘယ်ပျောက်ကုန်ပါသလဲ။ အပြုံးတို့ဖြင့် နိုသိခဲ့သည့် နှင်းဆီငုံနှုတ်ခမ်းအစုံက ခပ်တင်းတင်းစေ့ထားသလို အံကျိတ်ပြီး မာကျောသွားတဲ့ အေးစက်စက်မျက်နှာလေးပဲ မြင်ရတော့ပါလား သွန်းရွှေစင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

သူပြောနေတာကို မယုံသလိုနှယ် မော့ကြည့်နေသည့် မျက်ဝန်းတို့က အပြစ်ကင်းလှပေ၏။ ဒီလိုမိန်းကလေးမျိုးကို လှည့်စားတာထက် ပွင့်ပွင့်လင်းလင်းပြောတာက ပိုသင့်တော်မည်မှန်း စဉ်းစားပြီး ယခုလို သူပြောလိုက်ရတာပင်။

"နန်း မယုံဘူး"

"ကိုယ်လည်း သိပါတယ်၊ နှုတ်နဲ့ပြောရုံနဲ့ ဘယ်သူမှ ယုံဘူးဆိုတာကို"

"အန်တီကရော"

"မေမေကတော့ ကိုယ်တို့လူငယ်ချင်းကိစ္စမို့ ကိုယ့်ဘာသာ ရှင်းကြတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်ခါနီးမှ. . . ဖြစ်ရလေ"

ခင်နန်းသိုက်က တီးတိုးညည်းလေ၏။ အိမ်မှာ မုန့်လုပ်စားလို့ဆိုပြီး သားအမိနှစ်ယောက် သူတို့အိမ်ကို မုန့်လာပို့ရင်း ပြောဖြစ်တာလေ။ စေ့စပ်ခါနီးမှတဲ့လား။ သူက အဲဒီလိုတွေ ပျက်တတ်ကြလို့ စေ့စပ်ပွဲကိုတောင်မလုပ်ဘဲ တစ်ခါတည်းလက်ထပ်ဖို့ ပြင်ဆင်ခဲ့တာပါလေ။ အခုတော့ လူနှစ်ယောက်ရဲ့အချစ်သစ်အတွက် သက်ဆိုင်သူ နောက်ထပ်နှစ်ယောက်က ပေးဆပ် နစ်နာခဲ့ရတာကို ဘယ်သူတွေများ သိကြပါသလဲ။

လူဆိုတာ အတ္တနဲ့ဖွဲ့စည်းထားတဲ့အရာဆို။ ဒါပေမဲ့ အဲဒီအတ္တမှာ အဖြူရောင်လေးတော့ အနည်းနဲ့အများ ပါသင့်တာပေါ့။ အခုတော့ တစ်ပါးသူကိုတော့ ထောက်ထားစာနာမှုမရှိဘဲ လုပ်ချင်ရာလုပ်တဲ့လူနှစ်ယောက်ကြောင့် သူနဲ့ခင်နန်းသိုက်ပါ ကြေကွဲခံစားရတာ ရင်နှင့်အမျှပါလေ။

"နန်း. . . နန်း. . . မေမေတို့ကိုတောင် ပြန်မပြောပြရဲဘူး အစ်ကိုရယ်"

အသံတို့က ငိုသံစွက်နေသလိုနှယ် တုန်နေပါလေ၏။ 'အစ်ကို'တဲ့။ ဘာကြောင့်များ ဟိုကောင့်ကိုခေါ်တဲ့လေသံအတိုင်း ထွက်လာရတာပါလိမ့်။ သူ့ကိုဖြင့် 'ဟိုကောင်''သုတ'ဆိုပြီး ခပ်





နိုင်နိုင်နဲ့ခေါ်ခဲ့တာလေ။ နှိုင်းမြင့်မိုရ်ကိုဖြင့် လေးစားအားကိုးမှုအပြည့်နဲ့ 'အစ်ကို'ဆိုပြီး ခေါ်တဲ့လေသံက ဘယ်လောက်ဒေါသဖြစ်စရာပါလဲ။

"အသိတော့ ပေးသင့်တယ် နန်းရဲ့။ တော်ကြာ လူသိရှင်ကြား စေ့စပ်ပွဲကျမှ သူထငြင်းရင် အခုထက်ပိုပြီး နန်းတို့ အရှက်ရမှာ" )

လက်ကိုင်ပဝါဖြင့် မျက်ဝန်းထောင့်တို့ကိုသုတ်၍ ငူငြိမ်နေသည်လေ၏။ လက်ကိုင်ပဝါသုံးတတ်တာလည်း သွန်းနဲ့တူနေပါတား နန်းရယ်။ မင်းနဲ့မတူတာဆိုလို့ အဝတ်အစားဝတ်ပုံရယ်၊ ဆံပင်ရှည်ရယ်၊ ဟန်ပန်အမူအရာပဲ ကွာခြားနေတာလေ။

"ဘာပဲဖြစ်ဖြစ် နန်းကို. . . နန်းကို လက်သင့်မခံနိုင်ရင် အစောကြီးကတည်းက ပွင့်ပွင့်လင်းလင်းပြောသင့်တာပါ"

"ဒီကောင်က အဲဒီလိုမပွင့်တပွင့်နဲ့ နေတတ်တဲ့လူ နန်း ရဲ့"

"ဟုတ်ပါတယ်လေ၊ နန်းနဲ့သူက အဲဒီစကားမျိုးပြောရအောင်ကလည်း ရင်းနှီးမှုရှိတာမှမဟုတ်ဘဲ"

ဘယ်လိုကြီးလဲ၊ မိတ်တွေသဘောတူတယ်ဆိုတာ ထားတော့။ လူငယ်ချင်းက စကားပြောဖို့ မကြာခဏဝင်ထွက်မှုရှိ



www.burmeseclassic.com

www.burmeseclassic.com



ရမှာလေ။ အဲဒီလိုအေးစက်စက်ကြီးပဲလား။ အဲဒါကြောင့်လည်း သွက်လက်ထက်မြက်တဲ့ သူ့ရဲ့သွန်းရှိရာဘက်ကို နှိုင်းမြင့်မိုရ်တစ်ယောက် (180%) လုံးလုံးလဲကျပြီး ပါသွားတာပဲထင်ပါရဲ့။

အချစ်ဆိုတာ ရင်ခုန်ခြင်းဆိုပေမယ့် အေးစက်စက် ရေခဲတုံးကြီးမျိုးတော့ မဖြစ်သင့်ပါလေ။ ကျန်ရစ်တယ်ဆိုတာ ကိုယ်ညံ့လို့ ခံရတာဆိုပြီး အပြစ်ပုံချလို့ရပေမယ့်၊ သူက သစ္စာမဲ့ပြီး ထားပစ်ချန်ရစ်ခံရတဲ့လူမှမဟုတ်ဘဲ။

"နန်း ဘာလုပ်ရမလဲဟင်"

အကြံဉာဏ်တောင်းတာလား။ သူကိုယ်တိုင်တောင်မှ ဘာမှမလုပ်နိုင်ဘဲ ဒီတိုင်းလက်ပိုက်ကြည့်နေရတာလေ။ ဟုတ်တယ်. . . ကိုယ်နာကျင်ရသလို သူတို့ကိုလည်း တူညီတဲ့ခံစားမှုမျိုးပြန်ပေးချင်တယ်။ တစ်ခုခုပေါ့။ ရင်ထဲမှာ စူးစူးနင့်နင့်နဲ့ နာနာကျင်ကျင်ကြီးခံရမှာမျိုး။

"တုံ့ပြန်ရမှာ"

"ဘယ်လို"

"သူတို့တောင်မှ လုပ်ရက်သေးတာပဲ နန်းရဲ့။ ကိုယ်တို့လည်း သူတို့ကို တစ်ခုခုတော့ တုံ့ပြန်သင့်တာပေါ့"

"ဖြစ်ပါ့မလား"





"ဘာလို့မဖြစ်ရမှာလဲ။ လောကကြီးမှာ Action ရှိရင် Reaction ဆိုတာ ရှိစမြဲပဲဟာ"

"အစ်ကိုက ဘယ်လိုလုပ်ချင်လို့လဲ"

သူကျိတ်ပြုံးလိုက်မိပါ၏။ လိုချင်တဲ့အကွက်ထဲကို ကွက်တိဝင်လာတာပဲမဟုတ်လား။ ငါ့နေရာကို ခဏယူတာတော့ ထားပါ နှိုင်းမြင့်မိုရ်၊ ငါ့ကောင်မလေးကို မင်းယူမယ်ဆိုရင် ငါကလည်း မင်းကောင်မလေးကို ပြန်ယူပြမယ်။ အဲဒီလိုဆိုရင် မင်းဘယ်လိုဖြစ်မှာလဲ။

လောလောဆယ်မှာ မင်းတို့နှစ်ယောက်က ပျော်ရွှင်နေတာမှန်ပေမယ့် ခင်နန်းသိုက်က မျက်ရည်စက်လက်နဲ့ ရင်ကွဲနာကျနေရတာပါ။ ပြီးတော့ ငါ့ရင်ထဲမှာက နာကျင်မှုက တစ်ဖက် ဒေါသကတစ်ဖက်နဲ့ ပွင့်ထွက်ပေါက်ကွဲထွက်မတတ် ဖြစ်နေတာတွေကို မင်းတို့သိပါရဲ့လား။

အလှည့်ဆိုတာ ရှိရိုးမှန်ရင် မနွဲ့ကြစတမ်းပေါ့ကွာ။

"သူတို့လိုပဲ ပြန်တွဲပြရုံပေါ့ နန်းရဲ့"

"ရှင်. . ."

အံ့သြလေ၏။ အံ့သြလေမပေါ့။ သူက ကျန်ရစ်ခဲ့တာ ကြာနေပေမယ့် ဘာ responds မှ မလုပ်ခဲ့ဘဲ ငြိမ်သက်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ အခုမှထပြီး တုံ့ပြန်မှုလုပ်မှ ပြုံးတူးပြံတဲ့နဲ့ ဘာဆက်လုပ်ရမလဲဆိုပြီး ဦးနှောက်ခြောက်ပေဦးတော့ နှိုင်းမြင့်မိုရ်။

ငါကတော့ An Eye for Ane Eye. ပါပဲ။

"အစ်ကိုက ဘယ်သူနဲ့တွဲပြမလို့လဲ"

သူ ဟာက်ခနဲရယ်လိုက်မိ၏။ လှောင်တာမျိုးတော့ မဟုတ်ပါ။ ဒီလောက်အရောင်မရှိ အဖြူထည်သက်သက်မိန်းကလေးကို နှိုင်းမြင့်မိုရ် ဘာကြောင့်မရွေးချယ်တာပါလိမ့်။ ယောကျ်ားဆိုတာမျိုးက ကိုယ်သာ စိတ်ကြိုက်ပွေချင်သလောက်ပွေမယ်၊ ကိုယ်ယူမယ့်မိန်းကလေးကိုတော့ ခြောက်ပစ်ကင်း သဲလဲစင်ဖြစ်စေချင်တာ ဓမ္မတာပါ။

ခင်နန်းသိုက်ဆိုတဲ့ အဖြူရောင်ပန်းပွင့်လေးကို ငါ့ရွှေ့ရူးမယ်ဆိုရင် မင်းဘာလုပ်မလဲ။

"နန်းနဲ့လေ"

"ရှင်! အို . . . မဟုတ်တာ"

ရှက်ရွံ့မှုကြောင့် မျက်နှာထက် နှင်းဆီခင်း ဖြစ်သွားလေ၏။ ချစ်စကားကြိုက်စကားတောင် မပြောရသေးခင် သူမ ဤမျှရှက်အားပိုရသတဲ့လား။ ချစ်သူရည်းစားတစ်ဦးတလေမှ မထားဖူးတာ အသိသာကြီးပါလေ။ တော်ဝင်တဲ့သဇင်ပန်းနဲ့များ နှိုင်းရလေ





လေလား။ သို့တည်းမဟုတ် ဖွေးဖွေးဆွတ်မွေးပျံ့သင်းထုံတဲ့ စံပယ်ဖူးလေးနဲ့ပဲ နှိုင်းနှိုင်းပြရမယ်ထင်ပါရဲ့။

တောက်! ဒင်းနာမည်က ပါလာရပြန်ပြီ။

"အဲဒီနည်းက အထိရောက်ဆုံးပဲ နန်းရဲ့"

"ဟင့်အင်း . . . မဖြစ်နိုင်ဘူး"

"အဲဒီလိုတော့ အမြန်မဆုံးဖြတ်နဲ့လေ နန်းရဲ့။ ကိုယ်က နန်းထက်အရင်ကြိုပြီး စဉ်းစားခဲ့သေးတာ။ ဒါပေမဲ့ နန်းမဟုတ်တဲ့ တခြားမိန်းကလေးနဲ့ကိုယ်တွဲပြရင် သူတို့နှစ်ယောက်က မှုမှာမဟုတ်လို့ဘဲ"

မျက်မှောင်ကြုတ်လျက် စဉ်းစားဟန်ပြုလေ၏။ အရင်းအနှီးက ကြီးတယ် နှိုင်းမြင့်မိုရ်။ ရှုံးပြီးသား လူနှစ်ယောက်ရဲ့ နိုဝမ့်စုခွန်အားနဲ့ တုံ့ပြန်မှုကို ဟားတိုက်လှောင်ပြောင်လေမလား။ ဘာပဲဖြစ်ဖြစ် မင်းရဲ့အရှုံကိုကို ထိထိမိမိ တစ်ချက်လောက်တော့ ပြန်ထိစေချင်ပါရဲ့။

"ဖေဖေတို့သိသွားရင် ဘယ့်နှယ်လုပ်ကြမလဲ . . . နန်းကြောက်တယ် အစ်ကိုရဲ့"

"လူကြီးတွေသိဖို့မလိုပါဘူး နန်းရဲ့။ ကိုယ်တို့လူငယ်ချင်းပဲ ရှင်းရမယ့်ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြောတော့ဖြင့် လွယ်လိုက်တာ"

"ရော်. . . ဘယ်အရာမဆို အလွယ်တကူနဲ့ ရတာမျိုး မရှိပါဘူး နန်းရယ်။ နှိုင်းမြင့်မိုရ်ကို နန်း လက်လွှတ်ဆုံးရှုံးနိုင်မလား. . . ပြော"

မျက်နှာလေး မဲ့ကျသွားပါ၏။ နာကျင်သွားစေပြီလား မရည်ရွယ်ရပါ။ ကိုယ်ချင်းစာလို့ နာရသူအချင်းချင်း ဖေးမလိုစိတ်နဲ့ ကြံမိကြံရာလုပ်တာကို နန်းလည်း နားလည်မှာပါလေ။

"သူက . . . သူက . . . နန်းကို လက်ထပ်ချင်တာမှ မဟုတ်တာ"

"ဒါဖြင့် နန်းကရော"

အဖြေပြန်မရဘဲ လက်ကိုင်ပဝါကို လုံးချေနေတာကိုသာ မြင်ရလေ၏။ ဟုတ်သားပဲ၊ ဣန္ဒြေရှင်ကို ဖြေရမှာ ခက်ခဲမယ့် မေးခွန်းမျိုးကို သူမေးမိရတယ်လို့။ ဒါပေမဲ့ မေးမှလည်းဖြစ်မှာ မို့ပါ နန်းရယ်၊ ဝေဒနာတူ လူမမာချင်း ရှိသမျှအားနဲ့ တွဲထူမခြင်းနဲ့ မိုတွယ်လိုက်ကြတာပေါ့နော်။

"နန်းကသာ. . . နန်းကသာ"

ရှိုက်သံသာ ထွက်လာပါ၏။ သူကိုယ်တိုင်လည်း မျက်ရည်ဝဲလာရတာမဟုတ်လား။ မိန်းမသားဖြစ်တဲ့နန်းရဲ့နှလုံးသား





ပိုပြီးနူနယ်နေမှာကို သိနေပါတယ်လေ။ ခုံတန်းမှာထိုင်နေသည့် နန်းအနီးသို့လျှောက်သွားလိုက်ပြီး အေးစက်စက်လက်ကလေးကို သူ့လက်အစုံဖြင့် ဆုပ်ကိုင်ကာ နွေးထွေးသွားစေပါ၏။

"မငိုပါနဲ့ နန်းရယ်၊ သူတို့အတွက်နဲ့ ကိုယ်တို့မျက်ရည်ကျရတာ မတန်ပါဘူး"

"ဒါပေမဲ့ အစ်ကိုရယ်"

"နန်းကို ကိုယ်နားလည်ပါတယ်။ ဘယ်သူမဆို ကိုယ်ချစ်တဲ့သူကိုပဲ တစ်သက်တာ လက်တွဲချင်ကြတာပါ"

"နန်းတို့က. . . နန်းတို့က မိဘချင်း သဘောတူကြသူတွေပါ"

"မှန်ပါတယ်၊ ကိုယ်နဲ့သွန်းလည်း မိဘတွေသဘောတူထားကြတာပဲလေ နန်းရဲ့။ နှစ်ကိုယ်တူလည်း စိတ်တူကိုယ်တူ မေတ္တာသက်ဝင်ခဲ့ပါလျက် အခုလို သစ္စာဖောက်ခံရတာ ဘယ်လောက်ခံရခက်သလဲ"

လက်မှာ အားပါသွားတာမို့ အတင်းကြီးညှစ်သလိုဖြစ်သွားပါ၏။ နန်းမျက်နှာလေး ခပ်မဲ့မဲ့ဖြစ်သွားတာကို သတိထားမိပြီး သူ့လက်ကိုရုတ်လိုက်မိပါသည်။ အပြစ်မဲ့လွန်းသည့် မိန်းမလေးကို သူ့ကြောင့် မနာကျင်စေလိုပါချေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့"

စကားကိုရပ်ပြီး သူ့ကိုမော့ကြည့်လိုက်တာမို့ နန်းနှင့် အကြည့်ချင်းဆုံသွားရပါ၏။ မျက်ရည်တို့ ခိုတွဲနေသည့်မျက်ဝန်းတို့နှင့်တွေ့ဆုံစဉ် ရင်ထဲမှစူးခနဲဖြစ်သွားတာကို သတိထားမိသည်။ ဒီလိုမျက်ဝန်း ဒီလိုအကြည့်တွေ။ ဟုတ်တယ်. . . ကမ္ဘာကို ခပ်စောစောကြီးရောက်လာတဲ့နေ့က သူ့ကိုကြည့်ခဲ့တဲ့သွန်းရဲ့မျက်လုံးလေးတွေလို အသက်ဝင်ပြီး ရွှန်းလဲ့နေတာပါလေ။

"အကယ်၍ နန်းတို့လုပ်တဲ့လုပ်ရပ်က သူတို့အတွက် မထိရောက်ဘဲ အရာမရောက်ခဲ့ရင် အစ်ကို ဘာဆက်လုပ်မှာလဲလို့ မေးမလို့ပါ"

ဟုတ်တာပေါ့။ စစ်တိုက်တယ်ဆိုတာ အသက်စွန့်ပြီး တိုက်ရတဲ့တိုက်ပွဲရှိသလို နောက်ပြန်ဆုတ်သင့်တဲ့တိုက်ပွဲမျိုးလည်း ရှိကြတာပါပဲ။ လှည့်ကြည့်တဲ့အခါ ဆုတ်လမ်းမျိုးထားသင့်ရင် ထားရမှာပေါ့။ ဒါမှ အသက်ရှင်ဖို့လမ်း ရှိနိုင်မှာလေ။

"ဒီတော့လည်း ကိုယ်တို့နှစ်ယောက် လက်ထပ်လိုက်ရုံပေါ့ နန်းရယ်"

"ရှင်! . . ."

♥ ♥ ♥



## အခန်း (၂၂)

ညနေစောင်းမို့ ကော်ဖီဆိုင်မှာ လူရှင်းနေပါ၏။ မျက်နှာချင်းဆိုင် ထိုင်နေပေမယ့် ဘာစကားမှမပြောဖြစ်တာ အချိန်အတော်ကြာနေလေပြီ။ အစ်ကိုမှာပေးသည့် Ice coffee က Waiter လေး လာချပေးသွားတာမို့ စားပွဲထက်ရှိနေပေမယ့် နှစ်ယောက်လုံး မကိုင်ဖြစ် မသောက်ဖြစ်ပေ။

"သွန်း"

"ဟင်. . . အစ်ကို"

"ပြောစရာရှိလို့ဆို"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အစ်ကိုပြောတဲ့စကားက ဝမ်းသာစရာဖြစ်ပေမယ့် သွန်းပြောမယ့်စကားက ဝမ်းနည်းစရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ပါ''

''ဝမ်းနည်းစရာ''

''ဟုတ်ကဲ့''

''ဘာစကားမို့လို့လဲ သွန်းရဲ့၊ ကိုယ်က ရာထူးတိုး အထိမ်းအမှတ်နဲ့ သွန်းကိုထမင်းကျွေးချင်လို့ ဖိတ်လိုက်တာ။ သွန်း မှာလည်း ပြောစရာရှိတယ်ဆိုတော့ အတော်ပဲမဟုတ်လား''

သက်ပြင်းကျိတ်ရှိုက်လိုက်မိပါ၏။ ဒီနေ့ OFF ရက် သွန်းအလုပ်နားရပေမယ့် ပပကတော့ အလုပ်ဆင်းရလေသည်။ မမက မင်္ဂလာဆောင်ဖိတ်စာ ပို့ပေးဖို့ပြောတာမို့ ပပတို့တစ်အိမ် နှင့် သူတို့အိမ်ကို တစ်စောင်စီပေးရန် နှစ်စောင်စီယူပြီး ထွက် လာခဲ့တာပါ။

ပပတို့အိမ်မှာ တအောင့်စကားပြောနေတုန်း Taxi တစ် စီးရောက်လာပြီး သူတို့ခြံထဲသို့ အမျိုးသမီးနှစ်ဦး ဝင်သွားတာ မြင်လိုက်ရတာပင်။ တစ်ဦးက မေမေတို့အရွယ်အမျိုးသမီးကြီး ကျန်တစ်ဦးက သွန်းတို့အရွယ်မိန်းကလေး။

ပပပြောတာ အမှန်တွေဖြစ်နေတာပဲကိုး။ သွန်းနဲ့ဝေး နေစဉ်ကာလမှာ သွန်းဘက်ကသာ မနည်းနှလုံးထူပြီး ကိုယ့်ကိုယ် ကို မတ်မတ်ရပ်ခဲ့ရတာပါ။ ရင်ထဲမှာ အလွမ်းတွေပြည့်နှက်နေ





ပြီး ဝေဒနာတွေ ဗလပွဖြစ်နေပေမယ့် အဲဒီအတိုင်းသာ လဲ့နေ ဖြစ်ရင် သွန်းဘဝကြီး ရေစုံခဲမျောရုံသာ ရှိတော့မှာလေ။

အလုပ်ရှိနေလို့သာပေါ့။ မိုးလင်းတာနဲ့ မျက်လုံးစုံဖွင့်ပြီး အလုပ်သွားရမယ်ဆိုတဲ့စိတ်နဲ့ အိပ်ရာက ထရပ်ရတာ၊ တစ်နေ ကုန် အလုပ်ထဲမှာ စိတ်နှစ်ပြီး ဘယ်ကိုမှ စိတ်မပျံ့အောင် မနည်း ကြီး ထိန်းမတ်ထားရတာ၊ ကိုယ့်ကိုယ်အသိ။ ပြန်ရောက်တဲ့အချိန် မှာဖြင့် သံပတ်လျော့သွားတဲ့အရုပ်၊ လေလျော့သွားတဲ့ပူဖောင်း လို ပျော့ခွေပြီး ညစာတောင်မစားဖြစ်ဘဲ အိပ်ရာထဲ တုံးခနဲလဲ ကျပြီး အိပ်ခဲ့ရတာပါ။

မျက်စိကြောင်တောင်နဲ့ မိုးစင်စင်လင်းခဲ့ရလို့ အိပ်ဆေး တွေဆိုတာ သွန်းအဖို့ ပဲလှော်လို အပျော်စားအပျော်သောက် မုန့်ဖြစ်ခဲ့ရတာပါ။ ဒီလိုမှအိပ်မပျော်ရင် ရူးသာကြီးသွားရဖို့ ပိုနီး တော့မှာမဟုတ်လား။ ရူးတာတော့ ရူးတာပေါ့လေ။ ဒီအတိုင်း နှလုံးသားဖျားနာပြီး နလံမထူတော့တဲ့ အချစ်ရူးထက်စာရင် သွက် သွက်ခါ ရူးသွားတာကမှ ပိုကောင်းဦးမှာပါ။

ဦးနှောက်ကလည်းကောင်း၊ မျက်စိကလည်း မြင်တုန်း မို့ ဒီလိုမြင်ကွင်းမျိုးကို မထင်မှတ်ဘဲ တိုက်တိုက်ဆိုင်ဆိုင်မြင် ခွင့်ရခဲ့တာပါ။ သွန်းမှာဖြင့် အံ့ဩလွန်း၍ ဒေါသထွက်ဖို့ပင်မေ့သိ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျဖို့လည်း မလွယ်ကူပါခဲ့။ ပပသာမြင်ရင် သွန်းကိုယ်စား ဒေါသူပုန်ထကြွတော့မှာ အမှန်ပါလေ။

"သွန်း"

ခေါ်သံကြောင့် ပစ္စက္ခအခြေအနေကို မေ့လျော့နေမှန်း သတိထားမိသွားရပါ၏။ လူက အစ်ကို့ရှေ့မှာ ထိုင်နေပေမယ့် စိတ်က မနက်ကနေ့ရာကို အပြေးရောက်နေရတာကိုး။ အစ်ကို့ကို အားနာစိတ်ဖြင့် ပြုံးပြမိသော်လည်း သွန်းအပြုံးက အသက်ဝင်မှာမဟုတ်မှန်း သိနေပါသည်။

"ဘာတွေဖြစ်နေလဲ၊ ကိုယ့်ကိုပွင့်ပွင့်လင်းလင်းပြောပါ သွန်းရဲ့။ ဒါမှ ကူညီတန်တာကို ကိုယ်ကူညီလို့ရမှာပေါ့"

"ဟိုလေ . . . သွန်းရဲ့ကိုယ်ရေးကိုယ်တာကိစ္စမို့ ပြောရခက်နေလို့ပါ"

"ဘာကိစ္စများလဲ"

ကော်ဖီကိုမော့သောက်လိုက်စဉ် ရေခဲက ပျော်နေပြီး ကော်ဖီအရသာက ပေါ့နေချေပြီ၊ သွန်းနဲ့သူ့ကိစ္စကလည်း ဒီကော်ဖီလိုပဲ ပေါ့ပျက်ပျက်နဲ့ ဇာတ်သိမ်းသွားရပြီပေါ့လေ။ ဪ . . . ကံကြမ္မာရဲ့လှည့်ကွက်ထဲမှာ သွန်းကိုယ်သွန်း သားကောင်ဖြစ်နေမှန်းမသိခဲ့တာ အမှန်ပါပဲ။





"သွန်းမှာ . . . သွန်းမှာ ချစ်သူရှိခဲ့ဖူးတယ်"

"အဲဒါ ကိုယ်သိတယ်လေ၊ သွန်းပဲ တစ်ခါပြောဖူးသေးတာ။ မိဘတွေကအစ သဘောတူထားတာဆို"

"ဟုတ်ပါတယ်"

"အဲဒီတော့"

"သူနဲ့သွန်း လမ်းခွဲလိုက်ပြီ"

"ဘယ်လို"

"ဟုတ်တယ် . . . ဒီနေ့ သွန်းတို့လမ်းခွဲတာ ခြောက်လတင်းတင်းပြည့်တဲ့နေ့ပဲ"

နှင်းမြင့်မိုရ် အံ့သြသွားရပါ၏။ ဘယ်လိုဖြစ်ရတာပါလိမ့်၊ ဒီလောက်ချောမောလှပပြီး သွက်လက်ထက်မြက်တဲ့ မိန်းကလေးမျိုးကို ဘယ်လိုလူက လွယ်လင့်တကူ လက်တွဲဖြုတ် ချန်ရစ်ခဲ့ပါသလဲ။ နှမချင်းစာနာစိတ်တောင် မရှိတော့ဘူးတဲ့လား။ သူလိုလူတောင်မှ မိဘတွေသဘောကျစီမံပေးတဲ့ ခင်နန်းထိုက်ကို မချစ်ပေမယ့် ငြင်းပယ်ချင်စရာအကြောင်းမရှိလို့ လက်ခံဖို့ ဆုံးဖြတ်ခဲ့တာလေ။

အခုတော့ သူနဲ့ခင်ခင်မင်မင်နေနေတဲ့သွန်းမှာ အပူတွေရှိနေပါရောလား။ ရင်ကွဲနာကျနေတာကိုတောင် ဘေးလူ မရိပ်



www.burmeseclassic.com

www.burmeseclassic.com



မိရလေအောင် ဖုံးဖုံးဖိဖိ ကျိတ်ခံစားနေရတာပါလား သွန်းရယ်။ အသည်းကွဲနေရတဲ့ကာလက ခြောက်လတောင်ရှိနေပြီတဲ့လား။

"ဘယ်လိုဖြစ်ရတာလဲ"

"အဲဒါကိုပဲ သွန်း ပြောချင်နေတာ"

"ပြောပြော... ကော်ဖီထပ်မှာပေးရမလား"

"နေပါစေတော့ အစ်ကိုရယ်"

"ကိုယ်က သွန်းဗိုက်ဝစေမယ့် ကြေးအိုးဖြစ်ဖြစ် တစ်ခုခုကျွေးချင်တာ"

မျက်ရည်ဝဲရပြန်ပါ၏။ ကြေးအိုးတဲ့၊ အဲဒီကြေးအိုးအစားကောင်းလို့ အစ်ကိုနဲ့သွန်းကို သူတွေ့ပြီး ပြဿနာအရှာခံခဲ့ရတာလေ။ ထားပါတော့... ဒါက အထင်လွဲစရာဖြစ်သင့်တာပါပဲ။ သို့သော် မိန်းကလေးတစ်ယောက်ရဲ့လက်ကို တင်းတင်းဆုပ် ကြင်နာပြတဲ့အဆင့်ထိတော့ မရောက်ပါဘူးလေ။ ဒီနေ့ ဒီအချိန်အထိ အစ်ကိုဟာ သွန်းကိုထိဖို့မဆိုလေနဲ့။ လက်ဖျားထိဖို့ဝေးစွ၊ စေ့စေ့တောင် မကြည့်တဲ့ယောက်ျားကောင်းတစ်ယောက်ပင်မဟုတ်ပါလား။

"တော်ပါပြီ အစ်ကိုရယ်"

"ဘာဖြစ်လို့လဲ သွန်းရဲ့"





"အဲဒီကြေးအိုးအသောက်ကောင်းခဲ့လိုပဲ သူနဲ့သွန်းတို့ ပြဿနာဖြစ်ခဲ့ရတာ"

"ဘာရယ်"

"အင်း... အဲဒါက ဒုတိယပေါ့လေ"

"နေပါဦး သွန်းရဲ့ ကြေးအိုးသောက်တာနဲ့ သွန်းတို့ နှစ်ယောက် ပြဿနာတက်တာ သိပ်မဆိုင်သလိုဘဲ"

ခပ်မဲ့မဲ့ပြုံးလိုက်မိ၏။ မဆိုင်ပေမယ့် ဆိုင်အောင်ဆွဲယူပြီး ပြဿနာရှာတတ်တဲ့လူက ရှိနေပါတယ်အစ်ကိုရယ်။ တကယ်တမ်း အပြစ်ရှိတာကတော့ သွန်းကိုယ်တိုင်ပင် မဟုတ်ပါလား။ သွန်းသာ နမော်နမဲ့နဲ့ Taxi ပေါ်မှာ သူဝယ်ပေးထားတဲ့ထီးကို မေ့မကျန်ခဲ့မိရင်၊ သွန်းသာ အစ်ကိုဝယ်ပေးတဲ့ဝတ်စုံကို မယူခဲ့မိရင်၊ သွန်းသာ အစ်ကိုနဲ့အတူ ကြေးအိုးမသောက်မိခဲ့ရင်၊ သွန်းသာ... သွန်းသာ အစ်ကိုနဲ့မခင်မိခဲ့ရင် သုတဆိုတဲ့ သွန်းရဲ့ချစ်သူနဲ့ အခုလို အစိမ်းသက်သက်ကြီးခွဲစရာအကြောင်းရှိမှာမဟုတ်လိုပါပဲ။

"သွန်းရဲ့ထီးကို AROMA မှာ အစ်ကိုလာပြန်ပေးတဲ့နေ့ကို မှတ်မိလား"

"မှတ်မိတာပေါ့၊ အဲဒီနေ့မှာပဲ သွန်းနဲ့ကိုယ် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခင်ခွင့်ရခဲ့တာပဲကို"

"အဲဒီနေ့မှာ သွန်းတို့ဆိုင်ရှေ့က Beauty Spa မှာ သူရှိနေခဲ့တယ်"

"ဟင်"

"အဲဒါကို သူမြင်ပြီး အစ်ကိုကိုပြုံးပြနှုတ်ဆက်တဲ့သွန်းကို အစ်ကိုနဲ့စပြီး အထင်လွဲခဲ့တာ"

"ဟာ! မဟုတ်တာ"

"နောက်တစ်ကြိမ်က ကြေးအိုးဆိုင်မှာ"

"ကျွစ်. . . သွန်းက အဲဒါကို မရှင်းပြဘူးလား။ သေချာပြောရင် သူနားလည်မှာပါ"

"မရှင်းပြဘဲ ရှိမလားအစ်ကိုရဲ့၊ ရှင်းပြပါတယ်။ ဒါပေမဲ့ သူ့စွပ်စွဲချက်တွေကို သွန်းဘယ်လိုမှဖြေရှင်းလို့မရခဲ့ဘူး။ ကုမ္ပဏီကနေ မောင်းထုတ်ခံရတဲ့အထိ သွန်း အရှက်သိက္ခာတွေ အကျခံခဲ့ရတာပါ"

"ကုမ္ပဏီ"

"ဟုတ်တယ်. . . အစ်ကို အခုလုပ်နေတဲ့ ဆန်းသစ်စကုမ္ပဏီက"

"ဆန်းသစ်စဆိုတော့ သွန်းချစ်သူက"





"မိုးသုတပါ"

"ဗုဒ္ဓေါ! မိုးသုတက သွန်းချစ်သူ. . . ဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို"

သူ နဖူးကို ဖျန်းခနဲရိုက်မိသည်အထိ အံ့သြမှုဖြစ်ရပါ၏။ ကုမ္ပဏီကိုလာတဲ့သွန်းကို မိုးသုတက မောင်းထုတ်သတဲ့။ အဲဒီနေ့က သူ ကုမ္ပဏီမှာ ဘာလို့မရှိတာလဲ။ ဘာလို့ သွန်းကို မမြင်ခဲ့ရတာပါလိမ့်။

သြော်. . . ဟုတ်ပြီ၊ နိုင်ငံခြားကုမ္ပဏီက လူကြီးတွေကို လေဆိပ်မှာ သွားကြိုခိုင်းတဲ့နေ့ ဖြစ်မယ်ထင်ပါရဲ့။ GM ကိုယ်တိုင် သူသွားကြိုပြီး Hotel ကိုပို့ပေးခဲ့ရတာလေ။

"ဒါဖြင့်. . . ဒါဖြင့် မိုးသုတက အစ်ကို့ကို ကုမ္ပဏီတစ်ခုတည်းမှာ လုပ်နေတဲ့လူမှန်း. . ."

"သူသိပါတယ်"

"အဲဒါဆို ကိုယ့်ကို သူ တိတိလင်းလင်း မေးမြန်းသင့်တာပေါ့"

"သူ့မှာ ဘာအကြံရှိနေသလဲမှမသိတာ အစ်ကိုရဲ့"

"ဘယ်လို"

သူအံ့သြပြီးရင်း အံ့သြနေမိပါ၏။ သူက မြို့စိစိနေတော့



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူမို့ ထားပါတော့။ စကားကို ဘွင်းဘွင်းရှင်းရှင်းပြောတတ်တဲ့ GM က သူ့ကိုဘာလို့များ အမေးအမြန်းမရှိဘဲ ရေငုံနှုတ်ပိတ်နေရတာပါလဲ။ အထင်လွဲတယ်ဆိုတာက ထားပါတော့လေ။ သူကိုယ်တိုင် သွန်းအပေါ် မြင်မြင်ချင်း စိတ်ဝင်စားမှုရှိခဲ့တာ အမှန်ပဲကိုး။

သို့သော် သွန်းမှာချစ်သူရှိသည်ဟု အတိအလင်းသိချိန်ကစ၊ သူ့ခြေလှမ်းတွေကို ရပ်တန့်ပစ်ခဲ့တာပါ။ နန်းနှင့်ယှဉ်ရင် သွန်းကို သူသဘောကျတာအမှန်ဖြစ်ပေမယ့် မိဘတွေကို အားခံပြီး ဆန့်ကျင်ကာ သူများချစ်သူနှစ်ဦးကို မကွဲကွဲအောင် ခွဲတာမျိုးကိုဖြင့် ဘုရားမကြိုက် နတ်မကြိုက် လူမနှစ်သက်တဲ့အလုပ်မှန်း သူအသိမဟုတ်ပါလား။

လူလိမ္မာသား ယဉ်ပါးဆိုသလို ရမ်းကားတဲ့အပြုအမူ လုပ်ဆောင်ချက်မျိုး သူမလုပ်ဝံ့ပါချေ။

"အဲဒီတော့ ကိုယ်က သွန်းတို့ကို ဘယ်လိုကူညီပေးရမှာလဲ။ ပြောပါ"

"အစကတော့ အခြေအနေသိပ်တင်းမာသလို ဖြစ်နေရင် သူသဘောပေါက်နားလည်အောင် အစ်ကို့ကို ရှင်းပြပေးစေချင်တာ"





"ရတယ်လေ၊ ဒါ အပန်းကြီးတာမှမဟုတ်ဘဲ သွန်းရဲ့ ဖြစ်ပါတယ်"

သွန်း ခေါင်းခါပြလိုက်မိပါ၏။ အခြေအနေက ထင်တာထက်ပိုပြီး မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားတာမဟုတ်လား။ သွန်းနဲ့တွေ့ရင် အမြဲရန်စကားပြောပြီး သူတစ်ခွန်းကိုယ်တစ်ခွန်းနဲ့ စကားများရန်ဖြစ်ခဲ့ရတဲ့အကြိမ်ပေါင်း မနည်းခဲ့။ ငယ်သူငယ်ချင်းမို့ ချစ်စကားမပြောချင်ရင်တောင်မှ ပခုံးခက် ကြင်နာပြရုံနဲ့ သွန်း တင်းတိမ်နိုင်ပါရဲ့။

"ဘာဖြစ်လို့လဲ"

"သူ့မှာ ချစ်သူရှိနေပြီ"

"ဟာ. . . မဟုတ်တာ"

"မဟုတ်ပါစေနဲ့လို့ သွန်းလည်း ဆုတောင်းနေတာပါပဲ အစ်ကိုရယ်။ ဒါပေမဲ့ ဆုတောင်းကတော့ ပြည့်မယ်မထင်ပါဘူး။ သူတို့က . . . သူတို့က . . ."

သွန်းအသံလေး အလိုလိုတိုးသိမ်သွားရစဉ် အစ်ကိုက သွန်းလက်ဖျားလေးကို အသာဆုပ်ကိုင်လျက် နှစ်သိမ့်ပေးလေ၏။ သူစိမ်းကမှ ကြင်နာသေးပါလားဟုတွေးမိစဉ် ဆိုင်မှန်တံခါးပြင်မှ ဝင်လာသည့်စုံတွဲတစ်တွဲကြောင့် မင်သက် အံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

ဘုရားရေ! သုတကတော့ သွန်းရှေ့မှာ မဏ္ဍာပ်တိုင် တက်ပြပါရောလား . . .

❤❤❤



## အခန်း (၂၃)

"နှောင့်ယှက်သလိုဖြစ်သွားရင် Sorry!..."

သွန်းတို့ဝိုင်းမှာပင် ခုံဆွဲထိုင်လိုက်မှ အစ်ကိုက သုတတို့နှစ်ဦးကို မြင်သွားပါ၏။ ကောင်မလေးမျက်နှာက ရက်ရွံ့အားနာမှုကြောင့် ပန်းသွေးရောင် သန်းနေပေမယ့် သူကဖြင့် ခပ်တင်းတင်း ခပ်မာမာမျက်နှာပေးနဲ့ပါလေ။

"ထိုင်လေ နန်းရဲ့၊ မိတ်ဆက်ပေးရဦးမယ်။ ဒါက ကိုယ့်ညီသူငယ်ချင်း သွန်းရွှေစင်တဲ့၊ ဒါကတော့ ယခုလက်ရှိ ကိုယ်တို့ကုမ္ပဏီက GM အသစ်ပေါ့၊ နှိုင်းမြင့်မိုရ်တဲ့"

"နန်း . . ."

အစ်ကိုနှုတ်မှ ခေါ်လိုက်သည့်အသံက တိုးပေမယ့် သွန်း

www.burmeseclassic.com



ကဖြင့် အနီးကပ်ထိုင်နေသူမို့ ပီပီသသကြီး ကြားလိုက်ရတာပါ။ မြတ်စွာဘုရား! ကယ်မတော်မူပါ။ သုတ ဘာတွေလျှောက်လုပ်နေပါသလဲ။

"သွန်းလည်းမှတ်ထားပါ၊ ဒါ ကိုယ်နဲ့လက်ထပ်မယ့် ချစ်သူလေ၊ ခင်နန်းသိုက်တဲ့"

စားပွဲထက် တင်ထားသည့် အစ်ကို့လက်တို့ တဆတ်ဆတ်တုန်လာတာ သူ့လက်ချင်းဆုပ်ကိုင်ထားရလေ၏။ ကြိုက်စရာရှားလို့ သူများနဲ့စေ့စပ်ထားတဲ့မိန်းကလေးကိုမှ ရွေးကြိုက်ရတယ်လို့။ ဘာသဘောနဲ့ လျှောက်လုပ်နေမှန်းမသိပေမယ့် ထိမထင်ဟန်ကိုက ဒင်းကိုဖြတ်ရိုက်ချင်စရာ ဖြစ်နေတာပါလေ။

"စကားပြောကြလေ၊ ဘာလဲ. . . ကိုယ်တို့ဝင်လာလို့ ပြောလက်စစကားကို ရပ်ထားရတာလား"

"မဟုတ်ပါဘူး"

"နန်းသဘောကရော"

"ရှင်"

"ရော်. . . နန်းကလည်း ကိုယ်မေးထားတာ မေ့နေပြီ ပါပြီ။ ဖိတ်စာလေ နန်းရဲ့၊ မင်္ဂလာဖိတ်စာကို ပန်းရောင်ရော ရွေးမလား၊ ဒါမှမဟုတ် ဒ. ဝါရောင်နဲ့ရိုက်မလားလို့လေ။





ရောင်ကြိုက်လဲ"

"အစ်ကို့သဘောပါ"

"ဘယ့်နှယ် အစ်ကို့သဘောလဲ၊ မဟုတ်တာနန်းရဲ့။ နန်းရဲ့အသားလေးနဲ့လိုက်အောင် အဝါရောင်လေးပဲ ရွေးတာပေါ့နော်။ ပြီးတော့ စေ့စပ်ပွဲနေ့မှာ ကိုယ်ရောနန်းပါ အဖြူပဲဝတ်ကြမယ်။ မင်္ဂလာပွဲကျမှ နန်းက အဝါရောင်လေးဝတ်၊ ကိုယ်က ရွှေဖလားရောင် ရွေးထားတယ်"

ကြည့်စမ်း! ဘယ်လောက်ဒေါသထွက်စရာကောင်းလိုက်ပါသလဲ။ ဒါ သက်သက် သွန်းနဲ့အစ်ကို့ကို လာစော်ကားနေတာ။ သူများသတို့သမီးကို ပိုင်စိုးပိုင်နင်းဆွဲခေါ်လာပြီး လူရှေ့ ငုတ်တုပ်ထိုင်နိုင်းကာ Plan ချပြီး ကောင်းကောင်းပြောနေတာလေ။

သွန်းသာ အစ်ကို့နေရာမှာဆိုရင် ဒင်းမျက်ခွက်ကို လက်သီးနဲ့ ထထိုးမိတော့မှာပါပဲ။ အစ်ကိုကတော့ သည်းခံတတ်သူမို့ ဒေါသကိုမျိုချပြီး ကြွေဆည်နေတာ သွန်းမျက်မြင်ပါလေ။ သွန်းကို ဒေါသမထွက်ထွက်အောင် လာဆွနေတာက ထားပါတော့။ အခုမဆိုင် အစ်ကို့ကိုပါ ဆွဲထည့်ပြီး နစ်နာအောင် လုပ်တာကတော့ သုတ အလွန်ပါလေ။

"မင်းတို့ရော ဘယ်တော့ Engage လုပ်ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုတ"

"သွန်း"

သွန်းအသံ ဆောင့်ထွက်သွားတာမို့ အစ်ကိုက တီးတိုး သတိပေးလိုက်လေ၏။ နင် အတော့်ကိုလွန်နေပြီ မိုးသုတ။ သည်း ခံတယ်ဆိုတာ သူ့အတိုင်းအတာနဲ့သူရှိမှန်း နင်မသိဘူးလား။ ဒါ တို့သိက္ခာကို ဒီလိုပေါ်တင်ကြီးချမယ်ဆိုရင်တော့ နင့်ကို ငါတစ် ခုခု လုပ်မိတော့မှာလေ။

"ဘာလဲ၊ ဒါလေးမေးတာ စိတ်ဆိုးစရာလား သွန်းရ"

"နင့်စိတ်နဲ့နှိုင်းပြီး မရိုင်းနဲ့ သုတ"

"ဘာ! ငါက ဘာများရိုင်းပြနေလို့လဲ။ ငါက နင့်လို ခြေပုန်းခုတ်ပြီး လက်သည်းဝှက်တတ်တဲ့ကြောင်လို မလုပ်ဘူး ပေါ်တင် ဘွင်းဘွင်းပဲကွ"

"နင်. . ."

"သွန်း. . . စိတ်ကိုထိန်းလေ"

"အစ်ကို အသာနေပါ၊ သွန်းကိစ္စ သွန်းရှင်းပါ့မယ်"

"ဟာဟ! ဘာကိုရှင်းမှာလဲ၊ ဒီလိုမျက်လုံးချင်းဆုံပြီး ရင် ခုန်သံချင်း ညှိနေတာကိုတောင်မှ မဟုတ်ဘူးလို့ ပြောင်များ ငြင်း ချင်လို့လား။ အကောင်လိုက်ကြီး မိနေတာတောင်မှ အရိပ်ဆိုပြီး





ရှောင်ရှားချင်ရတယ်လို့ သွန်းရွှေစင်ရာ"

သွန်း ဝုန်းခနဲထရပ်လိုက်စဉ် အစ်ကိုက သွန်းလက် မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ထားမြဲလိုက်လေ၏။ ဆိုင်ထဲ မှာ လူတွေရှိနေမှန်းသိပါလျက်နဲ့ သွန်းနဲ့အစ်ကို့ကို တိတိကျကျ ကြီး လာစွပ်စွဲရတယ်လို့။ နင် အတော့်ကို မုန်းစရာကောင်းနေ ပါလား မိုးသုတရယ်။

"ဒီလိုထွက်လာတာ အိမ်ကလူကြီးတွေ သိရဲ့လား နန်း"

"ဟုတ်. . . ဟုတ်ကဲ့"

"ဘယ်လိုပြောပြီး ထွက်လာခဲ့တာလဲ"

"အစ်ကိုလာခေါ်လို့"

"အဲဒါ မင်းနဲ့ဘာဆိုင်လို့ နန်းကိုမေးရတာလဲ။ မင်းသိ စရာမလိုဘူး"

သူ့အပြောကို နှိုင်းမြင့်မိုရ်က အသိအမှတ်မပြုသည့်နှယ် ပြုံးလေ၏။ ဖြစ်နိုင်ရင် ယောကျ်ားချင်း လက်သီးကျွေးရလည်း သူမမှုပါလေ။ အခုတော့ သူ့သွန်းရဲ့လက်ကို ပိုင်စိုးပိုင်နင်းနဲ့ ဆုပ် ကိုင်ထားတာ အဘယ်မျှ ဒေါသဖြစ်စရာကောင်းလိုက်ပါသလဲ။ ဟိုကောင်မလေးကလည်း ကိုယ့်ကို ဒီလိုရဲရဲတင်းတင်းကိုင်ထား တာ သိသိကြီးနဲ့ မရုန်းဘူးတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မကျေနပ်တာများ ရှိလို့လဲ မိုးသုတ"

"ဘာ!"

"ခင်ဗျား ဘာကိုရည်ရွယ်ပြီး ဒီလိုလုပ်သလဲဆိုတာကိုတော့ ကျွန်တော်နားမလည်တာ အမှန်ပဲ။ ဒါပေမဲ့ ဘာပဲလုပ်လုပ် စဉ်းစားချင့်ချိန်ပြီးမှ လုပ်စေချင်ပါတယ်"

"မင်း. . . ငါ့ကို ဆရာမလုပ်ပါနဲ့"

"ဆရာလုပ်တာမဟုတ်ပါဘူး မိုးသုတ၊ အလုပ်မှာ ရာထူးချခံရတာကို မကျေနပ်ရင် အန်ကယ်မိုးတို့ကို Meeting ပြန်ထိုင်ခိုင်းလိုက်ပါ။ ကျွန်တော်က ကျွန်တော့်နေရာမှာ ပြန်လုပ်ရရင်လည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်မယ့်ဝန်ထမ်းပါဗျာ"

"အခုကိစ္စနဲ့အလုပ်က ဘာမှမပတ်သက်ဘူးကွ"

သူ တရှူးရှူးဒေါသထွက်လာရပါ၏။ အမှန်က ဒင်းတို့နှစ်ယောက် ဒီမှာရှိမှန်းသိလို့ လာပြီးပြဿနာရှာမိတာက သူပါလေ။ အခုတော့ ကိုယ်ပစ်တဲ့မြား ကိုယ့်ဆီပြန်ဝဲလာသလိုအဖြစ်နဲ့ ကြုံရပါပကော။ နိုင်းမြင့်မိုရ် ပြန်ထိုင်ခိုင်းလိုက်တာမို့ သွန်းက သူတို့ကို မျက်နာခပ်လွှဲလွှဲအနေအထားမျိုးဖြင့် ပြန်ထိုင်လိုက်လေသည်။

"မပတ်သက်တာ ပိုကောင်းတာပေါ့ဗျာ။ အခု ခင်ဗျား





လုပ်ရပ်က ဘာမှအပြစ်မရှိတဲ့ မိန်းကလေးနှစ်ယောက်အတွက် ဂုဏ်သိက္ခာအရမ်းကို ထိခိုက်နေပြီ"

"ဘာ!"

အပြစ်မရှိဘူးတဲ့လား။ သူနဲ့ချစ်လက်စရှိနေပါလျက်နဲ့ နောက်တစ်ယောက်နဲ့ ကျိတ်ပုန်းခုတ်တဲ့မိန်းမမှာမှ အပြစ်မရှိရင် ဘယ်သူ့မှာရှိမှာတဲ့လဲ။ ယောကျ်ားတွေမျက်နှာများတာကမှ လောကကြီးမှာ ခွင့်လွှတ်တတ်ကြတာပါ။ မိန်းမဆိုတာ မိန်းမကောင်းမှန် တစ်ပွင့်ပန်ဆိုသလို တစ်မျက်နှာနဲ့ တစ်ယောက်တည်းကိုသာ ပြန်ချစ်သင့်တာလေ။

အခုတော့ သူမဟုတ်တဲ့ သူစိမ်းတစ်ယောက်က သွန်းကို ကာကွယ်ပေးနေလိုက်တာများ အမြင်ကပ်လိုက်တာနော်။ ဘားမှာ ဒင်းနဲ့စေ့စပ်ပေးမယ့်မိန်းကလေးကိုခေါ်လာတာ ဒင်းကစိတ်ထဲမှာ မရှိယမရှားဘဲ သွန်းကိုမှ ရှေ့မှာမားမားရပ်ပြီး အကာအကွယ်ပေးနေရတယ်လို့။

"ပြောစမ်းပါဦး. . . ဘာသိက္ခာများ ထိခိုက်နေလို့လဲ။ ယောကျ်ားနှစ်ယောက်ကို တစ်ပြိုင်တည်းတွဲတဲ့ သွန်းလိုမိန်းမနဲ့ မိန်းမနှစ်ယောက်ကို ဖက်ပြိုင်ထားတဲ့ မင်းလိုကောင်မှာ ဘာသိက္ခာများ ရှိနေလို့ ဆတ်ဆတ်ခါပြနေရတာလဲ နိုင်းမြင့်မိုရ်"



www.burmeseclassic.com

www.burmeseclassic.com



"သုတ! . . ."

"ခင်ဗျားအတော်လွန်နေပြီ မိုးသုတ"

"လွန်တော့ ဘာဖြစ်လဲ၊ ငါက ခံလိုက်ရတဲ့ကောင်ပါကွ။ ငါမှမခံပြင်းရင် ငါ့ကိုနွားကျတဲ့ကောင်လို့ပဲ လူတွေမြင်ကုန်ကြမှာပေါ့"

နိုင်းမြင့်မိုရ် ခေါင်းခါလိုက်မိလေ၏။ အချစ်ဆိုတာ ဒီလိုပဲ၊ အမြင်အာရုံကို အမှောင်ဖုံးတတ်ပါသလား။ မျက်ကန်းတစ်ယောက်လို ဘေးဘီဝဲယာရမ်းတတ်သည့် မိုးသုတရဲ့အကျင့်က အတော်စိတ်ပျက်စရာဖြစ်နေတာပါလေ၊ ဒါကြောင့်လည်း ကုမ္ပဏီမှာ မကြာခဏပြဿနာကြုံရပြီး အခုလို ရာထူးချခံရတာမဟုတ်ပါလား။

ကလေးဆန်တယ်ဆိုတာ လူငယ်တို့သဘာဝဖြစ်ပေမယ့် ကိုယ်ပတ်သက်ဆက်နွယ်နေတဲ့မိန်းကလေးကို ကာကွယ်ပေးဖို့ အသိစိတ်ကတော့ ရှိသင့်ပါတယ်လေ။ ခုတော့ သူ့ကို မနာလိုမရှုစိမ့်ဖြစ်နေတာနဲ့ ကိုယ်ချစ်တဲ့မိန်းကလေးကို အမနာပစကားတွေ ပြောနေတာ ယောကျ်ားမဟုတ်သလိုနယ်ပါ။ အထူးသဖြင့် ဘုမသိဘမသိနဲ့ အဆွယ်ကောင်းလို့ ပါလာတဲ့နှန်းမှာဖြင့် ဘာကိုမှ နားမလည်ဘဲ မျက်စိသူငယ်နားသူငယ်နဲ့ ငြိမ်ငြိမ်လေး ထိုင်





နေရတာကိုက သနားစရာကောင်းလွန်းနေပါ၏။

မိုးသုတတစ်ယောက်တော့ မှန်ယိုဆင်လို မည်းမည်းမြင်ရာ တိုက်ခိုက်နေပြီလေ။

"ခင်ဗျား မှားနေပြီ"

"မှားတယ် . . . ဘာမှားလို့လဲ၊ ပြောပါဦး"

"အမှားဆိုတာ ပြင်လို့ရတဲ့အမှားမျိုးရှိသလို တစ်သက်လုံးပြန်ပြင်လို့မရနိုင်တဲ့အမှားမျိုးလည်းရှိတယ် မိုးသုတ။ ခင်ဗျားကို ဒုတိယအမှားမျိုးမဖြစ်စေချင်လို့ စေတနာနဲ့ပြောရတာပါ"

"တလာဖတ်ပြနေပြန်ပါပြီ"

သူ မကျေမလည်ပြောလိုက်ပေမယ့် ရန်လိုဟန်ကတော့ အေးသွားသည့်နှယ်ပါ။ သွေးအေးတဲ့နေရာမှာကော နိုင်းမြင့်မိုရ်ကို သူမယှဉ်နိုင်ပြန်ဘူးလား။ ဘယ်လိုဖြစ်ရတာပါလဲ၊ ဒီကောင်နဲ့ယှဉ်လိုက်တိုင်း သူအမြဲတမ်း တစ်ပန်းရှုံးနေရတာတော့ မဖြစ်သင့်ပါလေ။

"နှန်းကရော မိဘတွေဆန္ဒကို ဆန့်ကျင်ဝံ့လို့လား"

"နှန်း . . . နှန်း"

"မင်း . . . နှန်းနဲ့စကားပြောစရာမလိုပါဘူး။ အတော်လောဘကြီးတဲ့ကောင်၊ ဘေးမှာ တစ်ယောက်လုံးရှိနေတာကောင်



www.burmeseclassic.com

www.burmeseclassic.com



မှ . . . တောက်! ''

''မိဘကိုမဆန့်ကျင်ရဲဘဲနဲ့ ထင်ရာတွေ လျှောက်မလုပ် လိုက်ပါနဲ့ နန်း။ ကိုယ်က နန်းအတွက် ပြောနေတာပါ''

''ဟော့ကောင်''

''သုတနော်. . . နင် မမိုက်ရိုင်းနဲ့''

''ရိုင်းတော့ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ၊ ပြောလေ''

သူက စားပွဲကိုလက်ထောက်ကာ ထရပ်လိုက်ပါ၏။ ရှူး ခနဲအသံထွက်လာသည့်သွန်းမျက်ဝန်းတို့က နေရောင်နှယ် ရှူး လွန်းနေလေသည်။ ငါ့ကို ဒီလိုအကြည့်စိမ်းမျိုးနဲ့ နင်ကြည့်တတ် နေပြီလား သွန်းရွှေစင်။

''အေး. . . နင့်လိုအရိုင်းအစိုင်းနဲ့ ခပ်စောစောလမ်းခွဲခဲ့ ရလို့ ကျေးဇူးတင်ပါတယ်။ နင့်မင်္ဂလာကိစ္စကို လျှာအရှည်သားခံပြီး လာပြောနေစရာမလိုပါဘူး။ ဒီရက်ပိုင်းအတွင်း နင့်ဆီကို ငါဖိတ် စာ အရောက်ပို့ပေးမယ် မိုးသုတ။ ဘာအရောင်လဲ သိချင်သေး လား။ ငါသိပ်ကြိုက်တဲ့ နှံ့သာဖြူနံ့လေးသင်းနေကဲ့ နှံ့သာရောင် လေးလေ။ သွားကြမယ် အစ်ကို. . . လာ''

နှိုင်းမြင့်မိုရ်လက်မောင်းကိုဆွဲတိပြီး ထွက်သွားသည့်သွန်း ကို သူ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကျန်ရစ်ခဲ့ရလေ၏။





ဖိတ်စာတဲ့. . . သူက နှုတ်ကသာပြောပြီး လက်တွေ့လုပ်ဖို့မှမရှိ တာလေ။ အခုတော့. . . အခုတော့ သူ့ရင်ဘတ်ကြီး ဟက်တက် ကွဲစေမယ့် နှံ့သာရောင်ဖိတ်စာကို လာပေးမယ်တဲ့။

ဩော်. . . သွန်းရယ် . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

တံခါး Bell သံကြောင့် ညည်ခန်းကိုထွက်ခဲ့၏။ မေမေက သူ့ရှေ့မှာ ကြိုရောက်နှင့်ပြီး အိမ်တံခါးကိုပင် ဖွင့်နေလေပြီ။

''သြော်. . . ဘယ်သူများလဲလို့။ သမီးပပကိုး''

''ဖိတ်စာလာပို့တာပါ အန်တီ''

''ဖိတ်စာ. . . ဟုတ်လား၊ ဘယ်သူ့ဖိတ်စာလဲ''

''သွန်းတို့ဖိတ်စာပါ''

''ဟင် ! ''

သူ ဝုန်းခနဲအပြေးရောက်သွားပြီး ပပလက်ထဲမှ ဖိတ်စာကို ဆတ်ခနဲဆွဲယူလိုက်မိ၏။ တကယ်ပဲ နှင်းသာဖြူနှံ့တွေ လှိုင်လှိုင်မွှေးနေသည့် နှင်းသာရောင်ဖိတ်စာလေး ဖြစ်နေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



သွန်းတော့. . . သွန်းတော့ သူ့ကို သွက်သွက်ခါ ရှုးစေပြီထင်ပါရဲ့။

"ကဲကွာ"

"ဗြို !"

"ဟဲ့ဟဲ့. . . ဘာလုပ်တာလဲ သားရဲ့"

"ဖြုလိုက်တာလေ မေရဲ့၊ ဖြုလိုက်တာ။ ဒင်းက ဒီတိုင်းနေရတာတောင် မတင်းတိမ်နိုင်ဘဲ ကျွန်တော့်ဆီ တမင်သက်သက် ပို့ပေးလိုက်တာလေ။ ဖြုလိုက်တော့ အေးရော"

"ဩော်. . . မှုပ်ါ့ သုတရယ်၊ နင် ဖိတ်စာဖြုလိုက်ရုံနဲ့ သူတို့မင်္ဂလာဆောင်က ပျက်သွားတာမှမဟုတ်တာ"

"အေးလေ"

"ဘာကွ!. . . တွေ့တာမှ ဘယ်လောက်မှမကြာသေးဘဲနဲ့ အဲဒီကောင်နဲ့ယူစရာလား။ ဘယ်လိုအကျင့်စရိုက်ရှိမှန်းလဲ မသိ၊ ဒင်းအကြောင်းကိုလည်း ဂဃနဏ မစုံစမ်းဘဲ လက်ထပ်ဖို့ သဘောတူလိုက်ရတယ်လို့။ အလကား. . . နှာခေါင်းမပါတဲ့ မိန်းမ။ တောက်! "

"နင်နော်၊ ငါ့သူငယ်ချင်းကို မှိုချိုးမှျစ်ချိုးမပြောနဲ့ဟဲ့"

ပြောတော့ ဘာဖြစ်လဲ၊ ဟုတ်တာပြောတာပဲဟာ"





"ဟယ်! ဒီကလေးနှစ်ယောက်တော့ ကိုက်ကြပြန်ပြီ။ ငါစိတ်ညစ်ပါရဲ့နော်"

သူ့လွှင့်ပစ်လိုက်သည့် ဖိတ်စာအပြဲအစတွေ တိုက်ရှေ့မှာ ပန်းကြဲသလို ပျံ့နှံ့ကုန်လေ၏။ မေမေက စိတ်ရှုပ်သလိုပြောနေပေမယ့် ပပနှင့်သူကတော့ ရန်သူတွေလို စစ်ဖြစ်နေတုန်းပါလေ။ ကာယကံရှင်တွေ မင်္ဂလာဆောင်တော့မှာတောင် သူနဲ့ပပက ရန်ဖြစ်နေရတုန်းတဲ့။ အဘယ်မျှတရားလိုက်ပါသလဲ။

"ကိစ္စမရှိဘူး အန်တီထက်၊ သမီး နောက်တစ်စောင် ထပ်ယူလာပေးမယ်"

"ယူမလာနဲ့၊ ငါမမြင်ချင်ဘူး။ မိပပနော်. . ."

"နင့်ကိုလာဖိတ်တာမှမဟုတ်တာ၊ အန်တီနဲ့ ဦးဦးကို ဖိတ်တာဟဲ့"

"မဖိတ်နဲ့၊ ငါရော မေနဲ့ဖေဖေရော အဲဒီမင်္ဂလာဆောင်ကို မလာဘူး။ တစ်ခါတည်း နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ချင်လို့လား"

"ဘာ! ဘာ! . . . နင်က သွန်းတို့ကိုသတ်ချင်နေတယ်ပေါ့လေ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သတ်ချင်နေတာကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခင်းတို့ပါမကဘူး. . . ကြားက ပွဲစားလုပ်ပေးတဲ့နင်ပါ ပါတယ်"

"အံမာ! ငါက ငြိမ်ခံနေမယ်များ ထင်နေလား။ သူတို့ ဘာသာသူတို့ မင်္ဂလာဆောင်ကြတာကို။ အဲဒါ နင့်ကြောင့်ဖြစ်ရတာ။ နင်အသုံးမကျလို့ နင့်ရည်းစား သူများနောက်ပါသွားရတာ ဟဲ့။ ကိုယ့်ကို ဒီလောက်တောင် ချစ်ပါလျက်နဲ့ တန်ဖိုးမထားတတ်တဲ့ကောင်၊ ခံရတာတောင် နည်းသေး"

"မိပ! . . ."

သူပိတ်အော်လိုက်တာမို့ ပပက မေမေ့နှင့်ကွယ်ရပ်လိုက်လေ၏။ ကြည့်စမ်း! သူငယ်ချင်းပီသပါပေ့။ မိပပလည်း သွန်းဘက်ကပင် ရပ်တည်ပေးတာမဟုတ်လား။ နောက်ဆုံးတော့ ဒီကောင်ပဲ လူဆိုးကြီးဖြစ်ပြီး နာမည်ပျက် အသည်းကွဲပြီး ကျန်ရစ်ခဲ့ရတာလေ။

ဒီလောက်ချစ်ပါလျက်နဲ့တဲ့၊ ချစ်တယ်ဆိုရင် ဘာလို့ ကျော့ကောင့်ကို ယူသလဲ၊ မိန်းမတွေကိုးကွယ်တာ အချစ်လား။ ရာထူး ဂုဏ်ပကာသနလား။ သူ ဉာဏ်လိုက်မမီတော့ပါလေ။ ချစ်တယ်ဆိုပြီး အပစ်ပယ်ခံရတဲ့လူအတွက် ဘာများကျန်ရစ်ခဲ့လို့လဲ သွန်းရွှေစင်။ မင်းရဲ့အပြုံးတွေက အမုန်းတွေအဖြစ် ပြောင်းလဲသွားတော့ မားထက်ထက် စူးရှတဲ့အကြည့်တွေအောက်မှာ ငါ့နှလုံး





သား အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရတာပါလေ။

"တောက်! ခင်းတို့ကို ငါ ရအောင်ကိုခွဲပြမယ်"

"ဟဲ့! သား။ ဘယ်လဲ"

"သွန်းတို့အိမ်"

"ဟဲ့! ဪ. . . ဒုက္ခပါပဲ။ ဒီကလေးကတော့"

ကားပင်မထုတ်တော့ဘဲ တစ်လမ်းကျော်ကို သူဒီတိုင်းပြေးလာခဲ့၏။ ခြေလှမ်းတွေက နှေးနေသလိုနှယ်ပါ။ ဟုတ်တယ်၊ နင် သူ့ကိုမယူရဘူး သွန်း။ နင့်ကို ငါပဲပိုင်ဆိုင်ရမယ်။ တစ်သက်လုံး နင့်ကို ငါအပိုင်ရစေရမယ်နော်။

ခြံဝရောက်စဉ် ခြံထဲမှာ လူတွေ တရုန်းရုန်း အလုပ်တွေရှုပ်နေကြတာပေါ့။ ရယ်သံတို့ ဝေစည်နေပြီး အလုပ်တွေ ရှုပ်ပြနေကြတာမို့ သူ အိမ်ထဲဝင်လာခဲ့သည်။ အိမ်ထဲမှထွက်လာသည့် အန်တီယဉ်ယဉ်က သူ့ကိုမြင်သွားပါ၏။

"ဪ. . . သားကိုး"

"သွန်းရော အန်တီ"

"သမီးငယ် အပေါ်ထပ် သတို့သမီးအခန်းမှာလေ။ ထိုင်သိမ်း ဝတ်ကျင့်နေလေရဲ့"

အန်တီယဉ်ယဉ့်စကားက သူ့ရင်ကို စစ်ခနဲ သံချွန်ပြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးလိုက်သလိုနေ့ယ်ပါ။ လေကားထစ်တွေကို အပြေးတက်ခဲ့ပြီး သွန်းအခန်းကိုတံခါးဖွင့်တော့ သော့ခတ်ထားလေ၏။ ဒါဆို ဘယ်အခန်းမှာပါလိမ့်။ လေကားဟိုဘက်ခန်းမှာ ရယ်သံခပ်အုပ်အုပ်ထွက်လာတာမို့ သူ ခြေထောက်ရွှေ့ကာ လျှောက်ခဲ့ပါ၏။

အခန်းတံခါးကိုမဖွင့်ရဲသေးဘဲ တောင့်တောင့်ကြီးရပ်နေမိသည်။ ဝင်သွားရမလား. . . တော်ကြာ ထိုင်မသိမ်းဝတ်စုံနဲ့ အလုကြီးလုနေသည့် သတို့သမီးလေးကို ဘာစကားမှမပြောနိုင်ဘဲ ကြက်သေသေသလိုဖြစ်သွားရင်ရော၊ ဘယ့်နှယ်လုပ်ရမှာလဲ။

မဖြစ်သေးပါဘူး. . . အခုကတည်းကမှ သူမဖျက်နိုင်ရင် သူ့အမြတ်တနိုးချစ်ရတဲ့ချစ်သူကို တစ်သက်တာအတွက် ဆုံးရှုံးသွားရမှာလေ။ နှင့်ကို ငါအဆုံးရှုံးမခံနိုင်ဘူး သွန်းရွှေစင်။

"သွန်း"

"ဟဲ့! ဟဲ့!. . . ဘယ့်နှယ်ဟာကြီးတုန်း။ အသံမပေးဘာမပေးနဲ့ ဝင်လာရသလား။ ငါ့နှယ်တော်. . . လန့်လိုက်တာ၊ ကလူကလူ"

မှန်တင်ခုံရှေ့ သတို့သမီးကို အလှပြင်ပေးနေသည့် ဇော်တီးရှင်မာမီ့အသံက ခပ်စူးစူးထွက်လာပါ၏။ သတို့သမီးကိုကြည့်





လိုက်ပေမယ့် မာမီကွယ်ထားတာမို့ သေချာမမြင်ရ။ ကိစ္စမရှိ။ သူပြောစရာရှိတာကိုတော့ ပြောရမှာပါလေ။

"ဒီမင်္ဂလာပွဲကို ငါလုံးဝသဘောမတူဘူး။ ဖျက်တယ်"

"ပလုတ်တုတ်! မြတ်စွာဘုရား! ကယ်တော်မူပါ၊ နင်နဲ့ဘာဆိုင်လို့တုန်း"

"ဆိုင်တာပေါ့။ သွန်းက ကျွန်တော့်ချစ်သူဗျ။ ကျွန်တော်တလွဲပြီး ဘယ်သူ့ကိုမှလက်ထပ်ခွင့်မပေးနိုင်ဘူး. . . ဒါပဲ"

"ဟင်! မဆိုင်ရာ ဂလိုင်ဝင်ခေါက်နေပြန်ပါပြီ။ လုပ်ပါဦး. . . ယွန်းရဲ့"

"ဟင်! . . ."

မာမီ့စကားကြောင့် ဆံထုံးထုံးထားသည့် သတို့သမီးခေါင်းမျက်နှာလေးက မာမီ့နောက်ကျောဘက်မှ ထွက်လာလေ၏။ ဘုရားရေ! သတို့သမီးက သွန်းရဲ့မမ ယွန်းရွှေရည်ဖြစ်နေပါရောလား။ သူတော့ မှားပြန်ပြီထင်ပါရဲ့။

"သုတ ဘာဖြစ်လာတာလဲ"

"ဟို. . . ဟို"

သူ ဂယောင်ခြောက်ခြားဖြစ်သွားရပါ၏။ သွားပါပြီ၊ သူတော့ အကြီးအကျယ်ကို မှားပြန်ပြီပဲ။ မမယွန်း မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာကို သိထားပါလျက်နဲ့ မေ့မေ့လျော့လျော့ဖြစ်ပြီး ကမူး ရှူးထိုးနဲ့ အပြေးရောက်ချလာမိတာလေ၊

"မေမေက ပတ္တမြားထက် စိန်နဲ့ပိုလိုက်တယ်ဆိုလို့ စိန် ပဲယူလာတယ် မမ"

ရတနာဘူးကိုကိုင်ပြီး ရောက်လာသည့်သွန်းပုံစံက အေး အေးဆေးဆေးပါပဲ၊ အိမ်နေရင်း T-shirt အဖြူ Quater Jeans လေးနှင့် သွန်းကို သူလှည့်ကြည့်လိုက်မိပါသည်။ သွန်းလေး မျက်နှာ ချောင်ကျသွားသလိုပါပဲလား။

"အတော်ပဲ. . . ညည်းပစ္စည်း ညည်းကောက်သိမ်းပြီး ကြည့်ရှင်း အငယ်မရေ့။ ငါတို့ကိုလာနှောင့်ယှက်နေတယ်"

"ဘာပစ္စည်းလဲ မာမီချမ်းရဲ့"

"အဲဒီမှာလေ. . . အရှုပ်ထုပ်"

"ဟင်! ဘာမှမဆိုင်ဘူး၊ သူနဲ့သွန်းက အရှင်းကြီး"

"မရှင်းပါဘူး၊ မရှင်းလို့လိုက်လာတာ"

"ဒီမှာ ငါ့အစ်မ မင်္ဂလာဆောင်ကိစ္စနဲ့ အလုပ်ရှုပ်နေကြ တာ မမြင်ဘူးလား။ နင့်မှာ အလိုက်သိစိတ် နည်းနည်းကလေး တောင်မှ မရှိဘူးလား သုတ"

"ပပက နင့်မင်္ဂလာဆောင်ဆိုပြီး ဖိတ်စာလာပို့တာကိုး"





"အဲဒါဘာဖြစ်လဲ၊ နင်တောင်မှ ငါ့ဆီပို့ပေးချင်နေတာ မဟုတ်လား"

"သွန်းနော်. . . မဟုတ်တာ မပြောနဲ့"

"ဟယ်! နင်တို့ကိစ္စ ခုထိမရှင်းသေးဘူးလား အငယ်မ ရယ်"

မမဟန့်လိုက်တာမို့ သူရောသွန်းပါ ငြိမ်သွားရပါသည်။ အပြင်မှာ သူဒင်ကိုယ်ဒင်ပြောတာ ကိစ္စမရှိ၊ မမလို ဆရာမရှေ့ မှာ ပြောရင်တော့ ကလေးတွေတပည့်တွေလို နားပူအောင် အဆူ ခံထိတော့မှာအမှန်လေ။

"မေးရင် ဖြေလေ"

"သူနဲ့သွန်း ပြတ်ပြီ"

"ဘာကိုပြတ်တာလဲ"

"အာ. . . ပြတ်ပါပြီဆိုမှ ရှင်းပြရဦးမှာလား မမရဲ့"

"သုတကရော ပြတ်နိုင်လို့လား"

"မပြတ်နိုင်ဘူး"

"ကဲ! အဲဒါဆိုလည်း ပြဿနာကို ကျေလည်အောင် ရှင်းပြကြပေါ့။ ဘယ့်နှယ်"

"ရှင်းပြလည်း ဒင်းက နားလည်မှာမှမဟုတ်တာ။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနဲ့ယူဖို့တောင်မှ စိစဉ်နေပြီဟာကို"

"ဘာတခြားမိန်းမလဲ. . . နင်ကမှ တခြားကောင်နဲ့ယူဖို့ ရှယ်နေတာ"

"ဟယ်! မကြီးမငယ်နဲ့ ရန်ကဖြစ်ပြန်ပြီ၊ အလကား. . . ပြတ်နိုင်ကြတာလည်းမဟုတ်၊ အိမ်ကဟာလေးကလည်း တမှိုင်မှိုင်တတွေတွေနဲ့ မြင်ရတာ စိတ်မချမ်းသာဘူး။ မေမေတို့က လူကြီးတွေမို့ နင်တို့ကိစ္စကို ဝင်မရှုပ်တာ"

သူ့ရောသွန်းပါ မျက်နှာစူပုပ်သွားတော့ မာမီက အမြင်ကပ်စဖွယ် နှုတ်ခမ်းထော်ကာ မေးဆတ်ပြလေ၏။ အခုမှ မူကြိုကျောင်းသားလေးတွေလို မတ်တပ်ကလေးရပ်ပြီး ဆရာမရှေ့မှာ အဆူခံနေရတာလေ။

"အဲဒီကောင်လေး ဘယ်သူ. . ."

"နှိုင်းမြင့်မိုရ်"

"အေး. . . အဲဒီနှိုင်းမြင့်မိုရ်နဲ့ သွန်းက ရိုးရိုးသားသားခင်ကြတာကို သုတက အထင်လွဲတာဆို။ ပပလည်းသိနေတာတောင် ဝိုင်းမရှင်းပြဘူးလား"

"အဲ. . ."

"မြန်မြန်ကျေအေးကြတော့စမ်း"





"မကျေပါဘူး။ လူကို သစ္စာမဲ့သလေးဘာလေးနဲ့ သိက္ခာတစ်ပြားသားမှမကျန်အောင် စော်ကားမော်ကားပြောထားတာ။ တစ်သက်မကျေဘူး"

"အံမာ! နင်ကမှ"

"ကဲ. . . နင်တို့နှစ်ယောက်က ခုထိမငြိမ်းအေးကြသေးဘူး။ နှိုင်းမြင့်မိုရ်တို့နှစ်ယောက်ကဖြင့် ရှေ့လထဲ စေ့စပ်ပွဲလုပ်ကြတော့မယ်"

"ဗျာ!"

"အလကား. . . အချိန်ကုန်လူပင်ပန်း။ ပြတ်နိုင်ကြတာလည်းမဟုတ်။ တကယ်ပါပဲ"

"အဲဒါ အချစ်စမ်းကြတာ ယွန်းရဲ့"

"မာမီမသိပါဘူး. . . ဒင်းတို့နှစ်ယောက်အကြောင်းကို"

"ပြတ်ပါပြီဆိုနေမှ၊ သူပေးထားတဲ့ ပစ္စည်းတွေတောင် ကလစ်ကအစ ဘာတစ်ခုမှမကျန်အောင် ပြန်ပေးပြီးနေပြီ"

"ဒါဆို ငါ့နှလုံးသားကိုရော"

"ဘာ! ?"

"နင်ယူထားတာလေ"

"သုတနော်. . . နင်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူက သွန်းလက်ကလေးကို ဆွဲကိုင်လိုက်စဉ် သွန်းက ရှုန်းလိုက်သလို သူ့ရင်ဘတ်ကိုပါ ဘုန်းခနဲထုလိုက်လေ၏။ အသံ ခပ်ကျယ်ကျယ်ထွက်သွားတာမို့ မာမီ့ထံမှ အိညောင့်ညောင့်သံ ထွက်လာပြန်လေသည်။

"ဖြည်းဖြည်းလုပ်ပါဟယ်၊ ချစ်တာကလည်း ကြမ်းလိုက်တာ"

"မာမိနော်. . . မဟုတ်တာတွေ"

"ဟုတ်တာပြောတာပေါ့၊ ဟုတ်တာကိုပဲ ပြောနေတာ၊ နော်. . . ယွန်းရယ်"

"ဟုတ်ပါ့ မာမိရယ်"

လှေကားမှ တဒုန်းဒုန်းအသံကြားလိုက်ရပြီး အခန်းဝမှာ ပပ လာရပ်လေ၏။ သူ့နောက်ကနေ အပြေးလိုက်လာတာ ပဲထင်ပါရဲ့။

"သွန်း. . . သွန်း"

"ဟင်. . . ဘာလဲ"

"နင် လက်နက်ချလိုက်ပြီလား၊ မချနဲ့နော် . . . အဲဒီကောင်ကို အလျှော့ပေးလို့မဖြစ်ဘူး"

"အမယ်လေးဟယ်! သူများသမီးရည်းစားစုံတွဲ OK





နိုပြည် Peace သွားတာကို တို့မီးရှူးမီးလာလုပ်နေပြန်ပါပြီ၊ ဓာတ်ဆီမ"

"မာမိချမ်းနော်"

ပပ မကျေမနပ်ဖြင့် မာမီ့ကိုပြန်အော်နေစဉ် ရယ်သံတွေ ထွက်လာပါ၏။ မိန်းကလေးတွေက အရေးဆို တကယ်ပဲ စည်းလုံးကြတာအမှန်ပဲကိုး။

သူက သွန်းပခုံးလေးကို အသာတွေးဖက်လိုက်စဉ် သွန်းထံမှ မျက်စောင်းလှလှလေးတစ်ခု လက်ဆောင်ပြန်ရလေ၏။

နောက်ဆို ဘယ်သူမှမမြင်နိုင်တဲ့လက်ဆောင်တွေအများကြီးကို သွန်းကိုပဲပေးတော့မယ်နော်။ ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက် ....

မမဥက္ကာမောင်
1st Nov: 2013
PM <1:507

နောက်လထွက်မည့်စာအုပ်

ပိုးခိုင်ဦးလေး ပေးစေချင်

BURMESE CLASSIC .com

ယခုလထွက်မည့်စာအုပ်များ
(ဒီဇင်ဘာ ၂၀၁၃)

မမသဒ္ဒါမောင်
သိမ်မွေ့နူးညံ့ နက်နဲသော

ကြယ်သီးစင်မှူးဝေ
ကြယ်ကလေးရဲ့ မေမေ

မယ်ခိုင်
ဘဝပျောက် ရှာပုံတော်

မိုးစက်ပွင့်
သစ္စာကိုသာ မွမ်းမံခြယ်၍
(၂၅-အုပ်မြောက် အမှတ်တရ)

အလင်းသစ်
ထနောင်းရိပ်

www.burmeseclassic.com